# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရားထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ စနေနေ့ | အတွဲ (၅၆)၊ အမှတ်(၀၇၁)


# ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ဘုရားစေတီများ ပြုပြင်ရာတွင် နိုင်ငံတကာ၊ ယူနက်စကိုမှ ပညာရှင်များ၏ အကြံပြုချက်များကိုရယူပြီး အလေးထားဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၉**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းက ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရားများ၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ရှေးမူမပျက် ပြန်လည်ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပျက်စီးခဲ့သည့် ရှေးဟောင်းပစ္စည်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ စနစ်တကျမှတ်တမ်းရယူ သိမ်းဆည်းထားမှု၊ ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် ဝန်ထမ်းများ ပူးပေါင်း၍ ရှေးမူမပျက် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပျက်စီးထိခိုက်မှုများ ဆက်လက်မဖြစ်ပေါ်အောင် ယာယီပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ထိခိုက်ပျက်စီးမှု မရှိသည့် ဘုရားပုထိုး၊ စေတီများသို့ ဘုရားဖူးဧည့်သည်များ ဝင်ရောက်ဖူးမြော်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားမှုနှင့် အရေးပေါ်ဆောင်ရွက်ရမည့်လုပ်ငန်းများ ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ ဒုတိယသမ္မတက ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ခြေရာလက်ရာမပျက် စနစ်တကျမှတ်တမ်းရယူထိန်းသိမ်းရန်၊ ပြန်လည်ပြုပြင်ရာတွင်လည်း နိုင်ငံတကာပညာရှင်များ၊ ယူနက်စကိုမှ ပညာရှင်များ၏ အကြံပြုချက်များကို ရယူပြီး အလေးထားဆောင်ရွက်ရန်၊

*စာမျက်နှာ ၃ ကော်လံ ၄* ✻



ဒုတိယသမ္မတ ဦးမြင့်ဆွေ စူဠာမဏိဘုရား ရှေးမူမပျက် ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**

စာ - ၆

-----------

**၂၀၁၆ မှ ၂၀၁၈ ခုနှစ် အတွင်း အထူးကုဆရာဝန် နှစ်ထောင်ကျော် ရှိလာမည့်အပြင် ပါရဂူ ၃၀၀ ကျော် ရှိလာမည်ဖြစ်**

ပြည်သူ့လွှတ်တော် စာ - ၇

-----------

**အုတ်တွင်းမြို့နယ်၌ ယခုနှစ်တွင် ကျောက်ချောလမ်း နှစ်မိုင် နှစ်ဖာလုံ၊ ကွန်ကရစ်တံတားတစ်စင်း နှင့် သစ်သားတံတား နှစ်စင်းတို့ လျာထား**

အမျိုးသားလွှတ်တော် စာ - ၇

# ငွေကြေးဖောင်းပွမှုနဲ့ ငွေကြေးကျုံ့မှုကြားမှာ နှစ်ခုစလုံးကတော့ ရှိသင့်ရှိထိုက်တဲ့ အတိုင်းအတာအတွင်း မရှိရင် မကောင်းဘူးလို့ ပြောရပါလိမ့်မယ်

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး)**

ယနေ့ မိမိတို့နိုင်ငံ၌ ငွေကြေးဖောင်းပွမှုနှင့် ပတ်သက်သည်များ၊ ငွေကြေးဖောင်းပွမှုကို မည်ကဲ့သို့ထိန်းချုပ်ရမည်၊ ငွေကြေးဖောင်းပွမှုနှုန်းနှင့်အတူ နိုင်ငံခြားငွေ တိုးတက်မြင့်မားလာမှုများ၊ ငွေကြေးဖောင်းပွမှုနှုန်းကို တွက်ချက်မှု စသည်တို့နှင့်ပတ်သက်၍ သိရှိနိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်ဝါဝါမောင်တို့၏ ဆွေးနွေးမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**ကိုမင်း၊ ခင်စုစုလှိုင်၊ အေးအေးမြင့်**

ဦးမောင်မောင်ဝင်း
ဒုတိယဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

မေး ။ အခုတလော နိုင်ငံအတွင်းမှာ အခြေခံစားသောက်ကုန်တွေအပါအဝင် ကုန်ဈေးနှုန်းတွေ တဖြည်းဖြည်းတက်နေတာတွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ငွေကြေးဖောင်းပွမှုဖြစ်နေတယ်ဆိုတာ လူတိုင်းပြောနေကြတဲ့အတွက် ငွေကြေးဖောင်းပွမှုအဓိပ္ပာယ်နဲ့ လက်ရှိငွေကြေးဖောင်းပွမှုအခြေအနေကို ရှင်းပြပေးပါ။

ဖြေ ။ ငွေကြေးဖောင်းပွမှု (Inflation) ရဲ့ အဓိပ္ပာယ်ကို စီးပွားရေးပညာရပ်မှာ ဖွင့်ဆိုထားတာက အထွေထွေအရပ်ရပ်သော ကုန်ဈေးနှုန်းတွေဟာ အချိန်ကာလအတိုင်းအတာတစ်ခုအထိ မြင့်တက်နေတယ်။ ဒါကို ငွေကြေးဖောင်းပွမှုလို့ ခေါ်တယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဒီဟာနဲ့အတူ ဆက်စပ်ပြီး ဘာပါလာသလဲဆိုတော့ ငွေရဲ့တန်ဖိုးဟာလည်း တစ်ဖက်က ကျဆင်းလာတယ်။ သဘောကတော့ နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုရင်လည်း မြန်မာငွေတစ်ကျပ်ရဲ့လဲလှယ်နှုန်းဟာ နိုင်ငံခြားငွေနဲ့ လဲလှယ်တဲ့အခါမှာ တန်ဖိုးဟာ ကျဆင်းသွားပါတယ်။ အဲဒါကလည်း ငွေကြေးဖောင်းပွမှုနဲ့ ဆက်စပ်ပြီးတော့ ဖြစ်ပေါ်လာတာပါ။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❄







မြန်မာ့အလင်း

# တောင်သူလယ်သမားတို့၏ အမြင်ရှုထောင့်

တောင်သူလယ်သမားအရေးနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်က မှတ်တမ်းတင် စောင့်ကြည့်ရန် ဆုံးဖြတ်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးရာ၌ ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက်ချေးပေးသောပုံစံပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းခဲ့ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ တိုက်တွန်းခဲ့ရခြင်း၏ အခြေခံအကြောင်းရင်းသည် လက်ရှိစိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးသောစနစ်တွင် ဘဏ်လုပ်ငန်းဆိုင်ရာစာရွက်စာတမ်းများ ပြုလုပ်ရာ၌ ကျေးရွာချေးငွေစိစစ်ရေးအဖွဲ့၏ တောင်သူကိုယ်စားလှယ်၊ ဘဏ်ကိုယ်စားလှယ်များက ဆောင်ရွက်ပေးနေရသောကြောင့် တောင်သူလယ်သမားများအနေဖြင့် အပိုစရိတ်ကုန်ကျနေခြင်းကို သက်သာစေရန်ဖြစ်ပါသည်။

အထက်၌ ရည်ညွှန်းတင်ပြခဲ့သည့် အဆိုနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြန်လည်ရှင်းလင်းတင်ပြရာ၌ တောင်သူလယ်သမား ဦးရေ ၁ ဒသမ ၈၅ သန်းအတွက် ချေးငွေပမာဏ ကျပ် ၁၇၀၀ ဘီလီယံခန့် ထုတ်ချေးနိုင်ရေး စီစဉ်ဆောင်ရွက်ရာတွင်ကျေးရွာအရောက်ထုတ်ချေးနိုင်ရေးကိုစီစဉ်ရပါက ငွေများ သယ်ယူပို့ဆောင်ရေးနှင့် လုံခြုံရေးအပါအဝင် အသေးစိတ်စီစဉ်ဆောင်ရွက်ရမည့် ကိစ္စရပ်များစွာရှိသည်ကို ထောက်ပြခဲ့ပါသည်။ ဤရပ်တည်ချက်နှစ်ရပ်ကိုသုံးသပ်ပါက အခြေခံအကြောင်းရင်းကိုယ်စီရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ လျစ်လျူရှုခဲ့သော လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ရှုထောင့်ပေါင်းစုံမှလေ့လာသုံးသပ်ရန်လိုအပ်သည်ကို ဤဖြစ်ရပ်က သက်သေပြနေပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ ရှုထောင့်ပေါင်းစုံမှ သုံးသပ်ဆောင်ရွက်မည်ဆိုပါက တောင်သူလယ်သမားတို့၏ ရှုထောင့်အမြင်တို့ကို မလွဲမသွေထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ လွတ်လပ်ရေးအကြိုကာလ၌ ဖဆပလအဖွဲ့ချုပ်က ချမှတ်ခဲ့သော လယ်ယာစိုက်ပျိုးရေးမူဝါဒများကိုကြည့်ပါက ဆန်စပါးဝယ်ယူရေးဘုတ်အဖွဲ့တွင် တောင်သူလယ်သမားများကို ထည့်သွင်းဖွဲ့စည်းပေးရန်ဟူသော အချက်ပါဝင်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ပစ္စုပ္ပန်ကာလလယ်ယာစိုက်ပျိုးရေးမူဝါဒများချမှတ်ရာတွင် အဆိုပါသဘောတရားကို အလေးအနက်သုံးသပ်သင့်သည်ဟု ယူဆပါသည်။ ဥပမာအားဖြင့်တင်ပြရပါက မိုးစပါးပေါ်သည့်အောက်တိုဘာလဝန်းကျင်တွင် စပါးတင်း ၁၀၀ ကို ငွေကျပ်သုံးသိန်းခွဲဝန်းကျင်သာရှိပါသည်။ ဤဈေးနှုန်းသည် တောင်သူလယ်သမားများအတွက် အရှုံးပေါ်သော ဈေးနှုန်းဖြစ်ပါသည်။ သို့သော် အရင်းအနှီးအင်အားနည်းပါးကြသော တောင်သူလယ်သမားများသည် လက်ငင်းလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် ရရာဈေးနှုန်းဖြင့်သာရောင်းချခဲ့ရပါသည်။ ယခုအခါ စပါးတင်း ၁၀၀ ကို ငွေကျပ်ငါးသိန်းဝန်းကျင် ရောက်လာပြီဖြစ်သော်လည်း တောင်သူလယ်သမားအများစုသည် လက်ထဲ၌ ရောင်းချရန်စပါးမရှိတော့ပြီဖြစ်၍ ဤအကျိုးအမြတ်ကို ခံစားနိုင်ခြင်းမရှိပါ။ ဤဖြစ်ရပ်ကို သုံးသပ်ကြည့်ပါက တောင်သူလယ်သမားများထိုက်သင့်သောအကျိုးအမြတ်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ရာတွင် တောင်သူလယ်သမားတို့၏ အမြင်ရှုထောင့်တို့ကို မလွဲမသွေထည့်သွင်းစဉ်းစားသင့်သည်မှာ ပေါ်လွင်ထင်ရှားပါသည်။ ချုပ်၍တင်ပြရပါက လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် တောင်သူလယ်သမားတို့၏ အမြင်သဘောထားတို့ပါဝင်ရေးကို သုံးသပ်ပေးပါရန် လေးစားစွာ အကြံပြုတင်ပြအပ်ပါသည်။ ။

# စင်ကာပူနိုင်ငံတွင် ဒုတိယအကြိမ်မြောက် ပူးတွဲကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံတွင် ဒီဇင်ဘာ ၇ ရက်မှ ၈ ရက်အထိကျင်းပသည့် စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ ဒုတိယအကြိမ်မြောက် ပူးတွဲကော်မတီအစည်းအဝေးသို့ တက်ရောက်သည်။ **(ယာပုံ)**



အဆိုပါခရီးစဉ်အတွင်း ပြည်ထောင်စုရှေ့နေချုပ်သည် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍများနှင့် သက်ဆိုင်သည့် ပြည်သူများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ပေးသည့် စင်တာ၊ ဥပဒေအထောက်အကူပြုရေး စင်တာများ၊ ဥပဒေပညာရှင် အဖွဲ့အစည်းတို့အပြင် စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းပေးသည့် စင်ကာပူအပြည်ပြည်ဆိုင်ရာ စီးပွားရေးတရားရုံးနှင့် စင်ကာပူအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးတို့သို့ သွားရောက်လေ့လာခဲ့သည်။

ဆက်လက်၍ စင်ကာပူနိုင်ငံ ရှေ့နေချုပ် H.E. Mr. V K Rajah S.C နှင့် တွေ့ဆုံ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စင်ကာပူနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ဥပဒေရေးရာလုပ်ငန်းနယ်ပယ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ပြည်ထောင်စုရှေ့နေချုပ်နှင့် စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာန Senior Minister of State ဖြစ်သူ H.E. Ms. Indranee Rajah တို့သည် ဒုတိယအကြိမ်မြောက်ပူးတွဲကော်မတီအစည်းအဝေးကို ပြုလုပ်ခဲ့ပြီး ဥပဒေအရာရှိများအတွက် တရားစွဲနှင့် အမှုလိုက်လုပ်ငန်း၊ စီးပွားရေးစာချုပ်စာတမ်း၊ ဥပဒေရေးဆွဲရေး၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးမှုများ၊ စေ့စပ်ညှိနှိုင်းသူများ (Mediator) စသည်တို့အတွက် သင်တန်းများပို့ချပေးနိုင်ရေး၊ စင်ကာပူနိုင်ငံတွင် မဟာဥပဒေဘွဲ့သင်တန်းများ တက်ရောက်သင်ကြားနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထင်သာမြင်သာ ပြုပြင်စရာ

# မိုင်လွန် - ငပိုးကြီးလမ်း သွားလာရေးအဆင်ပြေစေရန် ဒေသခံပြည်သူများလိုလား

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုမြို့ မိုင်လွန်ကျေးရွာအုပ်စု မိုင်လွန် - ငပိုးကြီးလမ်းမှာ လမ်းအရှည် ၁၀ မိုင်ကျော်ရှိပြီး လက်ရှိဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ထားသော သုံးပေအကျယ်လမ်းကို ဆိုင်ကယ်ဖြင့် သွားလာအသုံးပြုနေရကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။



မိုင်လွန် - ငပိုးကြီးလမ်းသည် ကျေးရွာပေါင်း ၁၀ ရွာကျော်မှ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့အတွက် အသုံးပြုနေရသည်။

ထို့အပြင် ဒေသထွက်သီးနှံများ အချိန်မီ လိပ်သိုမြို့ပေါ်သို့ ပို့ဆောင်ရောင်းဝယ်ပြီး အဓိက အသုံးပြုသွားလာနေရသောကြောင့် လမ်းမှာ မိုးရာသီတွင် သွားလာရ လွန်စွာခက်ခဲခြင်း၊ မိုးကုန်သွားချိန်တွင်လည်း ချိုင့်ခွက်များ ကျန်နေခြင်းကြောင့် ဒေသခံ ပြည်သူများက ယင်းလမ်းကို အဆင်ပြေစွာသွားလာနိုင်ရေး သက်ဆိုင်ရာမှ ပြုပြင်ပေးစေလိုကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စလင်း၌ လမ်းလျှောက်ပွဲ ကျင်းပ

**စလင်း ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ မြို့နယ်အားကစားနှင့် ကာယကော်မတီကကြီးမှူးပြီး ပထမပတ်လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလပထမပတ်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ စတင်စုဝေးကြပြီး စလင်း-မင်းဘူးကားလမ်းအတိုင်း ကူတိုကျေးရွာသို့ လမ်းလျှောက်ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲတွင် ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ ပါဝင်ကြပြီး အပြန်တွင် မြို့နယ်ဘောလုံးကွင်း၌ စုပေါင်းကိုယ်ကာယ လေ့ကျင့်ခန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**စစ်ကြည် (စလင်း)**

# ငှက်ဖျားရောဂါပိုး စစ်ဆေးပေးခြင်းနှင့် အသိပညာပေး

**ကလိန်အောင် ဒီဇင်ဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ နမ်းကဲ့ကျေးရွာရှိ ဒေသခံများအား ရေဖြူမြို့နယ် မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဒီဇင်ဘာ ၈ ရက်က ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ငှက်ဖျားရောဂါသွေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်း ဆောင်ရွက်ခဲ့ရာ မြို့နယ်ဆရာဝန်အသင်းမှ ဒေါက်တာခင်ချိုမြင့်က ငှက်ဖျားရောဂါလက္ခဏာများဖြစ်ပေါ်လာပုံနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသောဒေသခံပြည်သူ ၃၀ နှင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများကို ငှက်ဖျားပိုး စစ်ဆေးပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးကုသခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၉-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၄၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၄၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၉၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၇၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၉ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၃ · ၂၂ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၀၃၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ · ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂ · ၅၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




# (၆၃)နှစ်မြောက် ဆဋ္ဌသင်္ဂါယနာတင်အထိမ်းအမှတ် သံဃာတော် ၁၅၀၃ ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူပွဲနှင့် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်မြို့ဗဟန်းမြို့နယ် သွေးဆေးကန်ကျောင်းတိုက် ဓမ္မဝံသကျောင်းသစ် အပြည်ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာ ပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ အမှူးပြုသော လင်ဂျူးတောင် ဗုဒ္ဓသာသနာပြုအဖွဲ့က (၆၃)နှစ်မြောက် ဆဋ္ဌသင်္ဂါယနာတင် အထိမ်းအမှတ်အဖြစ် သံဃာတော် ၁၅၀၃ ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူပွဲနှင့် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားတော်မူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးနှင့် လင်ဂျူးတောင် ဗုဒ္ဓသာသနာပြုအဖွဲ့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လင်ဂျူးတောင် ဗုဒ္ဓသာသနာပြုအဖွဲ့က ဆဋ္ဌသင်္ဂါယနာ မော်ကွန်းပြတိုက်ပြုပြင်မွမ်းမံရန် ငွေကျပ် သိန်း ၂၀၀ နှင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အနုမောဒနာ ရေစက်ချတရားဟောကြား ချီးမြှင့်တော်မူပြီး ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင် လင်ဂျူးတောင် ဗုဒ္ဓသာသနာပြုအဖွဲ့တို့က ဆရာတော် သံဃာတော် ၁၅၀၃ ပါးတို့အား ဆွမ်းဆန်တော်များနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

**(သတင်းစဉ်)**

# မောင်တောဒေသရှိ တိုင်းရင်းသားများအား ကူညီထောက်ပံ့ရေး ဂီတဖျော်ဖြေပွဲပြုလုပ်မည်

**စစ်တွေ ဒီဇင်ဘာ ၉**

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့မှုကြောင့် မောင်တောဒေသခံ တိုင်းရင်းသားများအား ကူညီထောက်ပံ့နိုင်ရေး ဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၆ နာရီတွင် စစ်တွေမြို့ရှုခင်းသာလမ်း အာရီယန်စားသောက်ဆိုင် မြက်ခင်းပြင်ပေါ်၌ ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဖျော်ဖြေပွဲ၌ ရခိုင်အဆိုတော် ဝင်းကိုခိုင်၊ ဒိုးအ်ရီ၊ ရီလှိုင်းပြာ၊ စောနှင်းနွယ်၊ ဝတီစိုးမိုး၊ ငြိမ်းစန္ဒာနှင့် ဖြိုးပြည့်စုံ၊ ဂေးဂေး၊ ထွန်းအိန္ဒြာဗိုလ်တို့က သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့နောက် MUS 2015,MUM 2015-16 2nd Runner & Miss Famous ချိုချိုထွန်း၊ MUS 2016 ခိုင်သန္တာလင်းနှင့် MUS 2016 ပြိုင်ပွဲဝင်များက ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဖျော်ဖြေပွဲမှရရှိသော ရန်ပုံငွေများကို မောင်တောဒေသခံတိုင်းရင်းသားများကို ကူညီထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ဂီတဖျော်ဖြေရေးအဖွဲ့ထံမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းကြေညာ

**ကြေညာချက်**

**ရက်စွဲ။ ၂၀၁၆-ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်။**

၂၀၁၇ -ခုနှစ်၊ မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအရ ကျင်းပမည်ဖြစ်ပါသည်-

**၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာရပ်များ |
|---|---|---|
| (၁) | (၂) | (၃) |
| ၈-၃-၂၀၁၇<br>ဗုဒ္ဓဟူးနေ့ | နံနက် (၉)နာရီမှ<br>(၁၂)နာရီအထိ။ | မြန်မာစာ |
| ၉-၃-၂၀၁၇<br>ကြာသပတေးနေ့ | နံနက် (၉) နာရီမှ<br>(၁၂) နာရီအထိ။ | အင်္ဂလိပ်စာ |
| ၁၀-၃-၂၀၁၇<br>သောကြာနေ့ | နံနက် (၉) နာရီမှ<br>(၁၂) နာရီအထိ။ | သင်္ချာ |
| ၁၁-၃-၂၀၁၇<br>စနေနေ့ | နံနက် (၉) နာရီမှ<br>(၁၂) နာရီအထိ။ | စိတ်ကြိုက်မြန်မာစာ |
| ၁၃-၃-၂၀၁၇<br>တနင်္လာနေ့ | နံနက် (၉) နာရီမှ<br>(၁၂) နာရီအထိ။ | ဓာတုဗေဒ |
| ၁၄-၃-၂၀၁၇<br>အင်္ဂါနေ့ | နံနက် (၉) နာရီမှ<br>(၁၂) နာရီအထိ။ | ရူပဗေဒ |
| ၁၅-၃-၂၀၁၇<br>ဗုဒ္ဓဟူးနေ့ | နံနက် (၉) နာရီမှ<br>(၁၂) နာရီအထိ။ | ဇီဝဗေဒ<br>ဘောဂဗေဒ |
| ၁၆-၃-၂၀၁၇<br>ကြာသပတေးနေ့ | နံနက် (၉) နာရီမှ<br>(၁၂) နာရီအထိ။ | ပထဝီဝင် |
| ၁၇-၃-၂၀၁၇<br>သောကြာနေ့ | နံနက် (၉) နာရီမှ<br>(၁၂) နာရီအထိ။ | သမိုင်း |

*** ရွှေဖုံးမှ**

ယခုလို ပြုပြင်ဆောင်ရွက်မှုများနှင့်အတူ ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်နိုင်အောင် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်း သတ်မှတ်ချက်များအတိုင်း စနစ်တကျပြုပြင်ရန်၊ သတ်မှတ်အချိန် ကာလအတိုင်း ဆောင်ရွက်ရမည့် လုပ်ငန်းများပြီးမြောက်အောင် ဆောင်ရွက်ရန်၊ အသုံးစရိတ်များကို စနစ်တကျ စာရင်းဇယားပြုစု၍ ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ထားရန်တို့အပြင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ငလျင်ဒဏ်ခံနိုင်ရေးကိုပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ငလျင်ဒဏ်သင့်၍ ပျက်စီးခဲ့သော အလိုတော်ပြည့် စူဠာမဏိဘုရား၊ အာနန္ဒာဘုရား၊သဗ္ဗညုဘုရား၊ မဟာဂူကြီးဘုရား၊ မင်္ဂလာစေတီနှင့် လောကနန္ဒာဘုရားသို့ သွားရောက်ဖူးမြော်ပြီး ယာယီအမိုးအကာပြုလုပ်ခြင်း၊ ယာယီငြမ်းဆင်၍ ငြမ်းဖြင့်ညှပ်ထိန်းခြင်း၊ အက်ကြောင်းများ ဖာထေးခြင်း၊ အတွင်း/အပြင်မှ ယာယီထောက်ဖြင့်ထိန်းခြင်း၊ ယာယီခါးပတ်ပတ်ထိန်းခြင်း၊ အလေးဝန်လျော့စေရန် ပျက်စီးအစိတ်အပိုင်းများ ရှင်းလင်းခြင်း၊ ယာယီရေပိတ်လွှာပြုလုပ်ခြင်း၊ နံရံပန်းချီများကို အရေးပေါ်ကြံ့ခိုင်အောင်ထိန်းသိမ်းခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ရှေးမူမပျက် ဆက်လက်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသသည် နှစ်ပေါင်း ၁၀၀၀ ကျော် ရှည်ကြာပြီဖြစ်ပြီး မြန်မာတစ်မျိုးသားလုံး ဂုဏ်ယူမြတ်နိုးတန်ဖိုးထားရသည့် ဒေသဖြစ်သည်သာမက ကမ္ဘာတစ်ဝန်းကပါ စိတ်ဝင်တစားလာရောက်ကြည့်ရှုရသည့် နေရာဒေသတစ်ခုဖြစ်သည်။

အဆိုပါ ဒေသသည် ရှေးဟောင်းအဆောက်အအုံပေါင်းများစွာ တစ်စုတစ်ဝေးတည်ရှိသည့် နေရာတစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက် ညနေပိုင်းက လှုပ်ခတ်ခဲ့သည့် ရစ်ချ်စတာစကေး အင်အား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်ဒဏ် ကြောင့် စေတီပုထိုးပေါင်း ၃၈၉ ဆူခန့် ထိခိုက်ပျက်စီးခဲ့ရသည်။

**(သတင်းစဉ်)**

# တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်၌ မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အအေးပိုနေမည်။

(မိုး/ဇလ)

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများမှ စာအုပ်စာစောင်များ ပေးအပ်ကြရေးပြင်ဆင်ချက်ကို အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၈၀/၂၀၁၆)ဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ယခင်က ပုံနှိပ်သူ၊ ထုတ်ဝေသူများအနေဖြင့် မိမိတို့ထုတ်ဝေသော စာအုပ်စာစောင်လေးအုပ် သို့မဟုတ် လေးစောင်နှင့် Electronic Document တို့အား ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်လျက်ရှိရာ အထက်ပါ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအရ Electronic Document ကို ပေးအပ်ရန် မလိုအပ်တော့ဘဲ ပုံနှိပ်သူ၊ ထုတ်ဝေသူ လုပ်ငန်းရှင်များအနေဖြင့် မိမိထုတ်ဝေသော စာအုပ်စာစောင် ခြောက်အုပ် သို့မဟုတ် ခြောက်စောင်ကိုသာ ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပြီး တိုးမြှင့်တောင်းခံသည့်နှစ်အုပ် သို့မဟုတ် နှစ်စောင်မှာ အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီအတွက်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်သူ၊ ထုတ်ဝေသူလုပ်ငန်းရှင်များအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများအရ မိမိထုတ်ဝေသော ထုတ်ဝေစာများကို နည်းဥပဒေပါ သတ်မှတ်ရက်အတွင်း ပြန်ကြားရေးဝန်ကြီးဌာနသို့ မပျက်မကွက် လာရောက်ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ငြိမ်းချမ်းရေးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများဆွေးနွေး

**ရမ်းဗြဲ ဒီဇင်ဘာ ၉**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်၌ ပြည်သူ့ဘဝ ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်ရေးကို မျှော်လင့်လျက် ငြိမ်းချမ်းရေးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက ရမ်းဗြဲမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဓမ္မနိမိတာရုံ ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် လူမှုရေးအဖွဲ့အစည်းများ အကျိုးဆောင် ဦးစိုးနိုင်ထွန်း၊ ဦးအောင်နိုင်စိုးနှင့် ဒေါ်စောသီရိရည်မွန်တို့က ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး လူမှုရေးအဖွဲ့အစည်းများနှင့် တက်ရောက်လာကြသူများက (၁)နိုင်ငံရေး (၂)စီးပွားရေး (၃) လုံခြုံရေး (၄)လူမှုရေး(၅)မြေယာနှင့် သယံဇာတဆိုင်ရာများကို ပြည်နယ်လွှတ်တော်နှင့် အစိုးရအဖွဲ့အစည်းသို့ တင်ပြနိုင်ရေးကို ဦးတည်လျက် အဖွဲ့ငါးဖွဲ့ခွဲကာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ မြို့နယ်အဆင့် လူမှုရေးအဖွဲ့ကော်မတီများဖွဲ့စည်း၍ ရှေ့ဆက်လူမှုရေးဆိုင်ရာသင်တန်းများသို့ စေလွှတ်တက်ရောက်ခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲသို့ ရမ်းဗြဲမြို့နယ်အတွင်းမှ ကျောက်နီမော်တိုက်နယ်၊ ကျောက်ချောင်းတိုက်နယ်၊ လေးတောင်တိုက်နယ်နှင့် ရမ်းပေါက်တိုက်နယ် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန် /ဆက်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ လက်ရှိအချိန်အထိ တိုင်ကြားစာပေါင်း ၄၉၅ စောင်ကျော်ကိုစိစစ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ယနေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက် အမှတ် ( ၁၅ / ၂၀၁၆)ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

ယင်းထုတ်ပြန်ချက်တွင် ၂၀၁၆ ခုနှစ်အတွင်း ကော်မရှင်သည် ဒေသတွင်း လူ့အခွင့်အရေး အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ ၂၀၁၆ ခုနှစ်အတွက် အလှည့်ကျဉက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ဖိုရမ်၏ လုပ်ငန်းအဖွဲ့အစည်းအဝေး နှစ်ကြိမ်၊ ဖိုရမ်အထူးအစည်းအဝေးနှစ်ကြိမ်နှင့် ဖိုရမ်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတစ်ကြိမ်ကို အောင်အောင်မြင်မြင် တာဝန်ယူကျင်းပနိုင်ခဲ့ကြောင်း။

ဖိုရမ်နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် သက်ကြီးရွယ်များအခွင့်အရေးနှင့် စပ်လျဉ်းသည့် ဖိုရမ်၏ ထုတ်ပြန်ချက်တစ်ရပ်ကိုလည်း ထုတ်ပြန်ခဲ့ကြောင်း၊ ကော်မရှင်သည် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်အပြင် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့် အာရှ-ပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်၊ ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီးတို့နှင့်လည်း လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ကော်မရှင်သည် အခြားသော လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော OHCHR နှင့် LWF တို့နှင့်ပူးပေါင်း၍ "လူနည်းစုများအခွင့်အရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ" တစ်ကြိမ်နှင့် "ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ" တစ်ကြိမ်တို့ကိုလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း။

ကော်မရှင်သည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုရန်အတွက် အစိုးရအား အကြံပြုတိုက်တွန်းခဲ့ကြောင်း၊ ထို့ပြင် အာဆီယံအဖွဲ့အစည်းမှ ပြဋ္ဌာန်းခဲ့သည့်လူ့အခွင့်အရေးကွန်ဗင်းရှင်းတစ်ရပ်ဖြစ်သော ASEAN Convention Against Trafficking in Persons, Especially Women and Children ကိုကော်မရှင်အနေဖြင့် သေချာစွာလေ့လာပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၂၀၁၆ ခုနှစ်အတွက် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်အစည်းအဝေးတွင် ဖိုရမ်အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးခဲ့ကာ မြန်မာနိုင်ငံအနေဖြင့် ယင်းကွန်ဗင်းရှင်းကို ပါဝင်ချုပ်ဆိုရန် အစိုးရအားအကြံပြုတိုက်တွန်းခဲ့ကြောင်း။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးကာကွယ်ရေးလုပ်ငန်းအဖြစ် တိုင်တန်းချက်များကို ကိုင်တွယ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ လက်ရှိအချိန်အထိ လက်ခံရရှိသော တိုင်ကြားစာပေါင်း ၄၉၅ စောင်ကျော်ကိုစိစစ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ တိုင်ကြားစာအချို့နှင့်ပတ်သက်၍လည်း လိုအပ်သကဲ့သို့ ကွင်းဆင်းစစ်ဆေးမှုများလည်း ပြုလုပ်ခဲ့ကြောင်း၊ ကော်မရှင်သည် ၂၀၁၆ ခုနှစ်အတွင်း အကျဉ်းထောင်များနှင့် ရဲအချုပ်ခန်းများ၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ကျောက်ထုတ်လုပ်ရေးစခန်း၊ စိုက်ပျိုးမွေးမြူရေးစခန်းများကို စစ်ဆေးခဲ့ပြီး ကော်မရှင်၏ အကြံပြုချက်များနှင့်အတူ ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ကော်မရှင်၏ တိုင်တန်းချက်များ ကိုင်တွယ်ဆောင်ရွက်ရန်အတွက် ဆွီဒင်နိုင်ငံအခြေစိုက် Raoul Wallenberg Institute for Human Rights and Humanitarian Law (RWI) နှင့် ပူးပေါင်း၍ Computerized Complaint Handling System တစ်ရပ်ထူထောင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ကော်မရှင်သည် ၂၀၁၆ ခုနှစ်အတွင်း၌ ရန်ကုန်၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်၊ ရှမ်း၊ ကယားနှင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၂၀ တွင် အောက်ခြေအဆင့် လူ့အခွင့်အရေး အသိပညာပေးဟောပြောပွဲများ၊ မြို့နယ်အသီးသီးရှိ အစိုးရဝန်ထမ်းများအတွက် လူ့အခွင့်အရေး အသိပညာပေးအလုပ်ရုံသင်တန်းများကို ကျင်းပခဲ့ကြောင်း၊ ထို့ပြင် ကော်မရှင်သည် ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ခုနစ်ကြိမ်နှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ စစ်ဦးစီးတက္ကသိုလ်နှင့် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်းများရှိ တပ်မတော်အရာရှိ သင်တန်းများတွင် လူ့အခွင့်အရေး ဘာသာရပ်များကို သွားရောက်ပို့ချခဲ့ကြောင်း၊ ကော်မရှင်သည် ၂၀၁၆ ခုနှစ်အတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တို့၌ နိုင်ငံ့ဝန်ထမ်းများအတွက် ဖွင့်လှစ်သော အရာရှိသင်တန်းများတွင်လည်းလူ့အခွင့်အရေးဘာသာရပ်များပို့ချခဲ့ကြောင်း၊ ကော်မရှင်သည် Raoul Wallenberg Institute (RWI) နှင့် ပူးပေါင်း၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ အကျဉ်းထောင်များမှ အကျဉ်းဦးစီးဌာနဝန်ထမ်းများအတွက် လူ့အခွင့်အရေး အသိပညာပေး အလုပ်ရုံသင်တန်းများ ပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရှင်းလင်းပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် **Centre for Humantarian Dialogue (HD Centre)** မှ အမှုဆောင်ညွှန်ကြားရေးမှူး **Mr. David Harland** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်

**နေပြည်တော် ဒီဇင်ဘာ ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ အခြေစိုက် American Jewish Committee' Asia Pacific Institute(API)မှ ဒါရိုက်တာ Mrs. Shira Loewenberg ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု၊ အစ္စရေးနိုင်ငံ၏ သမိုင်းကြောင်းနှင့် ဂျူးလူမျိုးတို့၏ ရှင်သန်ရပ်တည်မှု၊ အစ္စရေးနိုင်ငံ၏ ရှင်သန်ရပ်တည်မှုနှင့် ကမ္ဘာအနှံ့ရှိ ဂျူးလူမျိုးများ၏ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဉာဏ်စွမ်းရှိသရွေ့ဆောင်ရွက်မှုများကို လက်ခံကြောင်း ပြောကြားခဲ့သည်။

မွန်းလွဲ ၂ နာရီခွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် Centre for Humantarian Dialogue (HD Centre) မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. David Harland ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ရှေးဦးစွာ Mr. David Harland က မိမိတို့အဖွဲ့အနေဖြင့် ဆီးရီးယား၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံများ၏ ပဋိပက္ခဖြေရှင်းမှုများတွင် ပါဝင်ဆွေးနွေးလုပ်ဆောင်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ အခြေခံအချက်များအပေါ်မူတည်လျက် ထာဝရငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၉**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ အခြေခံအချက်များအပေါ်မူတည်လျက် ထာဝရငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မုံးကိုးတိုက်ပွဲဖြစ်စဉ်နှင့် လောက်ကိုင်တိုက်ပွဲဖြစ်စဉ်များအပေါ် လက်နက်ကိုင်အဖွဲ့၏ ရည်ရွယ်ချက်နှင့် တပ်မတော်မှ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်အနီး လက်နက်ကိုင်များ၏ အရပ်သားအသွင် ဝင်/ထွက်သွားလာမှုထိန်းချုပ်နိုင်ရေးအပေါ် ထိန်းချုပ်နိုင်မည့် အခြေအနေများအပြင် စစ်ရေးမဟုတ်သည့် အရပ်သား ပစ်မှတ်များအပေါ် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

# Youtube တွင် လွှင့်တင်သော မဟုတ်မမှန် ဗီဒီယိုများနှင့်ပတ်သက်၍ Google Inc. သို့ ဆက်သွယ်ဆောင်ရွက်သွားမည်

◆ *ကျောဖုံးမှ*

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံသားများ တွေ့ဆုံပွဲတွင် မြန်မာဘာသာစကားဖြင့် အပြန်အလှန် ပြောကြားခဲ့ခြင်းဖြစ်သော်လည်း ထိုသတင်းတွင် ကိုးကားထားသည့် ဗီဒီယိုဖိုင်မှာ Haikal Mansor အမည်ရှိ google account က Youtube တွင် တင်ထားသည့် အင်္ဂလိပ်ဘာသာဖြင့် မဟုတ်မမှန် စာတန်းများ ရေးထိုးထားသည့် ဗီဒီယိုဖြစ်ကြောင်း၊ ခိုင်လုံမှုမရှိသော သတင်းအရင်းအမြစ်တစ်ခု၊ မြန်မာနိုင်ငံအပေါ် အစဉ်အမြဲ မဟုတ်မမှန် တိုက်ခိုက်လျက်ရှိသော ဝါဒဖြန့်ချိရေး Account တစ်ခုသာ ဖြစ်ကြောင်း၊ အဆိုပါ Account မှ Youtube တွင် လွှင့်တင်သော မဟုတ်မမှန် ဗီဒီယိုများနှင့်ပတ်သက်၍ Google Inc. သို့ ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တာဝန်သိ မြန်မာနိုင်ငံသားများနှင့် တာဝန်သိသတင်းထောက်များက The Independent သတင်းစာ၏ Online စာမျက်နှာတွင် အဆိုပါ သတင်းမှားနှင့် ပတ်သက်၍ ဝေဖန်ထောက်ပြမှုများ ပြုလုပ်ခဲ့သော်လည်း The Independent သတင်းစာအနေဖြင့် တာဝန်သိ မီဒီယာပီသစွာဖြင့် ပြင်ဆင်ဖော်ပြခဲ့ခြင်းမရှိခဲ့ကြောင်း၊ Theindependent.sg သည် စင်ကာပူနိုင်ငံရှိ သတင်းများနှင့် နောက်ဆုံးအခြေအနေများကို လွတ်လပ်စွာရေးသားဖော်ပြနေသည့် မီဒီယာတစ်ခုဖြစ်ကြောင်း ဖော်ပြထားပြီး ထုတ်ဝေသူ၊ အယ်ဒီတာမှာ Kumaran Pilla ဆိုသူဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူရောက် မြန်မာအသိုက်အဝန်းနှင့် တွေ့ဆုံခြင်းတွင် အမှန်တကယ်ပြောကြားခဲ့သည့် အမေးအဖြေ**

**(၁-၁၂-၂၀၁၆)**

မေး ၊ ကျွန်တော်တို့အားလုံး အစိုးရသစ်ရင်ဆိုင်နေရတဲ့ အခက်အခဲတွေ၊ အဲ့ထဲကမှ လုပ်ကြံဖန်တီးထားသော အခက်အခဲတွေကို မြင်တွေ့နေရပါတယ်၊ ကျွန်တော်တို့အားလုံး အမေ ဦးဆောင်တဲ့ အစိုးရနောက်မှာ ထောက်ခံမှုအပြည့်နဲ့ ရှိပါတယ်၊ ဒါကြောင့်ကျွန်တော်မေးချင်တာက ဘေးဆိုင်းတွေတီးပြီး ဒုက္ခပေးနေတဲ့ သူတွေရဲ့ လုပ်ရပ်အပေါ် အမေဘယ်လိုမြင်ပါသလဲ၊ အောင်မြင်နိုင်ပါ့မလား၊ သားတို့ဘာတွေ ပြင်ဆင်ထားရပါမလဲတဲ့၊ အမေ့ကို ချစ်လို့ ကျွန်တော်တို့ပြည်သူတွေ စိတ်မပူအောင် အမေ့လက်ရှိ ရပ်တည်ချက်နဲ့ ခံယူချက်သဘောထားကို သားတို့သိချင်ပါတယ် အမေတဲ့၊ အမေ့ကို ချစ်တဲ့ အသက် ၈ နှစ်၊ ၁၉၉၆ ခုနှစ်ကတည်းက ထောက်ခံခဲ့တဲ့ ဖမ့် သားကောင်းတဲ့၊

ဖြေ၊ ၊ ကျွန်မ ပထမဦးဆုံးအနေနဲ့ ဘေးဆိုင်းတွေတီးတယ်ဆိုတာ သိနေတာကိုက အကူအညီ တစ်ခုပဲ၊ အဲတော့ ဘေးဆိုင်းတွေတီးနေလို့ရှိရင် ကိုယ့်ဆိုင်းလေးနဲ့ ကိုယ်ပြန်တီးလိုက်ပေါ့၊ ဘယ်သူက ဘာဆိုင်းပဲ တီးတီး ကျွန်မတို့ ပြည်သူပြည်သားတွေ နားမယောင်လို့ရှိရင် ကျွန်မတို့ နားငြီးတာသာ ရှိမယ်၊ ပြဿနာတော့ မရှိဘူးပြောပါရစေ၊ တစ်ခုတော့ရှိတယ်ပေါ့နော်၊ ဘယ်အစိုးရကမှ ဘယ်သူမှ အမှားမရှိဘူးဆိုတာ မရှိပါဘူး၊ အဲတော့ ကျွန်မတို့အစိုးရအနေနဲ့ ပြုသင့်တာတွေ ပြုပြင်သင့်တာတွေရှိရင် ရဲရဲဝံ့ဝံ့နဲ့ စေတနာ အပြည့်အဝနဲ့ အကြံပြုကြပါလို့လဲ မေတ္တာရပ်ခံလိုပါတယ်၊



❊ *ကျောဖုံးမှ*

အသိပညာပေးအစီအစဉ်များ တိုးမြှင့်လုပ်ဆောင်ရန်အတွက်လည်းကောင်း၊ ပြည်တွင်း ပြည်ပ လေ့လာသူများ အပန်းဖြေနိုင်စေရန်နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းအား အထောက်အကူပြုရန်အတွက်လည်းကောင်း ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း တောအုပ်ကြီး ဒေါ်နီလာပွင့်က ပြောသည်။

"ဒီအင်းမှာ ရေနေပင်အမျိုးပေါင်း ၇၄ မျိုးရှိတယ်။ စစ္စလီ၊ မယ်ညိုအပါအဝင် ကျရောက်ကျက်စားတဲ့ဌာနေငှက်မျိုး ၇၇ မျိုးနဲ့ ဆောင်းခိုငှက် စုစုပေါင်း ၅၉ မျိုး နေထိုင်ကျက်စားပြီး လိပ်ပြာနဲ့ အင်းဆက်မျိုးစိတ် ၃၃ မျိုးအထိ တွေ့ရှိရပါတယ်။ ဒါ့အပြင် ကုန်းနေ၊ ရေနေနဲ့ တွားသွားသတ္တဝါမျိုးစိတ် ၂၉ မျိုးခန့်နဲ့ အသေးစားနို့တိုက်သတ္တဝါမျိုးစိတ် ၁၂ မျိုး၊ ငါးမျိုးစိတ် ၄၆ မျိုး ကျက်စားနေထိုင်တဲ့အပြင် ငှက်ကောင်ရေ နှစ်သောင်းကျော် နားခိုရာ နေရင်းဒေသတစ်ခုပါ။ ဒီလိုနားခိုရာ နေရင်းဒေသတစ်ခုဖြစ်တဲ့ မိုးယွန်းကြီးအင်းရဲ့သဘာဝအလှအပတွေက ခြိမ်းခြောက်မှုအန္တရာယ်အချို့နဲ့ ယခုအခါ ကြုံတွေ့နေရတယ်" ဟု ၎င်းက ပြောသည်။


မိုးယွန်းကြီးအင်းအတွင်း ဘီလားပိုက်ထောင်ထားမှုကို တာဝန်ရှိသူများက သိမ်းဆည်းထိန်းသိမ်းနေမှုကို တွေ့ရစဉ်

မိုးယွန်းကြီးအင်းသည် နေပြည်တော်မှ မိုင် ၁၈၀၊ ရန်ကုန်မြို့မှ မိုင် ၇၀၊ မန္တလေးမြို့မှ မိုင် ၃၃၀ ခန့် ကွာဝေးပြီး ရထားနှင့် ကားတို့ဖြင့်သာ သွားရကြောင်း၊ ရေဝပ်ဒေသ ဂေဟ စနစ်၊ ရေပျော်ငှက်များနှင့် ဆောင်းခိုငှက်များကို ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်အများစု လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

"အခုရက်ထဲ ဆောင်းခိုငှက်တွေ တဖွဲဖွဲနဲ့ ရောက်နေပြီပေါ့။ မနှစ်က ဆောင်းခို ရာသီဆိုရင် ငှက်ကျတာအရင်နှစ်တွေထက်တောင် ပိုများသေးတယ်။ အင်းရဲ့အခြေအနေက မဆိုးပါဘူး။ ဒေသခံတို့ ငါးဖမ်းပြီးရောင်းတာတွေရှိတယ်။ အရင်ကလို သမားရိုးကျ ငါးဖမ်းတာမဟုတ်ဘဲနဲ့ အခုအခါက နွေရာသီ ရေနည်းချိန် မတ်၊ ဧပြီ၊ မေလတွေမှာဆိုရင် ဘက်ထရီရှော့ခ်တိုက်ပြီးဖမ်းတာ တော်တော်များတယ်။ အဲဒီလိုဖမ်းတော့ ရေရှည်မှာ ငါးသယံဇာတ လျော့နည်းသွားဖွယ်ရာတွေ ဖြစ်လာနိုင်တာပေါ့။ နောက်တစ်ခုက ကြာတောတွေပျက်စီးတဲ့ ကိစ္စပေါ့။ အဲ့ဒါကလည်း အရင်က ပဒုမ္မာကြာ၊ ဒီမှာထုတ်တာတောင်မှ အခုကြာတောတွေ ပျက်စီးတော့ လောလောဆယ် ရပ်ထားတဲ့အဆင့်တောင် ဖြစ်နေတယ်။ ဒီလိုပျက်စီးမှုနဲ့ ပတ်သက်ပြီးတော့ ပထမအချက်အနေနဲ့ ပြောချင်တာက နာဂစ်မှာ ဧရာဝတီတိုင်းဒေသကြီးက တံငါသည်တွေက ဒီဘက်ကို ဒေသရင်းမျိုးစိတ်မဟုတ်တဲ့ ရွှေခရု(Golden Apple Snail) မျိုးစိတ်ကို ငါးရှဉ့်အစာပြုလုပ်ဖို့ ယူလာပြီး များတော့ အခုအဲ့ဒီကောင်တွေက တအားပွားသွားပြီး ဗေဒါ၊ ကညွတ်၊ မြက်ပင်တို့အပြင် ကြာပင်တွေကိုလည်း ဖျက်ဆီးစားသောက်တော့ ကြာတောတွေ ခြောက်သွေ့ပျက်စီးမှုဖြစ် တယ်လို့ထင်ရတယ်။ ဒုတိယအချက်အနေနဲ့ကတော့ အင်းထဲမှာ ရေများရင်လည်း ကြာတောတွေပျက်စီးတယ်လို့ ဒေသခံတွေက ပြောတယ်။ တတိယအချက်အနေနဲ့ ပြောရမယ်ဆိုရင်တော့ ဒီအင်းထဲမှာ ကျွဲတွေက နေရာအနှံ့ ဝင်ချင်တဲ့နေရာဝင်၊ သွားချင်တဲ့နေရာသွားတော့ ရေကို မွှေသလိုဖြစ်ပြီး ရေထဲမှာနေတဲ့ အချို့အပင်တွေက သေကုန်တဲ့အပြင် ရေနောက်သွားတော့ ကြာပင်တွေပါ သေကုန်တယ်လို့ ယူဆရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကြာက ရေနောက်တာမကြိုက်ဘူး။ ရေကြည်တာကိုပဲ ကြိုက် တာ။ အဲ့ဒီအချက်တွေထဲက ဘယ်အချက်ကြောင့် ဖြစ်တယ် ဆိုတာ ခွဲခြားမရသေးဘူး" ဟု တောအုပ်ကြီး ဒေါ်နီလာပွင့်က ပြောသည်။

မိုးယွန်းကြီးအင်းသည် ရှားပါးမျိုးစိတ်များ၊ ငါးမျိုးစိတ်များ ဆောင်းခိုငှက်နှင့် အခြားမျိုးစိတ်များရှိရာဒေသဖြစ်သော်လည်း ယခုအခါသဘာဝအင်း၏ အလှအပကို ခြိမ်းခြောက်မှုအန္တရာယ် အမျိုးမျိုးရှိလာ၍ ကာကွယ်စောင့်ရှောက်မှု လိုအပ်လာကြောင်း ၎င်းက ပြောသည်။

မိုးယွန်းကြီးအင်းကို မိုးယွန်းကြီးအင်းဘေးမဲ့တောအဖြစ် ၁၉၈၈ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် စတင်သတ်မှတ်ခဲ့ပြီး စတုရန်းမိုင် ၄၀ ကျယ်ဝန်းသည်။

အဆိုပါအင်းတွင် ရှားပါးရေနေပင်မျိုးစိတ်များအပြင် ရှားပါးကျေးငှက်တိရစ္ဆာန်များ၊ ရှားပါးရေနေသတ္တဝါများလည်း ရှိသည့်အတွက် သစ်တောဦးစီးဌာနသဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေး ဌာနက အင်းတစ်ခုလုံးကို ကာကွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

● *ကျောဖုံးမှ*

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတ်မှတ်ထားသည်။

ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာစံတော်ချိန် ည ၉ နာရီတွင် မြောက်လတ္တီကျု ၁၁ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၀ ဒသမ ၅ ဒီဂရီတို့တွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ နှုန်းခန့်ဖြစ်ပြီး နောက် ၂၄ နာရီ အတွင်း ပိုမိုအားကောင်းလာမည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၂ ။ )**
**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံ့ဝန်ထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) (၁) **ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး** ဆိုသည်မှာ လွှတ်တော်အသီးသီးက ရွေးချယ်တာဝန်ပေးအပ်သော လွှတ်တော်အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် နိုင်ငံတော်သမ္မတက ခန့်အပ်သည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ အကြီးအမှူးများကို ဆိုသည်။

(၂) **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး** ဆိုသည်မှာ နိုင်ငံတော်သမ္မတက ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုတွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအဖြစ် တာဝန်ပေးခန့်အပ်ခြင်းခံရသူကို ဆိုသည်။"

(ခ) ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) **ဝန်ထမ်း** ဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သော်လည်း ယင်းတို့၏ လုပ်ငန်းသဘာဝနှင့်တာဝန်တို့အရ ဤဥပဒေပါကိစ္စရပ်များနှင့် အကျုံးဝင်ခြင်းမရှိစေရ။"

(ဂ) ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) **ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာနအသီးသီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးဌာနအသီးသီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပါ ကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးနှင့် ဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ရုံးများလည်း ပါဝင်သည်။"

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးသည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ ဝန်ထမ်းအမျိုးအစားအလိုက် သတ်မှတ်သည့် ပြန်တမ်းဝင်အရာရှိ အဆင့်စတင်ခန့်ရာထူးအတွက် ရာထူးဝန်အဖွဲ့က ရွေးချယ်ပေးသော ဝန်ထမ်းများကို ခန့်ထားရမည်။"

၄။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)တွင်ပါရှိသော "ပြည်ထောင်စုအစိုးရအဖွဲ့" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ရုံး" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဌ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဌ) ပြည်သူကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးခြင်း။"

၆။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၅ တွင်ပါရှိသော "ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်" ဆိုသည့်စကားရပ်ကို "ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၇။ ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့် အညီ ခွင့်ကိုတောင်းခံပိုင်ခွင့်ရှိသည်။"

၈။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၂။ ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်ပြည့်သည့်နေ့ရက် မတိုင်မီ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို ပျမ်းမျှလစာဖြင့် ခံစားနိုင်သည်။ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို အချိန်မီတောင်းခံခဲ့ရာတွင် ခွင့်ပေးပိုင်ခွင့်ရှိသူက တောင်းခံသည့် ခွင့်ကာလတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အများပြည်သူအကျိုးငှာ ငြင်းပယ်ခဲ့လျှင် ထိုငြင်းပယ်သည့် ခွင့်ကာလကို အငြိမ်းစားယူရမည့်နေ့ရက်မှစ၍ စတင်ခံစားခွင့်ရှိသည်။"

၉။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၄ ၏ နောက်တွင် ပုဒ်မ ၂၄-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၄-က။ ဝန်ထမ်းသည် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှုအပေါ်မူတည်၍ သက်ဆိုင်ရာအရည်အချင်း စစ်ဆေးရေးအဖွဲ့၏ ထောက်ခံမှုအရ ချီးမြှင့်မြောက်စားသည့်အနေဖြင့် ရာထူးတိုးမြှင့်ခြင်းကို ခံစားပိုင်ခွင့်ရှိသည်။"

၁၀။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၃ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၄၆တို့တွင်ပါရှိသော"ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး" ဆိုသည့်စကားရပ်ကို "ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၈ ပုဒ်မခွဲ (ဃ)တွင်ပါရှိသော "ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၁။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၄၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၁။ ခိုင်လုံသောအထောက်အထားများအရ အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားနေသည့်ကိစ္စတွင် ဝန်ထမ်းအား ဌာနဆိုင်ရာစုံစမ်းစစ်ဆေးခြင်းမပြုဘဲ ထိုက်သင့်သည့် ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။"

၁၂။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၄၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၉။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် ဌာနဆိုင်ရာစစ်ဆေးမှုနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ပြီး အမိန့်စာထုတ်ပြန်၍သက်ဆိုင်ရာ ဝန်ထမ်းထံသို့ ပေးပို့ရမည်။ ထိုအမိန့်ကို မကျေနပ်ပါက အမိန့်စာကို လက်ခံရရှိသည့်နေ့ရက်မှစ၍ ခြောက်လအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးထံ အယူခံလွှာတင်သွင်းနိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်။"

၁၃။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၀။ ပုဒ်မ ၄ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများတွင် ခန့်ထားခြင်းခံရသော ဝန်ထမ်းများအား ဌာနဆိုင်ရာစစ်ဆေးမှုနှင့်စပ်လျဉ်း၍ချမှတ်သည့် အမိန့်ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက အမိန့်စာထုတ်ပြန်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်း၊ ဝန်ထမ်းထံသို့ပေးပို့ရမည်။ ထိုအမိန့်ကိုမကျေနပ်ပါက အမိန့်စာကို လက်ခံရရှိသည့်နေ့ရက်မှစ၍ ခြောက်လအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးထံ အယူခံလွှာတင်သွင်းနိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်။"

၁၄။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၈ တွင်ပါရှိသော "အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်ပြည့်သောအခါ" ဆိုသည့်စကားရပ်ကို "လုပ်သက်နှစ် ၃၀ ပြည့်သောအခါ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၆၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၂။ ဝန်ထမ်းက ပုဒ်မ ၅၈ အရ နှစ်ပြည့်ပင်စင်ခံစားခွင့် တောင်းခံသည့်အခါ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်းမပြုရ။"

၁၆။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၆၄ တွင်ပါရှိသော "လျော်ကြေးပင်စင်ခံစားခြင်း၊ ကွယ်လွန်အနိစ္စရောက်ခြင်း တစ်ခုခုဖြစ်ပါက လုပ်သက်ဆုငွေနှင့် ပင်စင်ခံစားခွင့်တို့ကို ရခွင့်ရှိသည်" ဆိုသည့်စကားရပ်ကို "လျော်ကြေးပင်စင်ခံစားခြင်း၊ လျှော့ပေါ့ပင်စင်ခံစားခြင်း၊ ကွယ်လွန်အနိစ္စရောက်ခြင်း တစ်ခုခုဖြစ်ပါက လုပ်သက်ဆုငွေနှင့် ပင်စင်ခံစားခွင့်တို့ကို ရခွင့်ရှိသည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၄ တွင်ပါရှိသော "သက်ဆိုင်ရာဝန်ကြီးဌာနက" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

## ယာယီနိုင်ငံကူးလက်မှတ်ဖြင့် ဝင်ရောက်သူများအား ငွေကြေးကောက်ခံခြင်း မပြုရစာတန်းကို မြန်မာ-ထိုင်း-ရှမ်း ဘာသာသုံးမျိုးဖြင့် စိုက်ထူမည်




**တာချီလိတ် ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဇန်းမွန်အာခါ ဟိုတယ်အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၈ ရက်က ကျင်းပသော ဒသမကြိမ်မြောက် မြန်မာ-ထိုင်းနှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး (BCATIP) အစည်းအဝေးတွင် မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားပေါ်၌ ယာယီနိုင်ငံကူးလက်မှတ်ဖြင့် ဝင်ရောက်သူများအား ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမပြုရစာတန်းကို မြန်မာ-ထိုင်း-ရှမ်း ဘာသာ သုံးမျိုးဖြင့် ရေးသားစိုက်ထူသွားရန် နှစ်နိုင်ငံ သဘောတူဆုံးဖြတ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် ထိုင်းနိုင်ငံအတွင်း တရားဝင် နိုင်ငံကူးလက်မှတ်ဖြင့် အလုပ်လုပ်နေသော မြန်မာရွှေ့ပြောင်းလုပ်သားများ တာချီလိတ်-မယ်ဆိုင်အမှတ်(၁)ချစ်ကြည်ရေးတံတားပေါ်ရောက်ရှိစဉ် နှစ်နိုင်ငံပွဲစားများမှ ကူညီပေးမည်ဟု ပြောဆိုပြီး ဝင်/ထွက်တံဆိပ်တုံးရိုက်နှိပ်ခ ဘတ် ၇၀၀ မှ ဘတ် ၁၂၀၀ အထိ တောင်းခံလျက်ရှိသဖြင့် ငွေကြေးကုန်ကျခံနိုင်မှုမရှိ၍ မယ်ဆိုင်ချောင်းမှ တရားမဝင်ဖြတ်သန်းခဲ့ရာမှ ဖမ်းဆီးခံရခြင်းများ နောင်မဖြစ်ပေါ်ရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားရန်၊ တာချီလိတ်-မယ်ဆိုင် အမှတ်(၁) ချစ်ကြည်ရေးတံတားပေါ်၌ ယာယီနိုင်ငံကူးလက်မှတ်ဖြင့် ဝင်ရောက်သူများအား ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမပြုရစာတန်းကို မြန်မာ-ထိုင်း-ရှမ်း ဘာသာသုံးမျိုးဖြင့် ရေးသားစိုက်ထူသွားရန်၊ ထိုင်းနိုင်ငံအတွင်း တရားဝင် ယာယီနိုင်ငံကူးလက်မှတ်၊ အလုပ်သမားကတ်များဖြင့် အလုပ်လုပ်နေသော မြန်မာရွှေ့ပြောင်းလုပ်သားများ တစ်နေ့တာလုပ်ငန်းပြီးစီး၍ သော်လည်းကောင်း၊ အလုပ်ပိတ်ရက်များ၌ လည်းကောင်း၊ မိမိအနီးပတ်ဝန်းကျင်၌ ဈေးဝယ်ထွက်စဉ် အလုပ်သမားကတ်များ ပါရှိမသွား၍ ဖမ်းဆီးခံရစဉ် အိမ်သားများက ကတ်များရှိကြောင်း လိုက်လံပြသခဲ့သော်လည်း လက်ခံခြင်းမပြု ဖမ်းဆီးလွှဲပြောင်းနေခြင်းအပေါ် လျှော့ပေါ့ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ထိုင်းနိုင်ငံအတွင်း တရားမဝင် မြန်မာရွှေ့ပြောင်းလုပ်သားများ ဖမ်းဆီးစဉ် နိုင်ငံသားစိစစ်ရေးကတ် သိမ်းဆည်းခြင်းမပြုရန် ညှိနှိုင်းထားရှိသော်လည်း မြန်မာနိုင်ငံသားစိစစ်ရေးကတ်ကို သိမ်းဆည်းမှုများ ဆက်လက်ပြုလုပ်နေခြင်းအပေါ် ညှိနှိုင်းကူညီဆောင်ရွက်ပေးသွားရန်၊ ထိုင်းနိုင်ငံအတွင်းရှိ မြန်မာရွှေ့ပြောင်းလုပ်သားများ မိခင်နိုင်ငံသို့ ပြန်ရန် ဇန်ကောက်-မယ်ဆိုင်လမ်းတစ်လျှောက်ရှိ စစ်ဆေးရေးဂိတ်များတွင် စစ်ဆေးစဉ် စာရွက်စာတမ်း အထောက်အထားအပြည့်အစုံ ပါရှိသော်လည်း စစ်ဆေးမေးမြန်းပြီး ခြိမ်းခြောက်ငွေတောင်းခံမှုများ ပြုလုပ်နေခြင်းအပေါ် ကူညီဆောင်ရွက်ပေးရန်၊ ထိုင်းနိုင်ငံအတွင်းရှိ တရားဝင် မြန်မာလုပ်သားများ နေရပ်ပြန်ရန် မယ်ဆိုင် ကားကြီးဝင်းရောက်ရှိစဉ် ထိုင်းအငှားယာဉ်မောင်းများက ထိုင်းရဲထံ တိုင်ကြားမည်ဟု ခြိမ်းခြောက် ငွေကြေးတောင်းခံမှုများ ပြုလုပ်နေမှုအပေါ် ကူညီစုံစမ်းဖော်ထုတ်ပေးရန် စသည့် တာချီလိတ်-ချင်းရိုင် လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးအဖွဲ့ ကိုယ်စားလှယ်များက နှစ်နိုင်ငံ နယ်စပ်ဒေသ၌ ကြုံတွေ့ရသော အခက်အခဲများနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး သဘောတူဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေးရုံးဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ထိန်ဝင်း ဦးဆောင်သော အဖွဲ့ဝင် ၁၉ ဦး၊ ထိုင်းနိုင်ငံဘက်မှ Chief of Social Development and Human Security Office of Chiangrai Mrs.Anira Thinon ဦးဆောင်အဖွဲ့ဝင် ၂၄ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ၂၀၁၆ မှ ၂၀၁၈ ခုနှစ်အတွင်း အထူးကုဆရာဝန် နှစ်ထောင်ကျော်ရှိလာမည့်အပြင် ပါရဂူ ၃၀၀ ကျော်ရှိလာမည်ဖြစ်


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

**နေပြည်တော် ဒီဇင်ဘာ ၉**

**ကျောင်းမုန့်ဈေးတန်းများ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးကွက်အတွင်းတွင် ရောင်းချလျက်ရှိသော ကျန်းမာရေးနှင့် မညီညွတ်သည့် ဓာတုဆိုးဆေးပါ စားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများ ရောင်းချနေခြင်းကို ထိရောက်စွာ တားဆီးနှိမ်နင်းရန် တာဝန်ရှိသည့် ဌာနဆိုင်ရာများ စုပေါင်းပါဝင်သော နိုင်ငံတော်အဆင့် စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား** တိုက်တွန်းကြောင်းအဆိုကို ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ အေဇင်လတ်က တင်သွင်းရာ လွှတ်တော်က ယင်းအဆိုကို လက်ခံဆွေးနွေးရန် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။

ထို့အပြင် အစည်းအဝေးတွင် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၏ **ပြည်မြို့ခုတင် ၅၀၀ အထွေထွေရောဂါကုဆေးရုံကြီး၌ လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်ကြီးများ ဖြည့်တင်းခန့်ထားရန်နှင့် လိုအပ်သော ဆေးစတို၊ သွေးဌာနနှင့် ထရန်စဖော်မာအသစ်တစ်လုံး၊ မီးလိုင်းအသစ်တစ်လိုင်းချထားပေးရန် အစီအစဉ် ရှိ / မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်မြို့ဆေးရုံကြီး၌ ဆေးပညာ၊ ခွဲစိတ်၊ ကလေး၊ သားဖွား၊ မီးယပ်ဌာနတို့၌ အထူးကုဆရာဝန်ကြီး နှစ်ဦးစီရှိပါကြောင်း၊ မေ့ဆေး၊ အရိုး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဓာတ်မှန်၊ မျက်စိဌာနတို့၌ တစ်ဦးစီရှိပါကြောင်း၊ ရောဂါဗေဒဆရာဝန်၊ သွားဆရာဝန်နှင့် အရိုးအဆစ်ဆရာဝန်တို့ လိုအပ်ပါကြောင်း၊ လက်ထောက်ဆရာဝန်များလည်း ဖြည့်ဆည်းပေးထားပါကြောင်း၊ မှူခင်းဆရာဝန် လိုအပ်ချက်မှာလည်း တစ်တိုင်းပြည်လုံးအတိုင်းအတာနှင့် ဖြစ်နေပါကြောင်း၊ သို့ဖြစ်၍ ၂၀၁၅ ခုနှစ်က တစ်နိုင်ငံလုံးရှိ လက်ထောက်ဆရာဝန်များကို မှုခင်းဘာသာရပ်သင်ပေးထားပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တစ်ပြည်လုံးရှိ ဆေးရုံများ၌ ခန့်ထားသည့် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းဦးရေကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်များသို့လည်း တောင်းခံထားပါကြောင်း၊ ၂၀၁၆ မှ ၂၀၁၈ ခုနှစ်အတွင်း အထူးကုဆရာဝန် နှစ်ထောင်ကျော်ရှိလာမည်ဖြစ်ပြီး ပါရဂူအဆင့်အနေဖြင့် ၃၀၀ ကျော်ရှိလာမည်ဖြစ်ပါကြောင်း၊ နောင်တွင်လည်း ယခုထက် အထူးကုများ၊ ပါမောက္ခများ ပိုမိုများပြားလာစေရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

ပြည်ဆေးရုံကြီး၌ နှစ်ထပ် လူနာကုသဆောင် တစ်လုံးဆောက်လုပ်ခြင်းလုပ်ငန်းအတွက် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သန်း ၃၀၀ နှင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သန်း ၅၀၀ ခွင့်ပြုထားပြီး ဆောက်လုပ်လျက်ရှိပါကြောင်း၊ ထို့အပြင် C.T Scan အဆောက်အအုံကို ၂၀၁၅- ၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ခဲ့ပါကြောင်း၊ ထရန်စဖော်မာနှင့် မီးလိုင်းအသစ်တပ်ဆင်ခြင်းလုပ်ငန်းများအတွက် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ဆေးစတိုဆောက်လုပ်ခြင်းလုပ်ငန်းအတွက် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာနှစ်တွင် အဆိုပြုရန်ပုံငွေကျပ် သန်း ၆၀ တင်ပြတောင်းခံပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသော ဓာတ်ခွဲဌာနနှင့် သွေးဘဏ်ဌာနအတွက် ၂၀၁၈-၂၀၁၉ ခုတွင် ရန်ပုံငွေ အဆိုပြုတောင်းခံပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၏ **ကျွန်းစုမြို့နယ် ပြည်သူ့ဆေးရုံကို ခုတင် ၅၀ ဆံ့ ဆေးရုံအဂါရပ်နှင့် ညီညွတ်သည့် အဆောက်အအုံနှင့် ဝန်ထမ်းများ ချထားပေးရန်နှင့် ကျေးရွာများ၌ လိုအပ်သည့် ကျန်းမာရေးမှူးနှင့် သားဖွားဆရာမများ ချထားပေးရန် အစီအစဉ်ရှိ / မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ကျွန်းစုမြို့နယ်တွင် လူဦးရေ ၁၇၀၀၀၀ ကျော် နေထိုင်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ၂၅ ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံခြောက်ရုံ ဖွင့်လှစ်ထားရှိပါကြောင်း၊ ကျွန်းစုမြို့နယ်ဆေးရုံအနေဖြင့် ဆေးရုံအတွင်း လူနာဦးရေနှင့် ဆေးရုံအညွှန်းကိန်းများသည် တိုးတက်လာခြင်း မရှိသည့်အတွက် ခုတင် ၅၀ ဆံ့ဆေးရုံသို့ တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း၊ မြို့နယ်ဆေးရုံ၌ မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ လက်ထောက်ဆရာဝန်တစ်ဦး၊ အထက်တန်းသူနာပြုလေးဦး၊ သူနာပြုငါးဦးတာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ဆေးဘက်ကျွမ်းကျင် (၄) တစ်ဦးခန့်ထားနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနများ၌ လိုအပ်လျက်ရှိသည့် သားဖွားဆရာမ တစ်ဦးကိုလည်း ယာယီတွဲဖက်တာဝန်ချထားပေးပြီး သစ်လွင်သားဖွားဆရာမများ ခန့်ထားခွင့်ရပါက ဦးစားပေးခန့်ထားပေးသွားမည်ဖြစ်ကြောင်းနှင့် ကျွန်းစုမြို့နယ်ရေကန်တောင်တိုက်နယ်ဆေးရုံ ဆောက်လုပ်ပေးရန်အတွက် ရန်ပုံငွေ တင်ပြ တောင်းခံထားပါကြောင်းဖြင့် ဖြေကြားသည်။

ထို့ပြင် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ Hotline ထားရှိပေးရန် မေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးကလည်းကောင်း၊ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၊ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်၊ တန့်ယန်းမဲဆန္ဒနယ်မှ စိုင်းမောင်ပွင့်၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်နှင့် နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလုတို့က ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးနိုင်ရေး တိုက်နယ် ဆေးရုံအဖြစ် တိုးမြှင့်ပေးရေး၊ တိုက်နယ်ဆေးရုံ ပြန်လည်ဆောက်လုပ်ပေးရန်တို့နှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးကလည်းကောင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# အုတ်တွင်းမြို့နယ်၌ ယခုနှစ်တွင် ကျောက်ချောလမ်း နှစ်မိုင် နှစ်ဖာလုံ၊ ကွန်ကရစ်တံတားတစ်စင်းနှင့် သစ်သားတံတား နှစ်စင်းတို့လျာထား


အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

**နေပြည်တော် ဒီဇင်ဘာ ၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး၏ **အုတ်တွင်းမြို့နယ် ဝဲဒေါင့်ကျေးရွာအုပ်စု မကျဉ်းပင်စုကျေးရွာနှင့် တောင်ငူမြို့နယ် ကင်းဆိပ်ကျေးရွာအုပ်စု ကင်းဆိပ်ကျေးရွာကို ဆက်သွယ်ထားသော နောင်ရိုး(ခပေါင်း) ချောင်းကူးသစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ်သို့ အဆင့်တိုးမြှင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အုတ်တွင်းမြို့နယ်အတွင်း၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၃၃ ဒသမ ၂၈ သန်းဖြင့် ကျောက်ချောလမ်း နှစ်မိုင် နှစ်ဖာလုံ၊ ကွန်ကရစ်တံတား တစ်စင်းနှင့် သစ်သားတံတား နှစ်စင်းတို့ကို လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

အုတ်တွင်းမြို့နယ်အတွင်းရှိ မကျဉ်းပင်စုကျေးရွာနှင့် ကင်းဆိပ်ကျေးရွာ ဆက်သွယ်မည့် နောင်ရိုး(ခပေါင်း) တံတား တည်ဆောက်ခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ နှစ်အလိုက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ၏ **မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဆက်သွယ်ထားသော မြိုင်-ဗဟင်း-ခင်အေးလမ်းကို ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၅၄၈ ဒသမ ၉၂၁ သန်းဖြင့် ၁၂ ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း သုံးမိုင် နှစ်ဖာလုံ၊ ကျောက်ချောလမ်းခင်းခြင်း တစ်မိုင် တစ်ဖာလုံ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများပြီးစီးပါက ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်ကုန်တွင် ကတ္တရာလမ်း အဆင့် မိုင် ၂၀ ဆောင်ရွက်ပြီးစီးမည်ဖြစ်ပါကြောင်း။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် မြိုင်-ဗဟင်း-ခင်အေးလမ်းမှ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ရန် ကျန်ရှိသော ခုနစ်မိုင် ခုနစ်ဖာလုံကို ၁၈ ပေအကျယ် ကျောက်ချောလမ်းခင်းခြင်းနှင့် အကျယ် ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း သုံးမိုင် လေးဖာလုံ ဆောင်ရွက်ရန် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၉၈၉ ဒသမ ၅ သန်း လျာထားတင်ပြတောင်းခံထားပါကြောင်း၊ ရန်ပုံငွေရရှိပါက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အကုန်တွင် ကတ္တရာလမ်းအဆင့် မိုင် ၂၀ နှင့် ကျောက်ချောလမ်းအဆင့် ခုနစ်မိုင် ခုနစ်ဖာလုံသို့ ရောက်ရှိမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **မြေပုံမြို့နယ်ရှိ ကမ်းထောင့်ကြီးမြို့မှ ရှောက်ခြံကျေးရွာအထိ သို့မဟုတ် ကမ်းထောင့်ကြီးမြို့မှ ရန်ကုန် - စစ်တွေ ကားလမ်းမသို့ သွားသည့်လမ်း ခုနစ်မိုင် နှစ်ဖာလုံကို ပြည်ထောင်စုအစိုးရက ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မြေပုံမြို့နယ်၌ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ် ရန်ပုံငွေကျပ် ၁၆၉ ဒသမ ၇၁၇ သန်းဖြင့် ကျောက်ချောလမ်းခင်းခြင်း ခုနစ် ဖာလုံ၊ ကမ်းထောင့်ကြီးမြို့အတွင်း ကွန်ကရစ်ခင်းခြင်း တစ်မိုင်တို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ကမ်းထောင့်ကြီးမြို့မှ ရှောက်ခြံကျေးရွာသို့ သွားသောလမ်း၏ ကွန်ကရစ်ခင်းရန် ကျန်ရှိသော ခြောက်မိုင် တစ်ဖာလုံကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပါက ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၅ ဒသမ ၇၀ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ယင်းလမ်းသည် ကျေးရွာပေါင်း ၁၈ ရွာ၊ လူဦးရေ ၇၉၃၀ တို့ကို အကျိုးပြုသည့်အတွက် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲတင်ပြသွားမည်ဖြစ်ပါ ကြောင်း ဖြေကြားသည်။

ထို့အပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်တို့၏ တံတားနှင့် လမ်းများကို အဆင့်မြှင့်တင်ပေးရန် မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝလုံခြုံမှု တိုးတက်မြင့်မားလာစေရေးအတွက် ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲပေးရန် လိုအပ်နေမှုများ ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုလွှတ်တော်ကော်မရှင်သို့ လေ့လာရေးလာရောက်သည့် Phoenix Association လူမှုရေးအသင်းအဖွဲ့မှ ဦးသီဟကြိုင် ဦးဆောင်သော အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၃ ခုမှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝလုံခြုံမှု တိုးတက်မြင့်မားလာစေရေးအတွက် ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲပေးရန် လိုအပ်နေမှုများ၊ HIV/AIDS ဆိုင်ရာ လူမှုအဖွဲ့အစည်းများ၏ ဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ မူးယစ်ဆေးဝါးသုံးစွဲ ပျံ့နှံ့နေမှုနှင့် ထိန်းချုပ်ဟန့်တားရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တက်ရောက်လာသူများက ဆွေးနွေးအကြံပြုရာ ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**

## UN၊ NGOs၊ INGOs အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကူညီထောက်ပံ့မှုဆိုင်ရာ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား ကုလသမဂ္ဂနိုင်ငံရေးရာဌာနမှ လက်ထောက်အတွင်းရေးမှူးချုပ် Mr. Miroslaw Jenca သည် ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ တူရကီနိုင်ငံသံအမတ်ကြီး H.E. Mr. Kerem Divanlioglu သည် နံနက် ၁၁ နာရီတွင် လည်းကောင်း ပြည်ထောင်စုဝန်ကြီး၏ညှိနှိုင်းခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် မောင်တောနယ်မြေ လက်ရှိလုံခြုံရေး အခြေအနေ၊ ပြည်နယ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒုက္ခသည်များ ပြန်လည်နေရာချထားပေးမှုနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ ပေးအပ်ရာတွင် လိုအပ်သည်များအား ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်လူမှုအသိုက်အဝန်း ရေရှည်သဟဇာတဖြစ်စွာ အတူလက်တွဲနေထိုင်ရေးနှင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ UN၊ NGOs၊ INGOs အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ဒေသအတွင်း ကူညီထောက်ပံ့မှုဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံတော်အစိုးရမှ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ ဒေသအတွင်းလုံခြုံရေး၊ လွတ်လပ်မှု၊ လူ့အခွင့်အရေးမျှတအောင် ဆောင်ရွက်ပေးနေမှုများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေးရုံး(BLO) ဖွင့်လှစ်ရေး သဘောတူညီပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ နယ်စပ်ဒေသများရှိ IDPs များအား ကူညီထောက်ပံ့ပေးနေမှု အခြေအနေများနှင့် နှစ်နိုင်ငံပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၉**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများအား သွားရောက်၍ UNHCR မှ ထောက်ပံ့ပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အတူ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်လက်ထောက် ခရစ္စတိုဖာကာတာတို့သည် ရခိုင်ပြည်နယ် မောင်တောမြို့ ဂေါ်ဒူသာရကျေးရွာအုပ်စု ရွှေဇဟိုကျေးရွာရှိ အိမ်ထောင်စု ၂၇ စု၊ လူဦးရေ ၁၅၀နှင့် ဒုချီးရားတန်းကျေးရွာအုပ်စု၊ မြောင်ရွာ(အရှေ့ရွာ)ရှိ အိမ်ထောင်စု ၁၀ စု၊ လူဦးရေ ၅၆ ဦးတို့အား မီးဖိုချောင်သုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးအပ်မှုအခြေအနေ

| စဉ် | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ | လူဦးရေ | အိမ်ထောင်စု | ဖြန့်ဝေသည့်ပစ္စည်းများ |
|---|---|---|---|---|---|---|
| ၁ | မောင်တောမြို့ | ဂေါ်ဒူသာရ | ရွှေဇဟို | ၁၅၀ | ၂၇ | မီးဖိုချောင်သုံးပစ္စည်း၊ တာပေါ်လင်၊ လူကြီး၊ ကလေးဝတ် အဝတ်ထုပ်၊ အမျိုးသမီးလစဉ်သုံးပစ္စည်းထုပ်၊ ပလပ်စတစ်ဖျာ၊စောင်၊ပလပ်စတစ်ဘူး၊ ပလပ်စတစ်ရေပုံး၊ |
| ၂ | မောင်တောမြို့ | ဒုချီးရားတန်း | မြောင်ရွာ(အရှေ့ရွာ) | ၅၆ | ၁၀ | မီးဖိုချောင်သုံးပစ္စည်း၊ တာပေါ်လင်၊ လူကြီး၊ ကလေးဝတ် အဝတ်ထုပ်၊ အမျိုးသမီးလစဉ်သုံးပစ္စည်းထုပ်၊ ပလပ်စတစ်ဖျာ၊စောင်၊ ပလပ်စတစ်ဘူး၊ပလပ်စတစ်ရေပုံး၊ |



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်



ကုလသမဂ္ဂဌာနေကိုယ်စားလှယ် ကျေးရွာသားများကို ပစ္စည်းများပေးအပ်စဉ်

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အား လက်ခံတွေ့ဆုံ

**စစ်တွေ ဒီဇင်ဘာ ၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယမန်နေ့နံနက် ၉ နာရီတွင် WFP ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တာဝန်ခံ Mr. Itaru Furuta အား ပြည်နယ်ဝန်ကြီးချုပ်ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ပဋိပက္ခဖြစ်ပွားခဲ့ရာ မောင်တောဒေသသို့ စားနပ်ရိက္ခာများ ပေးပို့ခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးကာ ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ ရခိုင်ပြည်နယ်အစိုးရအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ စားနပ်ရိက္ခာကူညီထောက်ပံ့ပေးမှုများကို ပိတ်ပင်ထားမှုမရှိကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပဋိပက္ခဖြစ်ပွားခဲ့ရာဒေသများသို့ ပြည့်ပြည့်ဝဝဖြစ်ရန် အမြန်ဆုံးလုပ်ဆောင်ပေးသွားရေး ရခိုင်ပြည်နယ်အစိုးရအား ညွှန်ကြားထားကြောင်း ပြောကြားသည်။

WFP အဖွဲ့သည် ယနေ့တွင် မောင်တောဒေသ၌ စားနပ်ရိက္ခာများ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(ပြည်နယ် ပြန်/ဆက်)**

## မောင်တောမြို့၌ အချုပ်သားတစ်ဦး ဆေးရုံတက်ရောက် ဆေးဝါးကုသ

**နေပြည်တော် ဒီဇင်ဘာ ၉**

မောင်တောမြို့နယ် သူဦးကကျေးရွာနေ မာမွတ်ဆာလိမ်သည် မောင်တောမြို့မရဲစခန်း၌ ဖမ်းဆီးထားစဉ် ကျန်းမာရေးချို့ယွင်းသဖြင့် ဒီဇင်ဘာ ၈ ရက် ညနေ ၅ နာရီတွင် မောင်တောမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ အတွင်းလူနာအဖြစ် တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ သိန်း ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

မောင်တောမြို့နယ် နတ်မြစ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တပ်မတော်ရေယာဉ်များဖြင့် လုံခြုံရေးကင်းလှည့်နေစဉ် ဒီဇင်ဘာ ၈ ရက် ညနေ ၅ နာရီတွင် မသင်္ကာဖွယ်လှေတစ်စင်းအား တွေ့ရှိရသဖြင့် မီးအချက်ပြခေါ်ယူရာ လာရောက်ခြင်းမရှိဘဲ အနောက်မြောက်သို့ထွက်ပြေးသွားသောကြောင့် လက်နက်ငယ်ဖြင့်ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ စက်လှေပေါ်မှ ပေါက်တောမြို့နယ် စိုးမဲကျီကျေးရွာနေ မြင့်ဦး၊ ကိုင်းဟီးကျေးရွာနေ သိန်းထွန်းဝင်း(ခ)ညီချေနှင့် လှအောင်တင်တို့သုံးဦးအား တစ်လုံးထိုးလုပ် သေနတ်အတိုတစ်လက်၊ ၅ ဒသမ ၅၆ မမကျည် ၄၂ တောင့်၊ ၁၂ ဗိုကျည် ၈ တောင့်၊ ပီနံအိတ်ဖြင့် ထုပ်ထားသည့် အထုပ်ကြီး ၁၂ ထုပ်၊ အထုပ်သေးတစ်ထုပ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါအထုပ်များအား ဖွင့်ဖောက်စစ်ဆေးရာ ကာလတန်ဖိုးငွေကျပ်သိန်းပေါင်း ငါးသောင်းခန့်တန်ဖိုးရှိ WY စိတ်ကြွရူးသွပ်ဆေးပြား ၂၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးရမိသူသုံးဦးအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**



## မောင်တောဒေသ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အောက်တိုဘာ ၉ ရက်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်နှင့် နောက်ဆက်တွဲအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ စစ်ဆေးလျက်ရှိရာ ယနေ့အထိ မသင်္ကာသူ ၅၇၅ ဦး ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်စဉ် အကြမ်းဖက်သမားများက ချုံခိုတိုက်ခိုက်ခြင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်း၊ အင်အားသုံးအကြမ်းဖက်ခြင်း၊ ဗုံးထောင်ခြင်းများ ပြုလုပ်ခဲ့သည့်အတွက် ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူ ၅၇၅ ဦးကိုဖမ်းဆီး၍ တရားဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ခဲ့ရာ ၎င်းအနက် တရားရုံးပြီးပြတ်၍ ပြစ်ဒဏ်ချမှတ်သူ ၈၈ဦး၊ ပြန်လွှတ်သူ ၁၀ ဦး၊ တရားရုံးအာမခံပေးသူတစ်ဦးနှင့် သေဆုံးသူ ၆ ဦးဖြစ်ကြောင်းနှင့် ၄၇၀ မှာ စစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၉-၁၂-၂၀၁၆)ရက်အထိ မောင်တောဒေသတိုက်ခိုက်မှုနှင့်စပ်စပ်၍ အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေ

| အမှုစစ်ဆေးမှုအခြေအနေ | | | | ချုပ်ရီမန်ဖြင့် တရားခံဖမ်းဆီးမှု အခြေအနေ | | | | | | အသေတွေ့ရှိ | ရီမန်မယူခေါ်စစ်ပြန်လွှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အမှုဖွင့်လှစ်မှုအရေအတွက် | တရားရုံးစစ်ဆေးဆဲ | တရားရုံးပြီးပြတ် | ရဲစစ်ဆေးဆဲ | စုစုပေါင်းဖမ်းဆီးစစ်ဆေး | ရဲစစ်ဆေးဆဲ | တရားရုံးပြီးပြတ်ပြစ်ဒဏ်ချ | ကျင့်-၁၆၉ပြန်လွှတ် | တရားရုံးအာမခံ | ရဲစစ်ဆေးဆဲသေဆုံး | | | |
| ၉၇ | ၂ | ၂၃ | ၇၂ | ၅၇၅ | ၄၇၀ | ၈၈ | ၁၀ | ၁ | ၆ | ၇၀ | ၄၉ | |

# ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ယနေ့နံနက် ၉ နာရီတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန လူကုန်ကူးမှုစောင့်ကြည့်ရေးနှင့် တိုက်ဖျက်ရေးရုံးမှ H.E. Ms. Susan Coppedgeနှင့် အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel နှင့်အတူ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် လူကုန်ကူးခံရသူများအား မိသားစုနှင့် ပြန်လည်ပေါင်းစည်းရေးနှင့် နောက်ဆက်တွဲ စောင့်ရှောက်မှုအစီအစဉ်များကို အစိုးရမဟုတ်သော မိတ်ဖက်နိုင်ငံတကာ အဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဖြစ်ရပ်စီမံခန့်ခွဲသူ (Case Manager)များ ၄၂ မြို့နယ်တွင် ဖြန့်ခွဲထားရှိမှုအခြေအနေများ၊ လူကုန်ကူးခံရသူများ ပြန်လည်ခေါ်ယူရေး၊ မိသားစုနှင့်ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ နိုင်ငံအဆင့်လမ်းညွှန်ချက်များ၊ စံလုပ်ငန်းအစီအစဉ်များ၊ လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လက်စွဲစာအုပ်ထုတ်ဝေပြီးစီးမှုအခြေအနေများ၊ အမေရိကန်နိုင်ငံ၏အတွေ့အကြုံများ၊ သတင်းအချက်အလက်များ ဖလှယ်ခဲ့ကြပြီး စွမ်းဆောင်ရည်မြှင့်တင်ရေးလိုအပ်ချက်များ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အလားတူ နံနက် ၁၀ နာရီတွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ ပြည်တွင်းတာဝန်ခံ ဦးအောင်မျိုးကျော်နှင့်တွေ့ဆုံရာတွင် ၎င်းတို့အသင်းမှ ဆောင်ရွက်နေသည့် အကျဉ်းထောင်မှ လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများနှင့် ညှဉ်းပန်းနှိပ်စက်ခံရသူများအားစိတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုလုပ်ငန်းများ၊ အကျဉ်းကျခံဆဲနိုင်ငံရေးအကျဉ်းသားများအတွက် ဥပဒေပိုင်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များနှင့်စိတ်လူမှုထောက်ပံ့မှုနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နံနက် ၁၁ နာရီတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) Myanmar အဖွဲ့မှ Mr. Keiichiro NAKAZAWA အဖွဲ့နှင့်တွေ့ဆုံ၍ သဘာဝဘေးစီမံခန့်ခွဲမှုနှင့် ဆက်စပ်သည့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ဂျပန်နိုင်ငံမှ သဘာဝဘေးစီမံခန့်ခွဲမှုကျွမ်းကျင်သူတစ်ဦး စေလွှတ်ရေးကိစ္စ၊ ဂျပန်နိုင်ငံ၏ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့်ခရီးသွားလာရေး ဝန်ကြီးဌာနဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်ရန်ကိစ္စနှင့် JICA နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေသော လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးစီမံချက် ဒုတိယအဆင့်တွင် လူကုန်ကူးခံရသူများအား အကူအညီပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်၊ နားမကြားသူများအတွက် လက်သင်္ကေတ အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# MNDAA လက်နက်ကိုင်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ လောက်ကိုင်မြို့အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ယနေ့နံနက် ၁၀ နာရီခန့်တွင် ရပ်ကွက်(၃) ဘုံခုနစ်ဆင့် အဝိုင်းအနီး၌ မသင်္ကာဖွယ်လူတစ်ဦးအား တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ MNDAA လက်နက်ကိုင်အဖွဲ့တပ်ရင်း(၂၉)မှ တပ်စိတ်မှူးအဆင့်ရှိ ဝူးကျင်းချန်(ဘ)ဦးရန်တဲချန်၊ ညိုဖျင်စပါးကျေးရွာ လုံထန်ကျေးရွာအုပ်စု လောက်ကိုင်မြို့နယ် နေသူဖြစ်ကြောင်း သိရှိရသည်။

ဝူးကျင်းချန်၏ ထွက်ဆိုချက်များအရ ၎င်းသည် လောက်ကိုင်ဒေသတိုက်ပွဲမဖြစ်မီ MNDAA လက်နက်ကိုင်အဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း၊ ၂၀၁၅ ခုနှစ် တိုက်ပွဲများဖြစ်ပွားစဉ် တစ်ဖက်နိုင်ငံသို့ တိုက်ပွဲရှောင်ရန် သွားရောက်နေထိုင်ရာမှ ဇူလိုင်လခန့်တွင် MNDAA အဖွဲ့၏ ဖမ်းဆီးခံခဲ့ရပြီး နမ့်ကြားနှင့် တာရှင်မင်ခန်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ရကြောင်း၊ ကုန်းကြမ်းမြို့နယ် ရှင်ပင်ကိုင်းကျေးရွာ၊ နမ့်ခုံဟော်ကျေးရွာ၊ တာကျူကျိုင်းကျေးရွာနှင့် ကြာတီမောကျေးရွာများတွင် လူသစ်စုဆောင်းသည့်တာဝန် ထမ်းဆောင်ခဲ့ပြီး ယခုနေအိမ်သို့ပြန်ချိန်တွင် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသည်။



ဝူးကျင်းချန်

အဆိုပါဖမ်းဆီးရမိသည့် လက်နက်ကိုင်အား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# MNDAA လက်နက်ကိုင်တစ်ဦး ဥပဒေဘောင်အတွင်း ဝင်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ လောက်ကိုင်မြို့နယ်အတွင်းရှိ တပ်မတော်စစ်ကြောင်းအခြေပြုနေရာသို့ ဒီဇင်ဘာ ၈ ရက် ညနေ ၃ နာရီခန့်တွင် MNDAA လက်နက်ကိုင်အဖွဲ့မှ ရှောက်လောင်ဟူသည် ၎င်းကိုင်ဆောင်သည့် အမ်(၂၂) တစ်လက်၊ ၎င်းကျည်အတောင့် ၁၂၀၊ ကျည်အိမ်လေးခုနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သည်။

ရှောက်လောင်ဟူ၏ ပြောကြားချက်များအရ ၎င်းသည် ရင်ဖန်ရွာသားဖြစ်ပြီး လွန်ခဲ့သောတစ်လခန့်က ချင်မာလင်ကျေးရွာသို့သွားရောက်စဉ် တာမလီဆူးရွာအနီး၌ MNDAA လက်နက်ကိုင်အဖွဲ့၏ အဓမ္မဖမ်းဆီးခေါ်ဆောင် လူသစ်စုဆောင်းမှုကို ခံခဲ့ရခြင်းဖြစ်ကြောင်း၊ ၎င်းပါဝင်သောအဖွဲ့တွင် အဖွဲ့ဝင်စုစုပေါင်း ၂၇ ဦးပါဝင်ပြီး ခေါင်းဆောင်မှာ ခွဲမှူးအဆင့်ရှိ ကျန်ကြာအယ်ဖြစ်ကာ အဖွဲ့တွင် အာပီဂျီတစ်လက်နှင့် လက်နက်ငယ်ကိုယ်စီရှိကြောင်း၊ ၎င်းတို့အဖွဲ့သည် ဝမ်ရှင်းရွာနှင့် သံလွင်မြစ်ကြား လျှိုများတွင်နေထိုင်ကြပြီး လွန်ခဲ့သည့် သုံးရက်မှစတင်၍ တာမလီဆူးရွာ အနောက်မြောက်ဘက်ရှိ လျှိုများတွင် အဖွဲ့ခွဲ၍နေထိုင်ကြကာ ရိက္ခာကို မန်တုံပါးဈေးနေ့တွင် အရပ်ဝတ်ဖြင့် သွားရောက်ဝယ်ယူကြကြောင်း သိရသည်။

၎င်းအနေဖြင့် MNDAA လက်နက်ကိုင်အဖွဲ့၏ လုပ်ရပ်များအပေါ် လက်ခံမှုမရှိခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားအမှန်များကို သိရှိလာခြင်းကြောင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ရန်အတွက် ဒီဇင်ဘာ ၇ ရက်တွင် တာမလီဆူးရွာအနီးမှ ရင်ဖန်ရွာသို့ထွက်ပြေးလာပြီး တပ်မတော်စစ်ကြောင်း အခြေပြုနေရာသို့ လာရောက်၍ ဥပဒေဘောင်တွင်းဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့ အမှုအာမခံရရှိရန် ဒုတိယအကြိမ် လျှောက်ထား

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုထားသော Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့ အမှုအား ယနေ့နံနက်ပိုင်းက ရုံးထုတ်ခဲ့ပြီး စွပ်စွဲခံရသူတို့ဘက်မှ အာမခံရရှိရန် ဒုတိယအကြိမ် ပြန်လည်လျှောက်ထားကြောင်း တာမွေမြို့နယ်တရားရုံးမှ သိရသည်။

"ဒီနေ့မနက် ၁၀နာရီမှာ တရားလိုကို စစ်ဖို့ ချိန်းထားတာပါ။ တရားလိုဘက်က ရောက်ရှိကြောင်း သတင်းပို့ခဲ့ပါတယ်။ စွပ်စွဲခံရတဲ့သူဘက်က ရှေ့နေ ဦးကျော်စိုးမိုးလည်း ရောက်ရှိသတင်းပို့ခဲ့ပါတယ်။ မွန်းတည့် ၁၂ နာရီအထိ စွပ်စွဲခံရတဲ့သူတွေကို ရုံးရှေ့တင်ပို့နိုင်ခြင်း မရှိပါဘူး။ ဒါ့အပြင် တရားလို ဦးမိုးဟိန်းက ရုံးကိစ္စအရေးပေါ်ရှိနေကြောင်း တင်ပြခွင့်တိုင်ကြားတဲ့အတွက် ဒီနေ့ တရားလိုဘက်ကို မစစ်ဆေးနိုင်ခဲ့ပါဘူး။ မွန်းလွဲ ၁ နာရီခွဲမှ စွပ်စွဲခံရသူ ဦးသန်းထွဋ်အောင်နဲ့ ဦးဝေဖြိုးတို့ ရောက်ရှိလာတယ်။ စွပ်စွဲခံရသူ ဦးသန်းထွဋ်အောင်ကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၇ အရ အာမခံပေးဖို့ အကျိုးဆောင်ရှေ့နေက ထပ်မံလျှောက်ထားတယ်။ လျှောက်ထားမှုအပေါ် နှစ်ဖက်လျှောက်လဲချက်ကို ကြားနာခဲ့ပါတယ်"ဟု အဆိုပါအမှုနှင့် ပတ်သက်၍ ယနေ့ရုံးထုတ်မှုအပေါ် တာမွေမြို့နယ် တရားသူကြီးက ပြောသည်။

အဆိုပါအမှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးမိုးဟိန်းက တရားလိုပြုလုပ်၍ Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်နှင့် အယ်ဒီတာချုပ် ဦးဝေဖြိုးတို့အား ဆက်သွယ်ရေး ဥပဒေပုဒ်မ-၆၆(ဃ)ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး တာမွေမြို့နယ်ရဲစခန်းက နိုဝင်ဘာ ၂၅ ရက်တွင် မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ယင်းနေ့တွင် စွပ်စွဲခံရသူတို့ဘက်မှ အာမခံရရှိရန် လျှောက်ထားခဲ့သော်လည်း နိုဝင်ဘာ ၃၀ ရက်ရုံးထုတ်ရာတွင် အာမခံလျှောက်ထားမှုကို ပလပ်လိုက်ကြောင်း သိရသည်။

ယနေ့ရုံးထုတ်ရာတွင် တရားလိုဘက်ကို စတင်စစ်ဆေးရန် စီစဉ်ထားသော်လည်း Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင် ချော်လဲသဖြင့် ချိန်းဆိုထားသည့် အချိန်တွင် တရားခွင်သို့ မရောက်ရှိခဲ့ကြောင်း၊ တရားလိုဘက်မှလည်း အရေးပေါ်ရုံးကိစ္စရှိကြောင်း တင်ပြခွင့်တိုင်ကြားခဲ့သည့်အတွက် စွပ်စွဲခံရသူ Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်နှင့် အယ်ဒီတာချုပ် ဦးဝေဖြိုးတို့ တရားခွင်သို့ရောက်ရှိလာချိန်တွင် ယင်းအမှုကို လိုက်ပါဆောင်ရွက်နေသည့် တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က Eleven Media Group ၏ CEO အတွက် အာမခံရရှိရန် ဒုတိယအကြိမ် ပြန်လည်လျှောက်ထားခဲ့ကြောင်း သိရသည်။

ယင်းသို့အာမခံရရှိရန် လျှောက်ထားရာတွင် Eleven Media Group CEO ဒေါက်တာသန်းထွဋ်အောင်သည် ချော်လဲပြီး လမ်းမလျှောက်နိုင်ကြောင်း၊ ကျန်းမာရေးလည်း မကောင်းကြောင်း၊ ထို့အပြင် ပုဗ္ဗသီရိမြို့နယ် တရားရုံးတွင်လည်း အာမခံဖြင့် အမှုရင်ဆိုင်နေရဆဲဖြစ်ကြောင်းတို့ကိုတင်ပြ၍ လျှောက်လဲချက်ပေးခဲ့ကြောင်း တာမွေမြို့နယ် တရားသူကြီးထံမှ သိရသည်။

"ဒီမနက်မှာ CEO က ရောဂါကြောင့် ချော်လဲသွားတယ်။ ရရှိတဲ့ ဒဏ်ရာကိုလည်း ဓာတ်မှန်ရိုက်ထားပါတယ်။ တရားရုံးမှာတော့ ဆရာတို့အာမခံပြန်လျှောက်တယ်၊ တရားရုံးက ထောင်ဆရာဝန်ကို စစ်ဦးမယ်ပြောတယ်၊ ထောင်ဆရာဝန်ကိုစစ်ပြီးမှ အာမခံတင်တာကို စဉ်းစားမယ်လို့ပြောတယ်"ဟု အဆိုပါအမှုကို လိုက်ပါဆောင်ရွက်နေသည့် တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က မီဒီယာများကို ပြောသည်။

အဆိုပါအမှုကို ဒီဇင်ဘာ ၁၅ ရက်တွင် စစ်ဆေးရန်ချိန်းဆိုလိုက်ပြီး ယင်းနေ့တွင်အကျဉ်းထောင်ဆရာဝန်ကို စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

# လက်နက်ကိုင်အဖွဲ့များ၏ တိုက်ခိုက်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုစာရင်းထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နိုဝင်ဘာ ၂၀ ရက်မှစတင်ပြီး KIA/ TNLA/ MNDAA နှင့် AA လက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင် ၁၅ ဦး၊ ပြည်သူ့စစ်တစ်ဦး၊ ပြည်သူ ၁၃ ဦး စုစုပေါင်း ၂၉ ဦး ကျဆုံး၊ သေဆုံးခဲ့ကြပြီး ရဲတပ်ဖွဲ့ဝင် ၁၁ ဦး၊ ဝန်ထမ်းနှစ်ဦးနှင့် ပြည်သူ ၄၉ ဦး ဒဏ်ရာရရှိခဲ့ကြကြောင်း၊ ရဲတပ်ဖွဲ့မှ လက်နက်မျိုးစုံ ၄၉ လက် ဆုံးရှုံးခဲ့မှုအနက် ကိုးလက်ပြန်လည်ရရှိခဲ့သဖြင့် အလက်၄၀ ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သားငါးဈေးများကို အလေးချိန်ခွင်မပြည့်ပါက အရေးယူမည်

**ရေး ဒီဇင်ဘာ ၉**

မွန်ပြည်နယ် ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများဖြစ်သော မြသီတာဈေးနှင့် အောင်သီတာဈေးတို့မှ ရောင်းချနေသော သားငါးများကို အလေးချိန်ခွင်မပြည့်မမှန်ကန်ခဲ့ပါက စည်ပင်သာယာရေးတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဈေးတာဝန်ခံ ဦးတင်ထွဋ်က ပြောသည်။

ဈေးဝယ်သူများက မကျေနပ်၍ တိုင်တန်းလာသည့်အခါတွင်လည်း တိကျမှန်ကန်မှုမရှိခဲ့ပါက အနည်းဆုံး ဒဏ်ငွေတစ်သောင်းမှ အမြင့်ဆုံးနှစ်သိန်းအထိ ယခုလမှစတင်ကာ ထိရောက်စွာအရေးယူသွားမည်ဟု ၎င်းက ဆက်လက်ပြောပြသည်။

"သမာဓိချိန်ခွင် မရှိခဲ့စဉ်က အရောင်းအဝယ်တွေကို အလေးချိန်အားဖြင့် အဆင့်သင့်သလိုရောင်းခဲ့ပေမယ့် အခုတော့ သမာဓိချိန်ခွင်ရှိလာတော့ အသားဒိုင်ကနေတစ်ဆင့် ဝယ်ယူရာမှာလည်း အလေးချိန်အပြည့်အဝရလို့ စားသုံးသူလက်ဝယ်ကို အလေးချိန်ပြည့်ဝပြီး တိကျမှန်ကန်စွာရောင်းချပေးနိုင်ပါတယ်" ဝက်သားအရောင်းဆိုင်မှ မဖြိုးက ပြောသည်။

ရေးမြို့နယ်ရှိ မြသီတာဈေးနှင့် အောင်သီတာဈေးတို့တွင် အများပြည်သူအတွက် ထင်သာမြင်သာရှိသော ဈေးအတွင်းနေရာတွင် သမာဓိချိန်ခွင်နှင့် အသိပေးကြေညာချက်များအား ထုတ်ပြန်ပေးထားကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**


**ပတ်ဝန်းကျင် ညစ်ညမ်းမှု ကာကွယ်ရေးဆိုင်ရာ ဆောင်ပုဒ်များ**

၁။ ညစ်ညမ်းမှု ကင်းဝေးစေရေး၊ ဓာတုပိုးသတ်ဆေးသုံးစွဲမှု တားဆီးပေး။

၂။ ပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်ရန်၊ တို့အားလုံးရဲ့တာဝန်အမှန်။

၃။ ဝန်းကျင်သာယာလှပစေဖို့၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်စို့။

# ထူးခြားလှပသည့် ဒိုင်နိုဆောတစ်ကောင်၏အမြီးကို မြန်မာ့ပယင်းအတွင်း၌တွေ့ရှိ



**အော့တဝါ ဒီဇင်ဘာ ၉**

နှစ်သန်းပေါင်း ၉၉ သန်းရှိ အမွေးအမှင်ပါရှိသည့် ဒိုင်နိုဆောသတ္တဝါ တစ်ကောင်၏အမြီးကို မြန်မာနိုင်ငံ အရှေ့မြောက်ဘက်ဒေသမှ တူးဖော်ရရှိသည့် ပယင်းထဲတွင် တွေ့ရှိရကြောင်း သိရသည်။

အသေးစိတ် စစ်ဆေးဖော်ပြမှုနမူနာပုံစံအရ အမြီး၏ထိပ်ပိုင်းမှာ သစ်ခြသီးရောင် (နီညိုရောင်)ရှိပြီး အောက်ဘက်တွင် အဖြူရောင်ဖြစ်သည်။ ဒိုင်နိုဆော၏အမြီးကို Current Biology ဂျာနယ်တွင် ဖော်ပြထားသည်။

ထူးဆန်းအံ့သြလောက်ဖွယ် အဆိုပါရှာဖွေတွေ့ရှိမှုက မျိုးသုဉ်းပျောက်ကွယ်သွားခဲ့ပြီဖြစ်သည့် အဆိုပါ သက်ရှိသတ္တဝါ၏ ကျောက်ဖြစ်ရုပ်ကြွင်း တည်ရှိမှုကို ခိုင်မာစေခဲ့သည့်အပြင် နှစ်သန်းပေါင်း ၁၆၀ ကျော်ကြာအောင် ကမ္ဘာမြေကို လွှမ်းမိုးခဲ့သည့် ဇီဝအုပ်စုတစ်ခုကို လေ့လာရန် အခွင့်အလမ်းပေါ်ပေါက်လာစေခဲ့သည်။

ပယင်းအတွင်း၌ ဒိုင်နိုဆောသတ္တဝါ၏ ရုပ်ကြွင်းကို တွေ့ရှိရခြင်းသည် ပထမဆုံး တွေ့ရှိဖူးခြင်းဖြစ်ကြောင်း ကနေဒါရှိ တော်ဝင်ဆက်ဆကက်ချီဝန်ပြတိုက်၏ တွဲဖက်တည်ထောင်သူ ရန်မက်ကယ်လာက ပြောကြားခဲ့သည်။

သက်တမ်းအားဖြင့် နှစ်ပေါင်း ၉၉ သန်း ကြာမြင့်ခဲ့ပြီဖြစ်သည့် အဆိုပါ ပယင်းအား ဝယ်သူများက အပင်တစ်ပင်၏ အစိတ်အပိုင်းတစ်ခု ဝင်ရောက်နေသည်ဟု ထင်မြင်ခဲ့ကြကြောင်း၊ အသေးစိတ်စစ်ဆေးမှုများပြုလုပ်ခဲ့သည့် အခါတွင် ဒိုင်နိုဆောတစ်ကောင်၏ အမြီးပိုင်းဖြစ်နေပြီး စာကလေးငှက်အရွယ်ပမာဏခန့်ရှိကြောင်း သိရသည်။

**(ရိုက်တာ)**

# ကိုင်ရိုဗုံးပေါက်ကွဲမှု လုံခြုံရေးတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး



**ကိုင်ရို ဒီဇင်ဘာ ၉**

ကိုင်ရိုမြို့ ပိရမစ်များသို့ သွားရာလမ်းပေါ်ရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် သောကြာနေ့က ဗုံးတစ်လုံး ပေါက်ကွဲသွားသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အနည်းဆုံး ခြောက်ဦးသေဆုံးခဲ့ကြောင်း မီနာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် အရာရှိနှစ်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ပြီး နောက်ထပ်လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးသတင်းရင်းမြစ်များ၏ ဖော်ပြချက်ကို ကိုးကား၍ မီနာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

မည်သူမည်ဝါက အယ်လ်ဟာရမ်လမ်းရှိ ဘာသာရေးအဆောက်အအုံအနီး လုံခြုံရေးဂိတ်ကို ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သည်ကို လတ်တလောတွင် မသိရသေးပေ။

**(ရိုက်တာ)**

# ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့နှင့် စစ်သွေးကြွအဖွဲ့ တိုက်ခိုက်မှုဖြစ် သုံးဦးသေဆုံး

**ဇမ်ဘွမ်ဂါ စီးတီး ဒီဇင်ဘာ ၉**

ကြာသပတေးနေ့က အစိုးရတပ်ဖွဲ့များနှင့် အဘူစေရက်ဖ် စစ်သွေးကြွတပ်ဖွဲ့ဝင်များ ဖိလစ်ပိုင်တောင်ပိုင်းတွင် ထိတွေ့မှုဖြစ်ပွားခဲ့ရာ အစိုးရတပ်ဖွဲ့ဝင်တစ်ဦးနှင့် စစ်သွေးကြွနှစ်ဦးသေဆုံးခဲ့ကာ ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးအာဏာပိုင်များက ပြောကြားသည်။

အမှတ် (၂၁) ခြေမြန်တပ်ရင်းမှ တပ်ဖွဲ့ဝင်များသည် အဘူစေရက်ဖ်တပ်ဖွဲ့ဝင်များနှင့် ဆူလုပြည်နယ်ပါတီကူမြို့ ပန်လယာဟမ်ရွာတွင် ထိပ်တိုက်တွေ့စဉ် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းဒေသသည် ဂျီမာအစလမ်မီယာ (ဂျေအိုင်)နှင့် အိုင်အက်စ်အကြမ်းဖက်အဖွဲ့တို့နှင့် ချိတ်ဆက်မှုရှိသည်ဟုယူဆရသော အဘူစေရက်ဖ် စစ်သွေးကြွအဖွဲ့များနေထိုင်ရာ နေရာတစ်ခုအဖြစ် ထင်ရှားသည်။

မင်ဒါနိုအနောက်ပိုင်းစစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးဖိုမွန်တန်က အစိုးရတပ်ဖွဲ့ဝင်များသည် စစ်သွေးကြွတပ်ဖွဲ့ဝင်အင်အား ၁၅၀ နှင့် ထိပ်တိုက်ထိတွေ့တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း တိုက်ခိုက်မှုသည် မိနစ် ၃၀ ခန့်ကြာကြောင်း ပြောသည်။

သောင်းကျန်းသူများဘက်မှ အကျအဆုံးများပြားလာသောကြောင့် နောက်ဆုံးတွင် ၎င်းတို့သည် ဆုတ်ခွာသွားကြကြောင်း သိရသည်။ အဘူစေရက်ဖ် စစ်သွေးကြွများ ဆုတ်ခွာသွားသောကြောင့် အစိုးရတပ်ဖွဲ့များသည် ယင်းဒေသကို ထိန်းသိမ်းနိုင်ခဲ့ကာ အမ် ၁၄ ရိုင်ဖယ်သေနတ်တစ်လက်လည်း သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ပြင်သစ်၌ လေထုညစ်ညမ်းမှု လျှော့ချရန် ပို့ဆောင်ရေးလုပ်ငန်းများ အခမဲ့လုပ်ဆောင်

**ပါရီ ဒီဇင်ဘာ ၉**

ပါရီတွင် မတူညီကွဲပြားခြားနားသော ယာဉ်စည်းကမ်းများကို ဒီဇင်ဘာ ၆ ရက်မှ ၈ ရက်အထိ ကျင့်သုံးခဲ့ကြောင်း မြို့တော်အာဏာပိုင်များက ပြောခဲ့သည်။ စုံနံပါတ်ပါရှိသောယာဉ်များကိုသာ ပါရီတွင် မောင်းနှင်ခွင့်ပြုမည်ဖြစ်ပြီ ကျေးလက်တွင် ယင်းယာဉ်စည်းကမ်းကို ဒီဇင်ဘာ ၈ ရက်က ကျင့်သုံးခဲ့ကြောင်းသိရသည်။

ထိုသို့ ကျင့်သုံးလိုက်ခြင်းမှာ လေထုညစ်ညမ်းမှုကို လျှော့ချလိုခြင်းဖြစ်ကြောင်း ကြေညာချက်တွင် အာဏာပိုင်များက ဖော်ပြခဲ့သည်။ အများပြည်သူသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကိုလည်း ယာဉ်အသုံးပြုခြင်းကို ကန့်သတ်လိုခြင်းကြောင့် ထိုနေ့တစ်နေ့လုံး အခမဲ့ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ပါရီတွင် လေထုညစ်ညမ်းမှု အမြင့်ဆုံးသို့ရောက်ရှိလျက်ရှိသောကြောင့် အများပြည်သူကျန်းမာရေး ထိခိုက်လာကြောင်း သိရသည်။

**(ဆင်ဟွာ)**

# နှစ်နှစ်ကြာတိုက်ခိုက်မှု အိုင်အက်စ် ငါးသောင်းကျော် ဆုံးရှုံးခဲ့ပြီဖြစ်

**ဝါရှင်တန် ဒီဇင်ဘာ ၉**

အီရတ်နှင့် ဆီးရီးယား၌ အမေရိကန်ဦးဆောင် မဟာမိတ်တပ်ဖွဲ့များ၏ နှစ်နှစ်ကြာတိုက်ခိုက် နှိမ်နင်းမှုတွင် အိုင်အက်စ်တိုက်ခိုက်ရေးအဖွဲ့ဝင် ငါးသောင်း ထက်မနည်းသေဆုံးခဲ့ရပြီဖြစ်ကြောင်း အမေရိကန်တပ်မတော် အာဏာပိုင်များက ပြောကြားခဲ့သည်။

အိုင်အက်စ်အဖွဲ့ဝင်များ၏ အန္တရာယ်မှာ ကြီးမားနေဆဲဖြစ်သည့် အပြင်ကျဆုံးသွားသူများနေရာတွင် လူစားထိုးမှုများလုပ်ဆောင်နိုင်ကြောင်း စစ်ဘက်အာဏာပိုင်များက သတိပေးပြောဆိုမှုပြုလုပ်ခဲ့သည်။ မိုလ်ဆူး၌ ပြင်းထန်သည့် ထိုးစစ်ဆင်တိုက်ခိုက်မှုများသည် အိုင်အက်စ်အဖွဲ့ကို အကြီးအကျယ် အထိနာစေခဲ့သည်။

**(ရိုက်တာ)**

# အိန္ဒိယတွင် ကားခေါင်းချင်းဆိုင်တိုက် ဆရာ ဆရာမ ၁၃ ဦးသေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၉**

အိန္ဒိယမြောက်ပိုင်းတွင် ယာဉ်တစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီး ခေါင်းချင်းဆိုင်တိုက်မိမှုရာမှ ဆရာ ဆရာမ ၁၃ ဦးထက်မနည်း သေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းအာဏာပိုင်များက ပြောသည်။

အဆိုပါ ယာဉ်မတော်တဆမှုသည် ပန်ဂျပ်ပြည်နယ်မြို့တော် ချန်ဒီဂါမှ ကီလိုမီတာ ၃၀၀ အကွာ ချန်မာဂျီရီကျေးရွာ ဖာဇီကာ - ဖာရိုဇီပါး၏ အဝေးပြေးလမ်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုတွင် ဆရာ ဆရာမ ၁၃ ဦး ပွဲချင်းပြီးသေဆုံးခဲ့သည်။ ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း အမည်မဖော်လိုသူ အဆင့်မြင့်ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။

ယင်းနေ့နံနက်ပိုင်းတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် ယာဉ်တစ်စီးနှင့်တစ်စီး ကောင်းစွာမမြင်ရဘဲ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဆရာ ဆရာမများမှာ ကျောင်းသို့စာသင်ရန် ထွက်ခွာလာသူများဖြစ်ကြောင်း သိရသည်။ ယာဉ်တိုက်မှုကို စုံစမ်းစစ်ဆေး အရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာနှင့် ဇန်နဝါရီလများတွင် အိန္ဒိယ၏ဆောင်းရာသီမှာ ဆိုးရွားလျက်ရှိကာ ဆီးနှင်းကျဆင်းမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**



# လွှတ်တော်အရည်အသွေးမြှင့်တင်ရေး အကျိုးရလဒ်သုံးသပ်ရေးအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) တို့မှ မြန်မာလွှတ်တော်သို့ ကူညီထောက်ပံ့ပေးရေးအစီအစဉ်များနှင့် စပ်လျဉ်း၍ လွှတ်တော်အရည်အသွေးမြှင့်တင်ရေး အကျိုးရလဒ်သုံးသပ်ရေးအဖွဲ့အစည်းအဝေး (Output Board Meeting) ကို နေပြည်တော်လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိ ခန်းမဆောင် လွှတ်တော်သင်ကြားရေးဌာန၌ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးသို့ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အဖွဲ့ဝင်များ၊ UNDP မှ Team Leader Democratic Governance Programme Ms. Emma Morley၊ UK House of Commons မှ Ms.Zoe Oliver Watt နှင့် Mr. David Hirst၊ Hanns Seidel Foundation မှ စီမံကိန်းမန်နေဂျာ Ms. Henirette Kuhnl၊ Westminster Foundation for Democracy မှ ဌာနေကိုယ်စားလှယ် ဒေါ်စောသီရိရှုပါနှင့် IPU အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၆ ခုနှစ်တွင် UNDP/IPU ၏ လွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့် ၂၀၁၇ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ အကဲဖြတ်ဆန်းစစ်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း နယူးယောက်မြို့အခြေစိုက် API ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၉**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့အခြေစိုက် American Jewish Committee' Asia Pacific Institute (API) မှ ဒါရိုက်တာ Mrs.Shira Loewenberg ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ကာကွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်တပ်မတော်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

---

❄ ***ရှေ့ဖုံးမှ***

နောက်တစ်ခုက ဘာတွေနိုင်သေးလဲဆိုရင် ငွေရဲ့ဝယ်နိုင်စွမ်းပါ။ ငွေတစ်ယူနစ်ရဲ့ဝယ်နိုင်စွမ်းဟာလည်း ကျတယ်။ အရင်တုန်းက ဒီငွေနဲ့ ဒီပစ္စည်းကို ဝယ်လို့ရပေမယ့် အခုမရတော့ဘူး။ ဒီငွေကြေးဖောင်းပွမှုဟာ အချက်အလက်အများကြီးအပေါ်မှာ မူတည်ပြီးတော့ ဖြစ်လာတာပါ။ ချက်ချင်းကြီး တက်လာအောင်လည်း လုပ်လို့မရနိုင်သလို ချက်ချင်းကြီးကျသွားအောင်လည်း လုပ်ဖို့ အင်မတန်မှ ခက်ပါတယ်။ ဒီငွေကြေးဖောင်းပွမှုဟာ ကောင်းသလား၊ မကောင်းဘူးလားဆိုတဲ့ ဒီလိုမေးခွန်းလေးတွေ မေးလာရင်တော့ ဖြေရမယ့်အဖြေကတော့ ကျွန်တော်တို့အမြင်ကတော့ ငွေကြေးဖောင်းပွမှုဟာ အထိုက်အလျောက်ရှိနေပါတယ်။ စီးပွားရေးဖွံ့ဖြိုးမှုရအောင် လုပ်ခြင်းဟာ အကောင်းဆုံးပဲလို့ မြင်ပါတယ်။

ငွေကြေးဖောင်းပွမှုဟာ မကောင်းဘူးဆိုတဲ့အတွက်ကြောင့် ငွေကြေးဖောင်းပွမှုမရှိတာ ကောင်းတယ်လို့ ယူဆရင် မှားပါမယ်။ စီးပွားရေးပညာမှာ ဒီလိုသဘောမျိုးလေးတွေ ရှိပါတယ်။ ငွေကြေးဖောင်းပွမှု အတန်အသင့်ရှိတာကို လက်ခံပြီးတော့ အရေးကြီးတာကတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိအောင်လုပ်ဖို့၊ လူတွေရဲ့ လူနေမှုအဆင့်အတန်းတွေ မြင့်မားလာအောင်၊ တစ်ဦးချင်းဝင်ငွေ မြင့်မားလာအောင်လုပ်ဖို့က ပိုပြီးတော့ အရေးကြီးပါတယ်။

အဲဒီတော့ သူနဲ့တစ်ဆက်တစ်စပ်တည်း ငွေကြေးဖောင်းပွမှုရဲ့ဆန့်ကျင်ဘက်ကတော့ ငွေကြေးကျုံ့သွားမှု (Deflation) ပါပဲ။ ငွေကြေးကျုံ့သွားရင်လည်း ဒါမလိုလားအပ်တဲ့ လက္ခဏာပါပဲ။ ဆိုလိုတဲ့သဘောကတော့ ကုန်ဈေးနှုန်းတွေက ကျနေတယ်ဆိုရင် ထုတ်လုပ်တဲ့သူတွေကလည်း ဒီဈေးနှုန်းနဲ့ မကိုက်တော့ မထုတ်လုပ်နိုင်ဘူး။ အဲဒီတော့ စီးပွားရေးဖွံ့ဖြိုးမှုကို တစ်ခါသွားပြီးတော့ ထိခိုက်တယ်။ မူဝါဒတွေချမှတ်ပြီးတော့ ကားတွေအများကြီး တင်သွင်းလိုက်တယ်။ ကားဈေးတွေ ကျတယ်။ လူတွေက ကားဝယ်နိုင်တာမှန်ပေမယ့် ကားရှိသလောက်ငွေဟာမရှိတော့ဘဲနဲ့ ဈေးကျသွားတဲ့ အနေအထားကြောင့် စီးပွားရေးအဆောက်အအုံ ပြန်ပြီးထိခိုက်တယ်။ အလားတူပဲ စပါးပေါ်တဲ့အချိန်မှာ စပါးဈေးတွေ ကျနေမယ်ဆိုလို့ရှိရင်လည်း ရသင့်ရထိုက်တဲ့ပစ္စည်းရဲ့ တန်ဖိုးဟာ ထုတ်လုပ်မှုရဲ့တန်ဖိုးကို မကာမိဘဲ ငွေက ကျုံ့နေမယ်၊ ကျနေမယ်ဆိုရင် ဒါစီးပွားရေးမှာ မကောင်းတဲ့ အကျိုးသက်ရောက်မှုပဲဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ လယ်သမားတွေအတွက်ကို စပါးပေါ်လာတဲ့အချိန်မှာ စပါးဈေးတွေ ကျနေမယ်ဆိုရင် စပါးဈေးပြန်ပြီး သင့်တင့်တဲ့အနေအထား ရောက်လာအောင် ပြန်ထိန်းပြီး လုပ်ပေးရတာတွေလည်းရှိပါတယ်။ ငွေကြေးဖောင်းပွမှုက ပြောရမယ်ဆိုရင် ငွေကြေးဖောင်းပွမှုနဲ့ ငွေကြေးကျုံ့မှုကြားမှာ နှစ်ခုစလုံးကတော့ ရှိသင့်ရှိထိုက်တဲ့ အတိုင်းအတာအတွင်း မရှိရင် မကောင်းဘူးလို့ ပြောရပါလိမ့်မယ်။

အဲဒီနှစ်ခုကြားထဲက ဈေးနှုန်းတည်ငြိမ်မှုကို ဦးတည်ပြီး သွားရမှာပါပဲ။ ငွေကြေးဖောင်းပွမှုက မကောင်းဘူးလို့ အမြဲတစေ ပြောလို့မရပါဘူး။ အလားတူပဲ ငွေကျုံ့မှုဟာလည်း မကောင်းဘူးလို့ အမြဲတစေပြောလို့မရပါဘူး။ ဒီနှစ်ခုကြားထဲက ရှိသင့်ရှိထိုက်တဲ့ အတိုင်းအတာထဲက ကုန်ဈေးနှုန်းနဲ့ ငွေတန်ဖိုးကိုလည်း တည်ငြိမ်အောင် ထိန်းထားနိုင်မယ်ဆိုတဲ့ အနေအထားလေးရှိမယ်ဆိုရင် အများကြီးကောင်းပါတယ်။

**မေး ။ ပြည်သူတွေကြားမှာ ဆင်းရဲသား တစ်နေ့လုပ် တစ်နေ့စားတွေအတွက် ပိုပြီး ထိခိုက်မှုရှိတယ်လို့ မြင်နေကြတယ်။ အဲဒါတွေနဲ့ပတ်သက်ပြီး လူတန်းစားပေါင်းစုံနဲ့ သက်ဆိုင်လားဆိုတာ သိချင်ပါတယ်။**

ဖြေ ။ စောစောက ပြောသလိုပါပဲ။ ကျွန်တော်တို့ ငွေကိုကိုင်ထားပြီးတော့ ဒီငွေရဲ့တန်ဖိုး၊ ဝယ်နိုင်စွမ်းကျသွားတဲ့အခါကျတော့ ငွေဖောင်းပွမှုနှုန်းဟာ မြင့်တက်နေမယ်ဆိုရင် အခြေခံလူတန်းစားတွေကို ထိခိုက်မယ်ဆိုတာ မှန်ပါတယ်။ ကျွန်တော်တို့ဟာ High Level, Low Level , Moderate Level ဆိုတဲ့ Level လေးတွေရှိတဲ့အခါမှာ Low Level နဲ့ Moderate Level ကိုတော့ လက်သင့်ခံနိုင်တဲ့အနေအထားမျိုးမှာ ရှိပါတယ်။



စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်ကလုပ်နေမယ်ဆိုရင် Low Level သို့မဟုတ် Moderate Level အထိ ရောက်ရင် ရောက်သွားနိုင်တယ်။ သို့ရာတွင် High Level တော့ မဖြစ်သင့်ဘူး။ အဲဒီလိုဖြစ်သွားရင်တော့ ကျွန်တော်တို့ စီးပွားရေးထိခိုက်မှုတွေ အများကြီးရှိတယ်။ ရှုထောင့်အမျိုးမျိုးက ကြည့်တဲ့အခါကျရင် မြင့်မားနေတယ်ဆိုတဲ့အချိန်မှာ ငွေကို ရမယ့်လူဘက်ကကြည့်ရင် ကောင်းတယ်လို့ မြင်ပါလိမ့်မယ်။ အခုချိန်မှာ Exchange Rate ဒေါ်လာဈေးမြင့်တက်နေလို့ မြန်မာငွေတန်ဖိုး ကျနေမယ်ဆိုရင် ပို့ကုန်သမားအတွက်က အလွန်ကောင်းပါတယ်။ ဒါပေမယ့် သွင်းကုန်သမားဘက်က မကောင်းပြန်ဘူး။ အဲဒီလိုပဲ လူတန်းစားကလည်း အမျိုးမျိုးရှိတဲ့အခါမှာ အခြေခံလူတန်းစားအနေနဲ့ကတော့ အထွေထွေကုန်ဈေးနှုန်းတွေဟာ တက်သင့်တက်ထိုက်တဲ့ အတိုင်းအတာထက် မြင့်တက်နေမယ်ဆိုရင် ရတဲ့ဝင်ငွေနဲ့ သုံးစွဲနိုင်မှု စွမ်းအားနဲ့ ဝယ်နိုင်စွမ်းကွာဟချက်တွေရှိလာရင် မကောင်းပါဘူး။ ထိခိုက်တာ ထိန်းသိမ်းပေးဖို့ လိုပါတယ်။

**ဦးဆက်အောင်**
**ဒုတိယဥက္ကဋ္ဌ**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**မေး ။ ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားနေတာကို ထိန်းချုပ်ဖို့အတွက် ဆောင်ရွက်နေတာကိုလည်း သိချင်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ငွေကြေးမူဝါဒပိုင်းဆိုင်ရာ ကျင့်သုံးဆောင်ရွက်နေမှုတွေနဲ့ ပတ်သက်ပြီးတော့ ဆရာ့အနေနဲ့ ပြောပြပေးပါရှင့်။**

ဖြေ ။ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ပြောသွားတာ ပြန်ဆက်မယ်ဆိုရင် ဒီငွေကြေးဖောင်းပွမှုဆိုတာနဲ့ ပတ်သက်ပြီး အဆင့်တွေ အများကြီးရှိပါတယ်။ ပထမ Level က တော့ Creeping Inflation ဆိုတာက ၃ ရာခိုင်နှုန်းကျော်ရင်တော့ Creeping Inflation ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီထက်ပိုမြင့်သွားမယ်ဆိုရင် Walking Inflation လို့ ခေါ်ပါတယ်။ Walking Inflation ကတော့ ၃ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းအထိ ဖြစ်ပါတယ်။ ၁၀ ရာခိုင်နှုန်းထက်ကျော်သွားမယ်ဆိုရင် Running Inflation လို့ ခေါ်ပါတယ်။ အဲဒီ Level ကတော့ နိုင်ငံတွေ အများကြီးရှိပါတယ်။ Running Inflation ကနေ ကျော်သွားလို့ ၂၀ ရာခိုင်နှုန်းဖြစ်သွားမယ်ဆိုရင် Hyperinflation လို့ခေါ်ပါတယ်။ Hyperinflation ဖြစ်သွားမယ်ဆိုရင် တိုင်းပြည်ကို ဒုက္ခရောက်စေမယ့် ငွေကြေးဖောင်းပွမှုပဲ ဖြစ်ပါတယ်။ Inflation များတာ မကောင်းသလို Deflation ဖြစ်တာလည်း မကောင်းပါဘူး။ inflation မရှိတာလည်း မကောင်းပါဘူး။ Inflation မရှိတာကျတော့ နောက်ဆုံးအသစ်ထွက်တဲ့ စကားလုံးအရ Noflation လို့ ခေါ်ပါတယ်။

အခု ဥရောပနိုင်ငံတွေနဲ့ တချို့နိုင်ငံတွေမှာ ဘာဖြစ်နေလဲဆိုရင်တော့ Deflation ဖြစ်နေပါတယ်။ တချို့နိုင်ငံတွေမှာ Inflation အလွန်ကို နည်းနေတဲ့အတွက်ကြောင့် Noflation လို့ သတ်မှတ်ပါတယ်။ အဲဒါလည်း လုံးဝမကောင်းပါဘူး။ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေ တော်တော်များများကတော့ စီးပွားရေးတိုးတက်မှုနှုန်းက တက်လာရင်၊ ကြီးထွားလာရင် စီးပွားရေးအလွန်ဖွံ့ဖြိုးတဲ့နိုင်ငံတွေ မဟုတ်တဲ့အတွက် သူ့ရဲ့အခြေခံက နည်းတာဖြစ်တဲ့အတွက် ဒီစီးပွားရေးတိုးတက်မှုနှုန်းတက်လာရင် Walking Inflation နဲ့ Running Inflation ကို ရောက်သွားတတ်ပါတယ်။ ကျွန်တော်တို့ဆီမှာ ဘာဖြစ်လဲဆိုတော့ အရင်နှစ်က ရေကြီးနစ်မြုပ်တာတွေနဲ့ ပေါင်းလိုက်မယ်ဆိုရင် Inflation Level က ၄၀ ရာခိုင်နှုန်း ကျော်သွားခဲ့ပါတယ်။ အဲဒါဆိုရင် ကျွန်တော်တို့က ဘယ်ထဲပါသွားသလဲဆိုရင် Running Inflation ထဲ ပါသွားပါတယ်။ ဒီနှစ်ပိုင်းကတော့ Inflation Level အလွန်ကို ပြန်ကျပါတယ်။

Inflation ကို တွက်တာကတော့ Central Statistics of Organization (CSO) က တွက်တာဖြစ်တဲ့အတွက် ပြန်ကျတာကတော့ ၆ ရာခိုင်နှုန်းလောက် ဖြစ်လာပါတယ်။ Walking Inflation ထဲကို ပြန်ကျလာပါတယ်။ Inflation ကတော့ Walking and Running ထဲမှာ သွားနေတာကတော့ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ရှိနေပါတယ်။ ဒါပေမယ့် ဒီထက်ပိုတက်မသွားဖို့တော့ အရေးကြီးပါတယ်။ ဒီထက်ပိုပြီး တက်မသွားဖို့ ကျွန်တော်တို့ ထိန်းသိမ်းရမှာဖြစ်ပါတယ်။ အဲလို ထိန်းသိမ်းတဲ့အခါမှာ ကျွန်တော်တို့ ဗဟိုဘဏ်အနေနဲ့ ထိန်းမယ်ဆိုရင်တော့ Inflation က ဗဟိုဘဏ်တစ်ခုတည်းက ထိန်းလို့မရပါဘူး။ ဆက်စပ်ဌာနတွေ အားလုံးပေါင်းပြီးတော့ ထိန်းရမှာဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ငွေဖောင်းပွမှု ဖြစ်တယ်ဆိုတဲ့ အကြောင်းရင်းကို ကြည့်လိုက်ရင် ဝယ်လိုအား ဆွဲအားကြောင့် ဖြစ်ပေါ်ခြင်း၊ စရိတ်တွေရဲ့ တွန်းအားကြောင့် ဖြစ်ပေါ်ခြင်း၊ သွင်းကုန်တွေအပေါ် ကန့်သတ်ခြင်းကြောင့် ဖြစ်ပေါ်ခြင်း၊ ပြည်သူတွေက ကုန်ပစ္စည်းဈေးနှုန်းတွေ မြင့်တက်မယ်လို့ မျှော်လင့်ခြင်းနဲ့ အမြန်ငွေရလိုမှုကြောင့် ကောလာဟလထုတ်လွှင့်ဈေးကစားခြင်း၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခြင်း၊ နိုင်ငံတွေရဲ့ထုတ်ကုန်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်မှု လျော့ကျခြင်းတို့ကြောင့် ကုန်ထုတ်လုပ်မှု သို့မဟုတ် ရောင်းလိုအား လျော့နည်းကျဆင်းလာခြင်းကြောင့် ဖြစ်ပေါ်ခြင်း၊ လူဦးရေတိုးတက်လာခြင်းတွေ ပါပါတယ်။

ပြီးတော့လည်း မိမိနိုင်ငံအတွင်းကို လာရောက်နေထိုင်သူများပြားလာခြင်း၊ ငွေကြေးခဝါချမှုများနဲ့ အဂတိလိုက်စားမှုများ တည်ရှိခြင်းတို့ကြောင့် ဝယ်လိုအားများ တက်လာပြီး ဈေးနှုန်းမြင့်တက်မှုဖြစ်ပေါ်ခြင်း၊ ပုံမှန်အားဖြင့် ပို့ကုန်ဟူသည်မှာ ထုတ်လုပ်မှုမှ ပြည်တွင်းစားသုံးပြီး ပိုလျှံတဲ့ ကုန်ပစ္စည်းတွေကိုသာ တင်ပို့လေ့ရှိရာ ထုတ်လုပ်မှုအခြေအနေကို အတိအကျမသိရှိဘဲ တင်ပို့ခြင်း၊ တရားမဝင် နယ်စပ်ဖြတ်ကျော်တင်ပို့မှုများကလည်း ပြည်တွင်းဈေးကွက်မှာ ကုန်စည်လက်ကျန်နည်းသွားခြင်းကြောင့် ဈေးနှုန်းမြင့်တက်မှု ဖြစ်ပေါ်ခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းသက်သာပြီး မိမိနိုင်ငံရဲ့ ငွေကြေးတန်ဖိုး ကျဆင်းလာကာ သွင်းကုန်များ ဈေးကြီးလာခြင်းကြောင့် ဖြစ်ပေါ်ခြင်းစတာတွေကြောင့် အထွေထွေကုန်ဈေးနှုန်း မြင့်တက်လာရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ကို ငွေကြေးဖောင်းပွမှုနဲ့ ပတ်သက်ပြီး IMF ရဲ့အကြံပြုချက်တွေလည်းရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံနဲ့ သင့်တော်တဲ့ လုပ်နည်းလုပ်ဟန်တွေကိုတော့ လုပ်ကိုင်ပါတယ်။ မြန်မာနိုင်ငံနဲ့ မသင့်တော်တဲ့ လုပ်နည်းလုပ်ဟန်တွေကိုတော့ နည်းနည်းဆွဲပြီး လုပ်နေတဲ့ အနေအထားရှိပါတယ်။

**ဒေါ်ဝါဝါမောင်**
**ညွှန်ကြားရေးမှူးချုပ်**
**ဗဟိုစာရင်းအင်းအဖွဲ့**

**မေး ။ ဗဟိုစာရင်းအင်းအဖွဲ့ရဲ့ လုပ်ငန်းဆောင်ရွက်မှု အနေအထားတွေနဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို လအလိုက်၊ နှစ်အလိုက် ဘယ်လိုကိန်းဂဏန်း အချက်အလက်တွေအပေါ် အခြေခံပြီးတော့ တွက်ချက်ဆောင်ရွက် ထုတ်ပြန်ပေးနေတယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ဒီငွေကြေးဖောင်းပွမှုနှုန်းနဲ့ပတ်သက်ပြီး တွက်ချက်တဲ့အခါမှာ တွက်ချက်မှုနည်းလမ်းတွေကို ယုံကြည်မှုရှိဖို့အတွက် ပြန်ပြီးတော့ လေ့လာသုံးသပ်ပါတယ်။ လေ့လာသုံးသပ်တဲ့အခါမှာ ဒီတစ်နှစ် တစ်နှစ်ခွဲကြားထဲမှာ International Monetary Fund ကို Joint Exercises နဲ့ ရှစ်ကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုတွက်ချက်တဲ့အခါမှာ အဓိကကတော့ လူတစ်ယောက် အသက်ရှင်နေထိုင်ဖို့အတွက် သုံးနေတဲ့ အဓိကကုန်စည်တွေရဲ့ ဈေးနှုန်းတွေကို ကောက်တယ်။ ဈေးနှုန်းက ကာလတစ်လျှောက် လုံးမှာ ဘယ်လိုတိုးတက်နေသလဲဆိုတာကို ကျွန်မတို့ တွက်ချက်တယ်။ ကျွန်မတို့က လေ့ကျင့်ခန်းအနေနဲ့ နေ့တိုင်းတွက်ချက်ပါတယ်။ အပတ်စဉ်တိုင်း ထုတ်ပြန်တယ်။

လစဉ်အနေနဲ့ The selected monthly economic indicator (SMEI) စာအုပ်မှာ ထုတ်ပြန်တယ်။ နှစ်စဉ်ဆိုရင်တော့ Statistical Year book မှာ ထုတ်ပြန်ပါတယ်။ ကျွန်မတို့က အပတ်စဉ်တိုင်းမှာ ဗဟိုစာရင်းအင်းအဖွဲ့ဝက်ဘ်ဆိုက်မှာ ငွေကြေးဖောင်းပွမှုနှုန်းကို အချိန်နဲ့တစ်ပြေးညီ တင်ပေးပါတယ်။ အဲဒီလို တွက်ချက်တဲ့အခါမှာ အရင်တုန်းကဆိုရင် ၂၀၀၆ နဲ့ တွက်ချက်တယ်။ အခု ၂၀၁၆ ဆိုတော့ ၁၀ နှစ်ရှိသွားပြီ။ တခြားနိုင်ငံတွေကလည်း သူတို့ရဲ့ Base Years တွေကို ပြန်ချိန်းနေပြီ။ ပြန်တည်ဆောက်နေပြီ။ ကုန်စည်တွေကို ပြန်ပြီးတော့ စိစစ်တဲ့အခါမှာ ကုန်စည်အမျိုးအမယ်ပေါင်း ၁၅၈ မျိုးကို ကောက်ခဲ့ပါတယ်။ ဒီတော့ အခုလက်ရှိ လူအများစု အသုံးပြုနေတဲ့ ကုန်စည်အမျိုးအမည်ကို လိုက်ပြီးရှာဖွေတဲ့အခါမှာ လက်ရှိစားသုံးမှုပုံသဏ္ဌာန်ကို ထင်ဟပ်စေတဲ့ အခုတွက်ချက်မှုဟာ ကုန်စည် ၂၇၄ မျိုးအပေါ်မှာ စိစစ်ပြီးတော့ တွက်ချက်တဲ့အတွက် ပိုပြီးတော့ ခိုင်မာတယ်။

နောက်တစ်ခုက ကျွန်မတို့က ဈေးနှုန်းကို ကောက်ခံတဲ့အခါမှာ အသေးစိတ်ကောက်ခံလို့မရဘူး။ နောက်တစ်ခုက မြန်မာပြည်အနှံ့အပြား ကိုယ်စားပြုရမှာဖြစ်တဲ့အတွက် မြို့ကြီးနဲ့ မြို့ငယ်လေး ၈၀ ကျော်ကို ကောက်ခံခဲ့ပါတယ်။ ကုန်စည်ရဲ့အမျိုးအစားတွေ နှစ်အလိုက်ကောက်ခံလို့ရတဲ့ ဈေးနှုန်းတွေကို ပြန်ပြီးစိစစ်တယ်။ လွန်ခဲ့တဲ့သုံးလအတွင်း အသွင်ကူးပြောင်းရေးကာလဆိုတော့ Base Years ကို နှစ်မျိုးစလုံးနဲ့ ထုတ်ပြန်ခဲ့တယ်။

စောစောက ဒုတိယဝန်ကြီးနဲ့ ဒုတိယဥက္ကဋ္ဌ ဆွေးနွေးခဲ့သလိုပဲ ငွေကြေးဖောင်းပွမှုနှုန်းက ၂၀ ရာခိုင်နှုန်းကျော်ရင် မကောင်းဘူး။ ဒါကြောင့် ထိန်းချုပ်ရမယ့်အနေအထားမျိုးတော့ ရှိပါတယ်။ ဒါပေမယ့် ကျွန်မတို့အနေနဲ့ ဒီလိုအခြေအနေမျိုးတွေနဲ့ အရင်တုန်းကလည်း ကြုံခဲ့ဖူးပါတယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို တွက်ချက်တဲ့အခါမှာ နိုင်ငံတကာက အတွေ့အကြုံရှိတဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)လို အဖွဲ့အစည်းတွေနဲ့ အကြိမ်ကြိမ် ညှိနှိုင်းဆောင်ရွက်ပြီး ယုံကြည်မှုရှိရှိနဲ့ ထုတ်ပြန်ခဲ့ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ငွေကျပ် ၁၉ သိန်းကျော်တန်ဖိုးရှိ တရားမဝင် သိုလှောင်ဘီယာပါကင်များအား ဝင်ရောက်ဖမ်းဆီး

**သထုံ ဒီဇင်ဘာ ၉**

မွန်ပြည်နယ် သထုံမြို့နယ် ထောင်မှူးကျေးရွာအုပ်စု သုဓမ္မဝတီမြို့သစ်၌ ဒီဇင်ဘာ ၈ ရက် ညနေပိုင်းက ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းအဖွဲ့တို့က သတင်းအရ ဝင်ရောက်ရှာဖွေရာမှ ငွေကျပ် ၁၉ သိန်းကျော်တန်ဖိုးရှိ တရားမဝင်သိုလှောင်ထားသော ဘီယာပါကင်များကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တရားမဝင်အကောက်ခွန်မဲ့ ဘီယာပါကင်များ သိုလှောင်ထားကြောင်း သတင်းအရ သထုံမြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်အခွန်ဦးစီးဌာနတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် သုဓမ္မဝတီမြို့သစ် (က) ရပ်ကွက်ရှိ ကိုမျိုးဝင်းလှိုင် ပိုင်ဆိုင်သော ဂိုဒေါင်အားဝင်ရောက်ရှာဖွေရာ ဂိုဒေါင်အတွင်း သိုလှောင်ထားသော CHANG BEER တစ်ပါကင်လျှင် ၂၄ ဘူးပါ ပါကင်ပေါင်း ၁၀၀ တစ်ပါကင်လျှင် ငွေကျပ် ၁၁၀၀၀ နှုန်း၊ SINGHA BEER တစ်ပါကင်လျှင် ၂၄ ဘူးပါ ပါကင်ပေါင်း ၈၅ ပါကင် တစ်ပါကင်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်း စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း သထုံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ယစ်မျိုးပစ္စည်းများ သိုလှောင်ထားသူ ကိုမျိုးဝင်းလှိုင်အား သုဓမ္မဝတီနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သက်ဦး(သထုံ)**




# ကျောက်တောင်၌ ခိုးမှုကျော်စောသတင်းရှိသူ အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးသိမ်းဆည်းရမိ

**တာချီလိတ် ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ကျောက်တောင်၌ ဒီဇင်ဘာ ၈ ရက် ညနေပိုင်းက ခိုးမှုကျော်စောသတင်းရှိသူ အမျိုးသမီးတစ်ဦးထံမှ အလေးချိန် ၁၅ ဂရမ်ခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး သိမ်းဆည်းရမိသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၈ ရက် ညနေ ၅ နာရီခွဲက တာချီလိတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲအုပ် ကြည်ဖြူကြည်၊ မြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီး အောင်စိုးမိုးနှင့် တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ပုန်ထွန်းရပ်ကွက် ကျောက်တောင်ရွာ သီရိဟံသာဘုန်းကြီးကျောင်းရှေ့ လမ်းမပေါ်၌ ခိုးမှုကျော်စောသတင်းရှိသူ မသေမင်(ခ)လားဟူမအား တွေ့ရှိသဖြင့် စစ်ဆေးရာ လည်ပင်းတွင် တွေ့ရှိသော အုန်းဆံကြိုးနှင့် အသည်းပုံဆွဲသီးပါ ရွှေဆွဲကြိုး အလေးချိန် ၁၅ ဂရမ်ခန့်ပါ တစ်ကုံးကို တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရာ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် သိမ်းဆည်းခဲ့သည်။

ရွှေထည်ပစ္စည်းများအား ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသော မသေမင် (ခ) လားဟူမ (၁၉ နှစ်) ယန်းခေါင်ရွာ မိုင်းဟဲအုပ်စုတာချီလိတ်မြို့နယ် နေသူအား တာချီလိတ်မြို့မ ရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# အကောက်ခွန်မဲ့ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**ဖန်းမော် ဒီဇင်ဘာ ၉**

ကချင်ပြည်နယ် ဖန်းမော်ခရိုင် မိုးမောက်မြို့နယ် မြစ်ကြီးနား - လွယ်ဂျယ် ကားလမ်းဆုံ၌ ဖန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးစီးသော အကောက်ခွန်လှည့်ကင်းအဖွဲ့သည် ဒီဇင်ဘာ ၇ ရက်က ဦးလဘန်တူး မောင်းနှင်လာသည့် ခရီးသည်တင် ပါဂျဲရိုးနှင့် ဦးမောင်ညီ မောင်းနှင်လာသည့် ဟိုင်းလတ်ယာဉ်ပေါ်တို့၌ အထောက်အထား ပြသနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ ပစ္စည်းများကို ခရီးသည်ပစ္စည်းများနှင့် ရောနှောသယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရသည်။

ဆက်လက်ပြီး ဖန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်မောင်းနှင်စေခဲ့ရာ ည ၈ နာရီတွင် စတင်စိစစ်ရာ တရုတ်နိုင်ငံလုပ် ကလေးကျောပိုးအိတ် ၉၀ အပါအဝင် လူသုံးကုန်ပစ္စည်းသုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ်ကိုးသိန်းခန့်၊ တရုတ်နိုင်ငံလုပ် အမျိုးသမီးဝတ်အင်္ကျီအပါအဝင် လူသုံးကုန်ပစ္စည်း ၈ မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄ သိန်းခန့်နှင့် တရုတ်စာတန်းပါ စိုက်ပျိုးရေးသုံး မြေဆွေးအိတ် ၁၂၇ အိတ်ခန့် မှန်းတန်ဖိုး ငွေကျပ် နှစ်သိန်းခွဲတို့ကို ဖမ်းဆီးရမိပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ယာဉ်တိုက်မှုမှ တရားမဝင်ကျွန်းသစ်များနှင့် မီးသွေးအိတ်များ ဆက်လက်သိမ်းဆည်းရမိ

**တောင်ငူ ဒီဇင်ဘာ ၉**

တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာတောင်ဘက်တစ်ဖာလုံခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်း၌ ဒီဇင်ဘာ ၆ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်က တရားမဝင်ကျွန်းသစ်ခွဲသားများအား အောက်တွင်ခံ၍ မီးသွေးအိတ်များ တင်ဆောင်လာသော ၁၂ ဘီးကုန်တင်ယာဉ်က နွားလှည်းကိုတိုက်မိခဲ့ပြီး လူလေးဦးစီးနင်းမောင်းနှင်လာသည့် ဟွန်ဒါဖစ်ယာဉ်အားဝင်ရောက်တိုက်မိမှုကြောင့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်မှ တိမ်းမှောက်သွားသည့် ၁၂ဘီးကုန်တင်ယာဉ်ပေါ်၌ တင်ဆောင်လာသော တရားမဝင်ကျွန်းသစ်ခွဲသား ၆၄ ချောင်း ၃ ဒသမ ၇၅၇၂ တန်၊ မီးသွေးအိတ် ၄၂၂ လုံး၊ ၄၅ တန် ကာလတန်ဖိုးငွေကျပ် ၂၁၄၈၆၀၀ သိမ်းဆည်းရမိခဲ့သဖြင့် တောင်ငူသစ်တောဦးစီးဌာနက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



# ချောင်းအင်းအတွင်းမှ သေနတ်တစ်လက်တွေ့ရှိ

**ညောင်လေးပင် ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့အနောက်ဘက် လေးမိုင်ခန့်အကွာ နဘဲပင်ကျေးရွာအရှေ့ဘက် တောရကျောင်းအနီးရှိ ချောင်းအင်းအတွင်းမှ ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီခန့်က တပ်မတော်သုံး G3 အမျိုးအစား သေနတ်တစ်လက်အား ဆာလာအိတ်ဖြင့်ထည့်လျက် အင်းပိုင်ရှင် ဦးသိန်းထွန်းက တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာသို့ သတင်းပို့အကြောင်းကြားခဲ့ကြောင်း သိရသည်။

သတင်းအရ ပြွန်တန်ဆာမြို့ နယ်မြေရဲစခန်းမှူး ရဲအုပ်စိုးသိမ်း ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ G3 အမျိုးအစားသေနတ်မှာ သံချေးများတက် ကျည်ဘောက်တပ်လျက် ကျည်ဆန်မပါ (မောင်းတင်၍မရ)တွေ့ရှိခဲ့ပြီး ညောင်လေးပင်မြို့ရှိ အမှတ်(၂၀) ခြေမြန်တပ်ရင်းသို့ လွှဲပြောင်းပေးအပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မဘိမ်းနှင့် တောင်ကြီးမြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၈ ရက်က တောင်ကြီးမြို့ ပြည်တော်သာရပ်ကွက် နယ်မြေ(၈) သဇင်လမ်း အမှတ်(ပ/၂၈၈)နေ ဦးကျော်ဇင်ဦး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၃၅ ပြား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က မဘိမ်းမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မဘိမ်းမြို့နယ် မယ်ဇလီကျေးရွာနေ မောင်မျိုး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

**ဥပဒေဘောင်တွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**




**ဇနီးမယားအဖြစ် သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၅)လမ်း၊ အမှတ်(၆၅၉)နေ ဦးအောင်မြတ်စိုး (၁၂/ဥကတ(နိုင်)၁၅၅၀၉၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးအောင်မြတ်စိုး နှင့် (အဘ) ဦးဝင်းဇော် ၏သမီးဖြစ်သူ ဒေါ်ဧပရယ်ဝင်းဇော် တို့သည် (၁၆-၁၀-၂၀၁၄)ရက်နေ့တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံခဲ့ပြီး သားတစ်ဦး ထွန်းကားရရှိခဲ့ပါသည်။

ယခုအခါ ဦးအောင်မြတ်စိုး နှင့် ဒေါ်ဧပရယ်ဝင်းဇော် တို့ တစ်ဦးနှင့် တစ်ဦး စိတ်သဘောထားချင်း မသင့်မမြတ်ဖြစ်၍ စကားများရာမှအစ ဒေါ်ဧပရယ်ဝင်းဇော် က ဦးအောင်မြတ်စိုးအား နေအိမ်မှ အပြီးအပိုင်နှင်ထုတ်ခွဲခွာသွားသည့်အပြင် နောက်နောင်တွင် ပတ်သက်မှုမရှိတော့ကြောင်း၊ ခင်ပွန်းအဖြစ်လည်း မသတ်မှတ်နိုင်တော့ကြောင်း ပြောဆိုခဲ့သည်ဖြစ်၍ ဦးအောင်မြတ်စိုး မှလည်း ဒေါ်ဧပရယ်ဝင်းဇော် အပေါ် ဇနီးမယားအဖြစ် ဆက်လက်၍ ပတ်သက်ဆက်နွယ်ရန် အကြောင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ယမင်းထွေး စဥ်-၃၅၀၆၆ LL.B
အထက်တန်းရှေ့နေ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ ရေဝတီလမ်း၊ မြေကွက်အမှတ်(၁၇၀၃)ဟုခေါ်တွင်သော မြေအလျား× အနံ (၄၀×၆၀)ပေအကျယ်အဝန်းရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မောင်သိန်း (PME-၀၈၅၃၂၃) ထံမှ စာချုပ်စာတမ်း အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးထွန်း** (၁၂/ခရန(နိုင်)၁၇၅၄၁၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခု ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်ဝါဝါနိုင်** စဥ်-၁၇၁၁၈ LL.B, D.B.L, D.I.L (အထက်တန်းရှေ့နေ)
အမှတ်(၁၁၃၀)၊(၁၅)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၈၇၇၁၉

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၄ယ/၇၄၉၂၁ Yamaha FZS-150 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၉/အမဇ(နိုင်)၀၇၅၈၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

မိတ္ထီလာမြို့နယ်၊ လျှော်ဖြူကန်ကျေးရွာအုပ်စု၊ အကွက်အမှတ် ၆၂၇/ဆင်သေရိုး၊ ဦးပိုင်အမှတ် ၂၄၅/၇၇၆၊ ဧရိယာ ၀ ဒသမ ၈၃၇ ဧကရှိမြေကွက်သည် ဦးဇော်မင်း အမည်ဖြင့် DORP NO ၆၉/၂၀၀၉-၂၀၁၀အရ ၁၃-၅-၂၀၁၀ ရက်မှ ၁၂-၅-၂၀၄၀အထိ နှစ်၃၀ ဂရန်ရရှိထားပြီး မြေကွက်ဖြစ်ပါသည်။ ယခုအခါ ၎င်းဧရိယာ ၀ ဒသမ ၈၃၇ဧကအနက်မှ ဧရိယာ ၀ ဒသမ ၁၁၅ ဧကအား ဦးညီညီကျော်မှ မြေငှားဂရန်ခွဲအမည်ပြောင်းလျှောက်ထားလာရာ လျှောက်ထားမြေသည် ဦးဇော်မင်း၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးမြင့်အောင် ၉/မထလ(နိုင်)၁၇၀၅၂၁နှင့် ဦးညီညီကျော်တို့မှ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စာချုပ်အား မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာနမှူးရုံးတွင် မှတ်ပုံတင်ကာ မြေကွက်အား အပြီးအပိုင်ဝယ်ယူလိုက်ကြောင်း စာချုပ်စာတမ်းများအားတင်ပြကာ ဦးညီညီကျော်မှ မြေငှားဂရန်ခွဲအမည်ပြောင်းလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံသောစာရွက်စာတမ်းများနှင့်အတူ ကြော်ငြာစာပါရှိသည့်ရက်မှ ၁၄ ရက်အတွင်း ဤရုံးသို့လာရောက် ကန့်ကွက်တင်ပြနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့နယ်**

**အမည်ပြောင်း**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ အမှတ်၁၊ကျင်းကြီးရပ်ကွက်၊ကျွဲပွဲမြို့နေ ဦးခင်မောင်ထွေး၏သား စစ်တက္ကသိုလ် အမှတ်စဉ်၅၉၉တွင် ဗိုလ်လောင်းသင်တန်းတက်ရောက်နေသူ မောင်ဖြိုးဖြိုးအောင် ၇/အတန(နိုင်)၁၁၅၄၈၉၉အား ယနေ့မှစ၍ မောင်ဖြိုးပိုင်အောင်ဟုပြောင်းလဲခေါ်ပါရန်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/5011၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

# ခနုမြေ သာစခန်းကိုလ မြန်းခဲ့ပေါ့ နောက်တစ်ခါ

**မြင့်စိုး (နတလ)**

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂ ရက်နေ့ ...။

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့မှာရှိတဲ့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်တာတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။ ပင်းတယလူငယ်သင်တန်းကျောင်းက ၂၀၁၄ ခုနှစ် ဇွန်လ ၁ ရက်နေ့မှာမှ စတင်ဖွင့်လှစ်ခဲ့တဲ့ကျောင်းပါ။ အခု ကျောင်းသား ကျောင်းသူ ၁၉၀ တက်ရောက်သင်ကြားနေပြီး ခနု၊ တောင်ရိုး၊ ပအိုဝ်းနဲ့ ရှမ်းတိုင်းရင်းသား၊ တိုင်းရင်းသူတွေ ပါဝင်ပါတယ်။ သားတို့၊ သမီးတို့ ကျောင်းစာတွေရော လိုက်နိုင်ကြရဲ့လား၊ အဆင့်တွေ ကောင်းကြရဲ့လားလို့ ပြည်ထောင်စုဝန်ကြီးက မေးလိုက်တော့ ကလေးတွေက ရဲရဲတုံ့တုံ့ပြန်ပြီးဖြေကြတယ်။ ကျွန်တော်၊ ကျွန်မတို့ရဲ့အဆင့်တွေက ထိပ်ပိုင်းမှာ ရှိနေကြပါတယ်တဲ့။ အုပ်ချုပ်ကွပ်ကဲမှုကောင်းပြီး စည်းကမ်းတကျနေထိုင်သွားလာ ကျင့်ကြံအားထုတ်ကြရသလို၊ နိုင်ငံတော်အပိုင်းကလည်း နေရေး၊ စားရေး၊ ဝတ်ရေး၊ သွားလာရေးကိစ္စပါမကျန် လိုလေသေးမရှိ ဖြည့်ဆည်း ဆောင်ရွက်ပေးထားတာမို့ ကလေးတွေရဲ့ အရည်အသွေးဟာ တဖြည်းဖြည်း မြင့်မားတိုးတက်လာတာ အမှန်ပါပဲ။



ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူတွေအတွက် ထောက်ပံ့ကြေး၊ ဝန်ထမ်းတွေအတွက်ပါ ထောက်ပံ့ကြေးငွေတွေ ပေးအပ်ခဲ့ပါတယ်။ အဲဒီနောက် သင်တန်းသားရွေးချယ်တဲ့နေရာမှာ ဝန်ကြီးဌာနက ချမှတ်ထားတဲ့ မူဝါဒများအတိုင်း နယ်စပ်ဒေသနေတိုင်းရင်းသားတွေထဲက မိဘမဲ့၊ မိမဲ့၊ ဖမဲ့၊ ဆင်းရဲနွမ်းပါးသူများကို ဦးစားပေးရွေးချယ်ဖို့၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားအောင် ကြိုးစားဖို့၊ တက္ကသိုလ်ဝင်တန်းအောင်တာနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ပေးထားတဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)တို့မှာ ပညာဆက်လက်သင်ယူပြီး နောင်အနာဂတ်မှာ နိုင်ငံတော်အတွက် ကျရာတာဝန်ကိုထမ်းဆောင်ရင်း ကျေးဇူးဆပ်ကြဖို့ တိုက်တွန်းမှာကြားခဲ့ပါတယ်။

အခမ်းအနားအစီအစဉ်အရ ကျောင်းသား ကျောင်းသူလေးများက VCDနဲ့ ရှေ့မှာဖွင့်ပြထားတဲ့ " ပြည်ထောင်စုအတွက် ထာဝစဉ် "သီချင်းကို သံပြိုင်လိုက်ပြီး သီဆိုရင်း ပြည်ထောင်စုဝန်ကြီးကို ဂါရဝပြုကြိုဆိုခဲ့ကြပါတယ်။ ဒီသီချင်းကို ရေးစပ်ပေးသူက ဂီတစာဆို အလင်္ကာကျော်စွာ ဟသ်ာတ ဦးမြင့်ငွေပါ။ အဲဒီမှာတင် ကျွန်တော်ထမ်းဆောင်ရမည့် တာဝန်တစ်ခု ပေါ်ပေါက်လာပါတော့တယ်။ ပြည်ထောင်စုရဲ့ထာဝစဉ်သီချင်းကို ကျောင်းသား၊ ကျောင်းသူလေးတွေရဲ့အသံနဲ့ ပြန်သွင်းပြီး MRTV ၊ မြဝတီတို့မှာ လွှင့်ခွင့်ရအောင် ညှိနှိုင်းဆောင်ရွက်ပေးပါလို့ ပြည်ထောင်စုဝန်ကြီးက မှာကြားခဲ့ပါတယ်။ အခုဆိုထားတာက အမျိုးသား၊ အမျိုးသမီး၊ လူကြီးအဆိုတော်တွေရဲ့အသံနဲ့ဖြစ်ပါတယ်။ ထုံးစံအတိုင်း အားမနာလျှာမကျိုး ဆရာဦးမြင့်ငွေဆီကိုပဲ ဖုန်းဆက်ပြီး အကြံဉာဏ်ယူရတော့မှာပေ့ါ။ အားမနာလျှာမကျိုးလို့ ကျွန်တော်ပြောရတာကလည်း ဟသ်ာတသားနဲ့ လေးမျက်နှာသား မွေးရပ်ဇာတိ ညီအစ်ကိုတွေဖြစ်ကြသလို ကျွန်တော်တို့ဝန်ကြီးဌာနအတွက် သင်္ကြန်တေးသီချင်းတွေကို လေး၊ ငါး၊ ခြောက်ပုဒ်မက ရေးဖွဲ့ပေးခဲ့သူပါ။

ဒါ့အပြင် ဆရာနွမ်ဂျာသိုင်းရဲ့ စကားလုံးတွေငှားသုံးပြီး တစ်ခါတုန်းက တိုင်းရင်းသား ကျေးရွာမှာလို့ပဲ ပြောရတော့မယ်ထင်ပါရဲ့။ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သံလျင်တံတားကြီးအနီးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးကို နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ပြီးကာစမှာပဲ ညွန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဆွေရဲ့ တာဝန်ပေးချက်အရ ဆရာဟသ်ာတဦးမြင့်ငွေဆီမှာ အပူကပ်ပြီး "ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ"ဆိုတဲ့ သီချင်းတစ်ပုဒ်ရေးစပ်ခဲ့ကြပါတယ်။ အဲဒီသီချင်းကိုပဲ သရုပ်ဆောင် ရတနာခင်နဲ့ VCD ရိုက်တဲ့အတွေ့အကြုံလည်းရခဲ့ပါတယ်။ မြန်မာ့ရုပ်မြင်သံကြားက ကိုထင်လင်းကရိုက်ကူးပေးပြီး ကိုကျော်ကျော်နဲ့ သူသူအေးတို့ ဇနီးမောင်နှံက တည်းဖြတ်ပေးကြပါတယ်။ မှတ်မှတ်ရရ တိုင်းရင်းသားကျေးရွာထဲမှာ ဆရာဦးမြင့်ငွေ ကိုယ်တိုင်လာရောက်ကြီးကြပ် ရိုက်ကူးပေးတာကို ခုထိအမှတ်ရနေတုန်းပါပဲ။ ကျွန်တော် သဘောအကျဆုံးကတော့ တေးသံရှင် ရတနာဦးရဲ့အသံကို သရုပ်ဆောင် ရတနာခင်ရဲ့ ပါးစပ်အလှုပ်နဲ့ကိုက်အောင် သီချင်းစာသားကို ရှေ့ကနေတစ်ကြောင်းကျော် အော် အော်ပေးရတာကိုပါ။ ဟုတ်တော့လည်း ဟုတ်နေသား၊ သူဟာနဲ့သူတော့ ကွတ်တိကိုကျလို့...။ အခုတော့လည်း တိုင်းရင်းသားကျေးရွာကြီးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ကို လွှဲပေးလိုက်ရပါပြီ။ လွမ်းစရာပဲကောင်းနေသေးတော့ ...။

ပင်းတယ လူငယ်သင်တန်းကျောင်းကတစ်ဆင့် ရွာငံမြို့နယ်ဘက်ကို ခရီးဆက်ခဲ့ကြတော့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်ကို သိမ်ကုန်းကျေးရွာအုပ်စုမှ ရွာသူရွာသားတွေက ဝမ်းပန်းတသာကြိုခဲ့ကြပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခွင့်ပြုလုပ်ငန်းဖြစ်တဲ့ သိမ်ကုန်း- ကျောက္ကူတိ-ဒလပင် (၄/၀)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းကို စစ်ဆေးကြည့်ရှုရင်း သိမ်ကုန်းကျေးရွာအုပ်စုထဲမှ ကျေးရွာငါးရွာ လျှပ်စစ်မီးလင်းရေးကိစ္စအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။ မကြာခင် လျှပ်စစ်မီးရတော့မှာမို့ သိမ်ကုန်းကျေးရွာအုပ်စုမှ ခနုတိုင်းရင်းသား၊ တိုင်းရင်းသူတွေ ပျော်ရွှင်ကြည်နူးနေကြတာကိုလည်း မြင်ခဲ့ရပါတယ်။ တစ်ဆက်တည်းမှာပဲ ပြည်ထောင်စုဝန်ကြီးက ကျောက်မြောင်း-ကဇက် (၂/၀)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်တာတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။

ရွာငံမှာ နေ့လယ်စာကျွေးကြတော့ မုန့်ညင်းဟင်းချို၊ အသား၊ ငါး၊ တို့စရာစုံစုံလင်လင်အပြင် ချဉ်ပေါင်အနီသီးကို မြေပဲဆန်နဲ့ရောထောင်းထားတဲ့ ဟင်းအမယ်တစ်မျိုးက ပါနေပြန်တယ်။ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသမှာတော့ ချဉ်ပေါင်အနီ၊ အဖြူတွေကို များသောအားဖြင့် ချဉ်ပေါင်ရွက်ကြော်နဲ့ ချဉ်ရည်ဟင်းချက်သောက်တာ များပါတယ်။ ချဉ်ပေါင်သီးနဲ့မြေပဲရော ထောင်းတာကိုတော့ ဒီတစ်ခါပဲ စားဖူးသေးတာအမှန်ပါ။ သတိရမိပါတယ် ရွာငံရေ ...။

ရွာငံမှ ပင်းတယကိုအပြန် ညနေပိုင်းမှာ ပြည်ထောင်စုဝန်ကြီးက ရွှေပုထိုး-ပန်းစစ်- ကြံခင်းမြောင် (၃/၀)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် တပ်ကြီး-ကံလှကုန်း (၃/၀)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသေးတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ ခရီးစဉ်နှင့်အတူ ခနုမြေကို နောက်တစ်ခေါက် ပြန်ရောက်ခွင့်ကြုံလာတဲ့အခါ ပြီးခဲ့တဲ့အခေါက်က အဝေးကပဲဖူးမြော်ခဲ့ရတဲ့ ပင်းတယရွှေဥမင်ဘုရားတွေကို ကြည်နူးဝမ်းမြောက်စွာ ဖူးခွင့်ရခဲ့ပါတယ်။ နှလုံးစိတ်ဝမ်းချမ်းမြေ့စွာနဲ့ နှုတ်ဆက်ခဲ့ပါတယ် ခနုမြေ ...။

**မကြာခင် လျှပ်စစ်မီးရတော့မှာမို့ သိမ်ကုန်းကျေးရွာအုပ်စုမှ ခနုတိုင်းရင်းသား၊ တိုင်းရင်းသူတွေ ပျော်ရွှင်ကြည်နူးနေကြတာကိုလည်း မြင်ခဲ့ရပါတယ်။ တစ်ဆက်တည်းမှာပဲ ပြည်ထောင်စုဝန်ကြီးက ကျောက်မြောင်း-ကဇက် (၂/၀)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်တာတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့**




**ဒီဇင်ဘာ ၇ ရက်က မြန်မာ့အလင်း သတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအသင်း၏ လစဉ်ပုံမှန်အစည်းအဝေးကို မြန်မာ့အလင်းသတင်းစာ ရန်ကုန်ရုံးခွဲ၌ ကျင်းပအပြီး အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက ဆေးကုသမှုခံယူနေရသော အဖွဲ့ဝင် ဦးလှစိန်(ကြေးမုံ-စာတည်းမှူး-ငြိမ်း) အား ကျန်းမာရေးထောက်ပံ့ငွေကျပ် ၅၀၀၀၀ ပေးအပ်စဉ်**
အောင်သန်း
(မင်္ဂလာတောင်ညွန့်)

## ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ လှူဒါန်းသည့်အနွေးထည်များပေးအပ်

**ဖန်းမော် ဒီဇင်ဘာ ၉**
ကချင်ပြည်နယ် ဖန်းမော်မြို့နယ်အတွင်းရှိ IDPS Camp မိသားစုများအား ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ လှူဒါန်းသည့် အနွေးထည်များ ပေးအပ်ပွဲကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ဖန်းမော်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးသွင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးညွန့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေနှင့် ခရိုင်၊ မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများက အနွေးထည်များပေးအပ်ခဲ့ကြရာ IDPS Camp မိသားစုများကိုယ်စား စခန်းတာဝန်ခံများက လက်ခံယူခဲ့ကြသည်။

ဖန်းမော်မြို့နယ်အတွင်း၌ IDPS Camp စခန်း ကိုးခု ရှိသည်။ အသက် ၁၂ နှစ်အထက် လူဦးရေ ၄၈၃၉ဦး ရှိသည်။ တစ်ဦးလျှင် ငွေကျပ် ၂၂၀၀၀ တန်ဖိုးရှိအနွေးထည် တစ်ထည်စီပေးအပ်ခဲ့ရာ စုစုပေါင်းအနွေးထည် ၄၈၃၉ ထည် ဖြစ်ကြောင်း သိရသည်။

**ဆီမီးခုံ- နန်းရီ**

## မိုးစပါးစံကွက် ရိတ်သိမ်းပွဲကျင်းပ

**ရမည်းသင်း ဒီဇင်ဘာ ၉ -** မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သင်ပန်းကုန်းကျေးရွာအုပ်စု တောင်သူ ဦးမောင်မောင်နိုင်၏ ကွင်းအမှတ် (၁၁၆၆/က) ဦးပိုင် ၅ ရှိ လယ်မြေတွင် ၂၀၁၆-၂၀၁၇ မိုးရာသီမိုးစပါးစံကွက်ကြီး ၀ ဒသမ ၁၀ ဧက ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၈ ရက်က အဆိုပါလယ်မြေတွင် ကျင်းပခဲ့သည်။ ယင်းစံကွက်ကြီးရိတ်သိမ်းပွဲသို့ ရမည်းသင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထက်မြက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု မှတ်တမ်းကောက်ယူခြင်းနှင့် အထွက်နှုန်းမှန်ကန်ရေး စံကွက်ရိတ်သိမ်းသည့် မနောသုခ စပါးမျိုး ၀ ဒသမ ၁၀ ဧက ရိတ်သိမ်းဆောင်ရွက်ရာ အစိုဓာတ် ၁၂၇ ဒသမ ၈၁ တင်းထွက်ရှိကြောင်း သိရသည်။ ယခုနှစ်တွင် ရမည်းသင်းမြို့နယ်အတွင်း၌ မိုးရွာသွန်းမှုကောင်း၍ စပါးထွက်နှုန်းပိုသည်ဟု သိရပြီး နွေရာသီအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်မည်ဖြစ်၍ နွေစပါးဧက ၃၀၀၀ ဝန်းကျင် မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၃၀၀၀ ခန့် စိုက်ပျိုးနိုင်မည်ဟုလျာထားကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ကုန်တင်ယာဉ်ကြီးနှင့် ကုန်သေတ္တာတင်ယာဉ်များ နေ့ပိုင်းသွားလာခွင့်မပြုသည့် ပထမနေ့၌ ဘုရင့်နောင်လမ်းမတွင် ယာဉ်ကျပ်တည်းမှုလျော့ကျ

**ရန်ကုန် ဒီဇင်ဘာ ၉**

ကုန်သေတ္တာတင်ယာဉ်နှင့် ကုန်တင်ယာဉ်ကြီးများ ဒီဇင်ဘာ ၇ ရက်မှစ၍ ရန်ကုန်မြို့ ကမ်းနားလမ်း(ကမ်းနားလမ်းသစ်မပါ)နှင့် ဘုရင့်နောင်လမ်းမကြီးတို့တွင် နေ့စဉ်ည ၉ နာရီမှ နောက်နေ့နံနက် ၆ နာရီအထိသာ ဖြတ်သန်းမောင်းနှင်ခွင့်ပြုပြီး(ဝင်ရိုးနှစ်ချောင်းပါ ခြောက်ဘီးတပ်)ယာဉ် ကုန်ပစ္စည်းတန်ချိန်ကိုးတန်အောက် မော်တော်ယာဉ်များကိုသာ ယင်းလမ်းမကြီးတို့တွင် ၂၄ နာရီ မောင်းနှင်ခွင့်ပြုမည်။ ယာဉ်+ကုန်ပစ္စည်းတန်ချိန်ကိုးတန်အထက် မော်တော်ယာဉ်များကို သတ်မှတ်ချိန်အတွင်းသာ ဖြတ်သန်းခွင့်ပြုမည်ဟု ဒီဇင်ဘာ ၂ ရက်နေ့စွဲပါ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြေညာချက်ထုတ်ပြန်မှုမှ သိရသည်။

ဒီဇင်ဘာ ၇ ရက်နံနက် ၆ နာရီမှစ၍ မွန်းလွဲပိုင်းအထိ ရန်ကုန်မြို့တွင်း ကမ်းနားလမ်း(ကမ်းနားလမ်းသစ်မပါ)နှင့်သီရိမင်္ဂလာဈေးသစ်အထိ ဆင်မလိုက်မှစသော ဘုရင့်နောင်လမ်းမကြီးတို့တွင် စားအုန်းဆီ၊ ရေခဲသယ်ကုန်ကားကြီးအချို့နှင့် အခြားကုန်ကားကြီးအနည်းငယ် မြင်တွေ့နေရဆဲဖြစ်သည်။

သို့သော် ယာဉ်ပိတ်ဆို့လေ့ရှိသော ပေါက်တောဝ(အင်းစိန်)လမ်းဆုံ၊ ဘုရင့်နောင်ခုံးကျော်တံတားအဆင်း၊ ပါရမီလမ်းဆုံမှ ဆင်မလိုက်အထိ ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ယာဉ်ကြောကျပ်တည်းမှုလျော့ကျသွားသည်ဟု ယင်းလမ်းကြောင်းပေါ်ဖြတ်သန်းမောင်းနှင်နေသော လိုင်းကားယာဉ်များမှ လုပ်သားများ၊ ခရီးသည်များက ပြောသည်။

ဆင်မလိုက်လမ်းဆုံ၊ ဗားကရာကမ်းနားလမ်းဆုံတို့ရှိ ယာဉ်ထိန်းရုံးအဆောက်အအုံများကို ဖြတ်သန်းသော်လည်း ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် အရေးယူခြင်းမရှိသေး၍ သွားလာနိုင်ခြင်းဖြစ်သည်။ ထိုနည်းတူ ဘုရင့်နောင်လမ်းမကြီး၏ ကြို့ကုန်းဝန်းကျင် ကားလမ်းဘေးနှစ်ဖက်၊ ဘုရင့်နောင်ဈေးရှေ့ အလုံကမ်းနားလမ်းဘေးတို့တွင် ကုန်တင်ယာဉ်ကြီးများကို စီတန်းရပ်ထားဆဲရှိသည်ကို မြင်တွေ့ရသည်။

နေ့ပိုင်းသွားလာမှုကန့်သတ်သော်လည်း စစ်ဆေးမှုမရှိသေးသည့် ပထမဆုံးနေ့ဖြစ်သော ဒီဇင်ဘာ ၇ ရက်တွင် ဘုရင့်နောင်လမ်းမနှင့် ကမ်းနားလမ်း(ကမ်းနားလမ်းသစ်မပါ)တို့တွင် ယာဉ်များသွားလာမှု လွယ်ကူလာသည်ကို မြင်တွေ့လာမှုအပေါ် လမ်းအသုံးပြုနေသူများက ကျေနပ်မှုရှိသည်ဟု ပြောဆိုလာကြသည်။ သို့သော် ဘုရင့်နောင်ပွဲရုံဝင်းနှင့် စော်ဘွားကြီးကုန်း ပွဲရုံဝင်းတို့အကြား နေ့ပိုင်း သွားလာခွင့်ပြုထားသောလမ်းများ၊ ကုန်တင်ယာဉ်ကြီး များသွားလာခွင့် လမ်းကြောင်းပြမြေပုံတွင်မပါ၍ သွားလာခွင့်မရှိနိုင်ဟု စိုးရိမ်မှုများရှိသော်လည်း စော်ဘွားကြီးကုန်း ပွဲရုံဝင်းသို့ကုန်ကားကြီးအချို့ ယနေ့ဝင်/ထွက်မှုရှိသည်ကို မြင်တွေ့ရသည်။



စော်ဘွားကြီးကုန်းနှင့် ဘုရင့်နောင်အကြား ကုန်ကားသွားသည့်လမ်းကြောင်းမရှိဟုဆိုလျှင် ပြည်ပမှတင်သွင်းလာသော ဆောက်လုပ်ရေးပစ္စည်းများ သယ်ဆောင်သည့် ကုန်သေတ္တာတင်ယာဉ်များအပါအဝင် ကုန်ကားကြီးများလည်း သွားလာ၍မရဖြစ်နေမည်ဟု ကုန်ကားဂိတ်ပိုင်ရှင်တစ်ဦးကပြောသည်။

သို့ဖြစ်ရာ ကုန်ကားလောကတွင် အငြင်းပွားနေသော စော်ဘွားကြီးကုန်းနှင့် ဘုရင့်နောင်အကြား ကုန်ကားများ သွားလာခွင့်ရှိသည့်လမ်းကြောင်းနှင့် နေ့ပိုင်းအချိန်ကန့်သတ်မှုအပေါ် အကျုံးဝင်မှုရှိ၊ မရှိသက်ဆိုင်ရာမှ အသိပေးထုတ်ပြန်ပေးစေလိုသည်ဟု နယ်သွားအဝေးပြေးကုန်ကားပိုင်ရှင် ကိုဖိုးချိုက ပြောသည်။

သို့ဖြစ်ရာ ယင်းနေ့ပိုင်းကုန်ကားကြီးနှင့် ကုန်သေတ္တာတင်ယာဉ်များ သွားလာမှုဖြစ်စဉ်ကြောင့် နေ့ပိုင်းယာဉ်ကြောကျပ်တည်းမှု လျော့ကျမှုကို ကန့်သတ်သည့် လမ်းမကြီးနှစ်လမ်းတွင် မြင်တွေ့လာရသည်။ ယင်းဖြစ်စဉ်ကြောင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်လာမှုနှင့် မသက်ဆိုင်သည်ကို ခွဲခြားရှုမြင်သင့်သည်။ သို့ဖြစ်ရာ နေ့ပိုင်းသွားလာမှုနှင့်ယာဉ်ရပ်နားမှုတို့အပေါ် စောင့်ကြည့်အရေးယူမှုနှင့်အတူ ညပိုင်းသွားလာရာတွင် အဆင်ပြေရန် ဝိုင်းဝန်းလုပ်ဆောင်ပေးခြင်းဖြင့် ယာဉ်ကျပ်တည်းမှု လျော့ကျလာစေမည်ဟု ကုန်ကားပိုင်ရှင် ဦးလှဦးက ပြောသည်။

**ခင်ဆိုင်**

# သီလဝါစက်မှုဇုန်၌ သတ္တုပုံဖော်စက်ရုံတည်ဆောက်နေ

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်မြို့ သီလဝါအထူးစီးပွားရေးဇုန်တွင် ကျပ်သန်းပေါင်း ၈၀၀၀ ခန့်ရှိ သတ္တုပုံဖော်စက်ရုံတည်ဆောက်နေကြောင်း သိရသည်။

ယင်းစက်ရုံကို ကမ္ဘာ့ဦးဆောင် သတ္တုလွှာဖုံးနှင့် အရောင်ခြယ် စတီးလ်ထုတ်လုပ်ရေးလုပ်ငန်းတစ်ခု ဖြစ်သော Bluescope Australia က ကျပ်သန်းပေါင်း ၈၀၀၀ ခန့်ရှိသော (အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ သန်း) ကို ရင်းနှီးမြှုပ်နှံမည် ဖြစ်သည်။

"ကျွန်တော်တို့ သတ္တုပုံဖော်စက်ရုံ တည်ဆောက်ရခြင်းမှာ မြန်မာ့ဆောက်လုပ်ရေးနဲ့ စီးပွားရေးလုပ်ငန်းအပေါ် ယုံကြည်မှုကို ပြသခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်များအတွက် အရည်အသွေးမြင့်ပစ္စည်းများကို ပံ့ပိုးပေးချင်တဲ့ရည်ရွယ်ချက်နဲ့ တည်ဆောက်ရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တိုးတက်မှုနဲ့ ဖွံ့ဖြိုးမှုဖြစ်လာမယ့်အပြင် ဒေသခံ ပြည်သူတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းနဲ့လုပ်ငန်းကျွမ်းကျင်မှုတွေကိုလည်း ရရှိလာမှာဖြစ်ပါတယ်" ဟု Bluescope Myanmar ဥက္ကဋ္ဌ Mr. Thian Aun Goh က ပြောသည်။



အဆိုပါ စက်ရုံမှ အရည်အသွေးမြင့် သတ္တုလွှာဖုံးစတီးလ် အမိုးများနှင့် စတီးလ်နံရံကာများ ထုတ်လုပ်မည့်အပြင် မြန်မာ့ကုန်ပစ္စည်း ထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို အထောက်အကူပြုသည့် အလှဆင်ပစ္စည်းများနှင့် တည်ဆောက်ရေးလုပ်ငန်းပစ္စည်းများကိုလည်း ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသတ္တုပုံဖော်စက်ရုံသည် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ တတိယပတ်က စတင်ဆောက်လုပ်နေပြီး ၂၀၁၇ ခုနှစ် ဇူလိုင်လတွင်ပြီးစီးမည်ဖြစ်ကာ လုပ်ငန်းစတင်လည်ပတ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**သတင်း-အေးကေလင်း**

**ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

# စိုက်ပျိုးရေလုံလောက်စွာရရှိ၍ တောင်သူများအဆင်ပြေ

**မြစ်သား ဒီဇင်ဘာ ၉**

မြစ်သားမြို့သည် ပန်းလောင်မြစ်မှ ရေသွယ်ယူ၍ မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးခဲ့သည်။

မြစ်သားမြို့နယ်တွင် စိုက်ပျိုးမြေဧက ၇၆၉၆၀ ရှိသည်။ ထိုစိုက်ပျိုးမြေများတွင် ပန်းလောင်ရေသောက်စနစ်မှ မိုးစပါးဧက ၆၃၀၀၀ ကို စိုက်ပျိုးခဲ့သည်။ ကင်းတားရေလွှဲဆည်မှ ကင်းတားလက်ဝဲမြောင်း၊ ကင်းတားလက်ယာမြောင်းနှင့် ပန်းလောင်ရေသောက်စနစ်ဖြင့် ရေသုံးမျိုးပေးဝေလျက်ရှိသည်။

ပန်းလောင်ရေသောက်စနစ်ဖြစ်သော ကျီးမဲရေလွှဲဆည်မှထွက်ရှိလာသည့် စမာပထမရေပေးမြောင်းသည် အရှည် ၂၃ ဒသမ ၆ မိုင်၊ အကျယ် ၃၆ ပေ၊ အနက်လေးပေရှိပြီး မြစ်သား ၁၂၃၀၄ ဧကနှင့် ကျောက်ဆည် ၉၃၁၉ ဧက၊ နှစ်မြို့နယ်ပေါင်း ၂၁၄၄၃ ဧက ရေပေးဝေနေသောမြောင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် နွေသီးနှံ ၆၇၀၇ ဧကနှင့် မိုးစပါး ၁၁၀၈၂ ဧက စုစုပေါင်း ၁၇၈၈၉ ဧက စိုက်ပျိုးခဲ့သည်။

စမာ ဒုတိယမြောင်း ရေလွှဲဆည်၏ လက်ဝဲဘက်မှ အရှည် ၆ ဒသမ ၄ မိုင်၊ အကျယ် ၄၄ ပေ၊ အနက်သုံးပေရှိ ရေပေးမြောင်းမှ ကျွဲဆွဲ၊ မယုက်၊ ရွာမုန်းကြီးကျေးရွာများရှိ တောင်သူလယ်သမားများ၏ စိုက်ပျိုးမြေဧက ၁၈၀၀ ရေပေးဝေလျက်ရှိသည်။

မိုးရာသီ၌ မြစ်သားမြို့ရှိ ပန်းလောင်မြစ်ရေကြီးချိန်တွင် စမာသဲတုတ် ရေတံခါးတပ်ဆင်မှုကြောင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ခဲ့သည်။

ယခုနှစ်စိုက်ပျိုးရာသီတွင် စမာပထမမြောင်း၊ စမာတတိယမြောင်းတို့မှ ရေပေးဝေရာတွင် ရေအလှည့်စနစ်ပြောင်းလဲသဖြင့် ယခင်နှစ်များကဲ့သို့ ရေအခက်အခဲမှ ကင်းဝေးသွားပြီး ချောင်းဖျား၊ ချောင်းနားအထိ ရေရောက်ကာ တောင်သူများ စပါးများအပြည့်အဝ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**



# ရိုးရာလက်ဝှေ့အားကစားအကြောင်း ဟောပြောသရုပ်ပြ

**မန္တလေး ဒီဇင်ဘာ ၉**

မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံး(MLA) ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ အတွင်းရေးမှူး ဝါဆိုဝင်းမြင့်၊ ဦးဇင်လင်းထွန်းတို့သည် မန္တလေးမြို့အခြေစိုက် ဗမာ့သွေး ရိုးရာလက်ဝှေ့ကလပ်မှ ဆရာစနေမောင်မောင်နှင့် ရိုးရာလက်ဝှေ့သမားများနှင့်အတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ အမှတ်(၁) အခြေခံပညာ ကျောင်းခန်းမ၌ ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌လည်းကောင်း တက်ရောက်လာကြသော တိုင်းဒေသကြီး ရိုးရာလက်ဝှေ့ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို မြန်မာ့ရိုးရာလက်ဝှေ့ အားကစားအကြောင်းများ ဟောပြောခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပဲတီစိမ်းစိုက်ပျိုးရန် ငွေကျပ်သိန်း ၂၃၀၀၀ ထုတ်ချေး

**သုံးခွ ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို သုံးခွမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အောက်တိုဘာ ၁၂ ရက်မှစ၍ ထုတ်ချေးပေးခဲ့ရာ ဒီဇင်ဘာ ၇ ရက်တွင် ပုလဲကျေးရွာအုပ်စုမှ တောင်သူ ၅၂၄ ဦးအတွက် စုစုပေါင်း ငွေကျပ် ၇၃၅၂၀၀၀၀ ကို အပြီးသတ်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၆၅ အုပ်စုမှ တောင်သူ ၁၆၂၄၅ ဦးအား ဧက ၁၁၅၀၀၀ အတွက် တစ်ဧကငွေကျပ်၂၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၂၃၀၀၀ ကို စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပ

**ဖျာပုံ ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ မြို့မိမြို့ဖများ၊ စာရေးဆရာ၊ သတင်းစာ ဆရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ ၊ အတတ်ပညာရှင်များ စသည့် စာပေချစ်သူအလွှာစုံ ပူးပေါင်းပါဝင်ဖွဲ့စည်းထားသော မြို့နယ် စာပေချစ်သူများအဖွဲ့၏ စာဆိုတော်နေ့အထိမ်းအမှတ် ဆဋ္ဌမအကြိမ်မြောက် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၄ ရက် ည ၆ နာရီတွင် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာပေဟောပြောပွဲကို ၂၀၁၁ ခုနှစ်မှစ၍ ကျောင်းသား ကျောင်းသူ၊ စာပေချစ်သူပြည်သူများ၊ ဗဟုသုတကြွယ်ဝစေရေး၊ အသိဉာဏ်ပညာ တိုးပွားနိုင်ရေးအတွက် အတူတကွဖြည့်ဆည်းနိုင်ရန် ရည်ရွယ်လျက် ကျင်းပလာခဲ့ခြင်းဖြစ်ပြီး၊ ယခုနှစ် စာပေဟောပြောပွဲတွင် စာရေးဆရာ၊ သတင်းစာ ဆရာမကြီး စမ်းစမ်းနွဲ့(သာယာဝတီ)၊ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီ ဗေလုဝနှင့် စာရေးဆရာ ညီမင်းညိုတို့က စာပေရေးရာများ ဟောပြောကြမည်ဖြစ်သည်။

ဆက်သွယ်လိုပါက ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်း(သတင်းထောက်) ဖုန်း-၀၉-၄၂၂၄၅၂၇၁၆၊ အတွင်းရေးမှူး သူဇာနွယ်-ဖျာပုံ(သတင်းထောက်) ဖုန်း-၀၉-၄၂၂၄၈၈၉၀၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ဆဋ္ဌမအကြိမ်မြောက် Developer Conference နှီးနှောဖလှယ်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်မြို့တွင် ၂၀၁၁ ခုနှစ်မှစတင်ကျင်းပခဲ့သော နည်းပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲဖြစ်သည့် Developer Conference(Dev Con)ကို ဆဋ္ဌမအကြိမ်မြောက်အဖြစ် ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Developer Conference ကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA)က ကြီးမှူး၍ ရန်ကုန်မြို့ လှိုင်တက္ကသိုလ်ဝင်းအတွင်းရှိ MICT Park ၌ ကျင်းပသွားမည်ဖြစ်သည်။ Developer Conference နှီးနှောဖလှယ်ပွဲသည် ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ကွန်ပျူတာ၊ ဆော့ဖ်ဝဲ၊ နက်ဝပ်နှင့် အိုင်တီနည်းပညာဆိုင်ရာ လုပ်ငန်းရှင်များနှင့် အဆိုပါလုပ်ငန်းများမှ ပညာရှင်များ၊ ကွန်ပျူတာနှင့် နည်းပညာ ကျောင်းသားများ၊ တက္ကသိုလ်များမှ ပါမောက္ခများနှင့် ဆရာဆရာမများ၊ နိုင်ငံရပ်ခြားရောက် မြန်မာကွန်ပျူတာပညာရှင်များ၊ နိုင်ငံခြားတက္ကသိုလ်နှင့် လုပ်ငန်းများမှ ပညာရှင်များ နှစ်စဉ်စုဝေးကာ အသိပညာ အတတ်ပညာများ၊ နောက်ဆုံးပေါ် နည်းပညာများ၊ နည်းစနစ်များကို တင်ပြဆွေးနွေးဖလှယ်ကြသည့် တစ်ခုတည်းသော စုဝေးဆွေးနွေးပွဲဖြစ်သည်။

ယခုနှစ် Developer Conference နှီးနှောဖလှယ်ပွဲတွင် ကွန်ပျူတာနှင့် အိုင်တီပညာရပ်ဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ နည်းပညာများဖြစ်သည့် Business side of Software, Security, Software Development and Languages, Experience or Case Studies, Trends(Cloud, IoT, XaaS, Big Data, Apps, AI, Bots), UI/UX, Others software related စသည့် ပညာရပ်များအကြောင်းကို ဈေးကွက်တွင် လက်တွေ့အလုပ်လုပ်ကိုင်နေကြသော ပညာရှင်များက ဆွေးနွေးကြမည်ဖြစ်သည်။ ပြောင်းလဲလာသောခေတ်၊ ပွင့်လင်းလာသော စီးပွားရေးဈေးကွက်နှင့် တိုးတက်လာသော နည်းပညာများကို ကမ္ဘာနှင့်အမီလိုက်နိုင်ရန်အတွက် ပညာရှင်များက ၎င်းတို့ သိရှိထားသော ဗဟုသုတများ၊ စမ်းသပ်ထားသော နည်းသစ်များ၊ ဆောင်ရန် ရှောင်ရန်များကို ဆွေးနွေးဖလှယ်မှုပေးကြမည်ဖြစ်ရာ နည်းပညာလုပ်ငန်းရှင်များနှင့် နည်းပညာကဏ္ဍနယ်ပယ်တွင် အလုပ်လုပ်ကိုင်နေကြသူများအတွက် များစွာအကျိုးရှိစေမည်ဖြစ်သည်။

နှစ်ရက်ကြာကျင်းပမည့် Developer Conference နှီးနှောဖလှယ်ပွဲအတွက် တက်ရောက်ခွင့်လက်မှတ်မှာ ပွဲကျင်းပသည့်နေ့တွင် ဝယ်ယူပါက ကျပ်တစ်သောင်း ကျသင့်မည်ဖြစ်ပြီး ပွဲရက်မတိုင်မီ ကြိုတင်ဝယ်ယူထားပါက ကျပ် ၅၀၀၀ သာ ကျသင့်မည်ဖြစ်ကာ ကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျပ် ၃၀၀၀ သာ ကျသင့်မည်ဖြစ်သည်။ Developer Conference နှီးနှောဖလှယ်ပွဲ ဖြစ်မြောက်ရေးအတွက် ပြည်တွင်းပြည်ပမှ အသေးစား၊ အလတ်စား၊ အကြီးစား နည်းပညာကုမ္ပဏီများက ပံ့ပိုးကူညီထားကြပြီး မီဒီယာပါတနာများအဖြစ် အင်တာနက်ဂျာနယ်၊ Net Guide ဂျာနယ်၊ Tech Space ဂျာနယ်နှင့် Itizen ဂျာနယ်များက ပံ့ပိုးထားကာ ပွဲတက်ရောက်သူများအတွက် လက်ဆောင်များနှင့် နေ့လယ်စာအစီအစဉ်များ ပါဝင်ကြောင်း သိရသည်။




လက်မှတ်များ ဝယ်ယူရန်နှင့် အသေးစိတ်အချက်များ စုံစမ်းရန်အတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်း-၀၁-၆၅၂၂၇၆ သို့လည်းကောင်း၊ အီးမေးလ်လိပ်စာ office@mcpamyanmar.org သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပြီး Developer Conference နှီးနှောဖလှယ်ပွဲဆိုင်ရာဝက်ဘ်ဆိုက် www.deveconmyanmar.org တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

**ဓာတ်ပုံ - deveconmyanmar ဝက်ဘ်ဆိုက်**

# ၁၆ မဂ္ဂါပစ်ဇယ် ရှေ့ကင်မရာပါဝင်သည့် Oppo A 57 စမတ်ဖုန်းကို ပြည်တွင်းဈေးကွက်တွင် စိတ်ဝင်စားနေ

**ရန်ကုန် ဒီဇင်ဘာ ၉**

ပြီးခဲ့သည့် နိုဝင်ဘာလကုန်ပိုင်းက တရုတ်နိုင်ငံဈေးကွက်အတွက် စတင်မိတ်ဆက်ခဲ့သော ၁၆ မဂ္ဂါပစ်ဇယ်ရှိ ဆယ်လ်ဖီကင်မရာပါဝင်သည့် Oppo စမတ်ဖုန်းမော်ဒယ်သစ် A 57 သည် ပြည်တွင်းဈေးကွက်သို့ မရောက်သေးသော်လည်း ပြည်တွင်း၌ ကြိုတင်စိတ်ဝင်စားနေကြကြောင်း သိရသည်။

တရုတ်နိုင်ငံဈေးကွက်တွင် မိတ်ဆက်ခဲ့သည့် ထိုဖုန်းသည် မျက်နှာပြင်အကျယ် ၅ ဒသမ ၂ လက်မရှိပြီး Screen Resolution မှာ 720 x1280 Pixels ရှိကာ ကိုယ်ထည်မှာ သတ္တုကိုယ်ထည်နှင့် အရောင်မှာ ရွှေရောင်နှင့် Rose Gold အရောင် နှစ်မျိုးဖြစ်ကြောင်း သိရသည်။ ရှေ့ကင်မရာသည် ၁၆ မဂ္ဂါပစ်ဇယ်ရှိပြီး ဆယ်လ်ဖီရိုက်ကူးမှုကို ပိုကောင်းအောင်လုပ်ဆောင်ပေးနိုင်သော လုပ်ဆောင်ချက်များ ပါဝင်ကာ နောက်ကင်မရာမှာ ၁၃ မဂ္ဂါပစ်ဇယ်ရှိကြောင်း သိရသည်။

အန်းဒရွိုက်ဗားရှင်း 6.0(Marshmallow)ပါဝင်ပြီး CPU အနေဖြင့် 1.4 GHz octa-core ပရိုဆက်ဆာ ပါဝင်သည်။ RAM 3GB နှင့် အင်တာနယ်မင်မိုရီ 32 GB ပါဝင်ပြီး မင်မိုရီကတ်ကို ထပ်တိုးစိုက်၍လည်း သုံးနိုင်ကြောင်း သိရသည်။ ဘက်ထရီပိုင်းတွင် 2900 mAh ဘက်ထရီပါဝင်သည်။

အဆိုပါဖုန်းသစ်ကို တရုတ်နိုင်ငံတွင် နိုဝင်ဘာလကုန်ပိုင်းက စတင်မိတ်ဆက်ကြေညာပြီး ဒီဇင်ဘာ ၁၂ ရက်တွင် ရောင်းချမည်ဖြစ်ကာ ဈေးနှုန်းအနေဖြင့် ၂၃၁ ဒေါ်လာခန့်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံဈေးကွက်သို့ မည်သည့်အချိန်တွင် ရောက်မည်ဆိုသည်ကို အတိအကျ မသိရသေးသလို ဈေးနှုန်းအတိအကျကိုလည်း မသိရသေးသော်လည်း ပြည်တွင်းမှ ဆယ်လ်ဖီဝါသနာရှင်အချို့က ကြိုတင်စိတ်ဝင်စားလျက်ရှိသည်။

**သူရဖြိုး**




# ကွန်ပျူတာပညာရှင်အသင်း ရွေ့လျား ကွန်ပျူတာနှင့် မိုဘိုင်းသင်တန်း ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ ထန်းတပင်မြို့နယ် တက်သစ်ကျွန်းဒေသ ရခိုင်ရိုးလေးကျေးရွာ၌ ဖွင့်လှစ်ခဲ့သော အခြေခံ ကွန်ပျူတာနှင့် မိုဘိုင်းတတ်မြောက်ရေး ရွေ့လျားသင်တန်း (Mobile ICT Learning Center)ဖွင့်ပွဲကို ဒီဇင်ဘာ ၄ ရက်က ကျင်းပခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်း၊ ထန်းတပင်မြို့နယ် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဖုန်းကျော်စံဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာအသင်းမှ တာဝန်ရှိသူတစ်ဦးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားကာ ကွန်ပျူတာအသင်း တာဝန်ရှိသူက Mobile ICT Learning Center ဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များနှင့် သင်ကြားပို့ချမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ Mobile ICT Learning Center ကို တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် Microsoft Windows 8 Operating System, MS Office 2010 (Word, Excel, Power Point)၊ အင်္ဂလိပ်နှင့် မြန်မာစာစီစာရိုက်၊ အင်တာနက်အသုံးပြုခြင်းစသော အခြေခံအသုံးချဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းမှ သိရသည်။

**သူရဖြိုး**

# ပရိုမိုးရှင်းပေးသည့် အစီအစဉ်များကို စုစည်းဖော်ပြပေးမည့် Happy Hour မိုဘိုင်းအပလီကေးရှင်းသစ် မိတ်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၉**

စားသောက်ဆိုင်၊ ကော်ဖီဆိုင် စသည့် ဆိုင်အမျိုးမျိုးတွင် ပရိုမိုးရှင်းပေးသည့် အစီအစဉ်များကို စုစည်းဖော်ပြပေးခြင်းဖြင့် ရောင်းသူဝယ်သူ နှစ်ဦးနှစ်ဖက် အဆင်ပြေစေရန် အထောက်အကူပြုမည့် Happy Hour အမည်ရှိ မိုဘိုင်းအပလီကေးရှင်းသစ်တစ်ခုကို ဒီဇင်ဘာလဆန်းပိုင်းမှ စတင်မိတ်ဆက်ထားပြီဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ပရိုမိုးရှင်းအစီအစဉ်များကို စုစည်းပေးသည့် မိုဘိုင်းအပလီကေးရှင်းများကို ယနေ့ နိုင်ငံတကာတွင် တွင်ကျယ်စွာအသုံးပြုလျက်ရှိကာ မြန်မာနိုင်ငံတွင်လည်း စားသောက်ဆိုင်၊ ကော်ဖီဆိုင်နှင့် ဘားများ စသည်ဖြင့် ဆိုင်အမျိုးမျိုး၏ ပရိုမိုးရှင်းအစီအစဉ်များကို မြန်မြန်ဆန်ဆန်ဖြင့် တစ်နေရာတည်းတွင် ရှာဖွေတွေ့ရှိနိုင်ရန် လိုအပ်နေသဖြင့် ထိုကွက်လပ်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် Happy Hour မိုဘိုင်းအပလီကေးရှင်းကို ဖန်တီးခြင်းဖြစ်ကြောင်း အပလီကေးရှင်း ဖန်တီးထုတ်လုပ်သည့် Happy Time Group မှ သိရသည်။

Happy Hour မိုဘိုင်းအပလီကေးရှင်းသည် ပရိုမိုးရှင်း အစီအစဉ်များကို စုစည်းဖော်ပြသည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော အပလီကေးရှင်းလည်းဖြစ်သည်။

Happy Hour အပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် ရန်ကုန်မြို့ရှိ စားသောက်ဆိုင်၊ ကော်ဖီဆိုင်များတွင် ပရိုမိုးရှင်းပေးသည့် အစီအစဉ်၊ အချိန်များကို သိရှိနိုင်မည်ဖြစ်ရာ စားသုံးသူများအနေဖြင့် အချိန်ကုန် လူသက်သာပြီး အချိန်နှင့်တစ်ပြေးညီ ရှာဖွေနိုင်မည်ဖြစ်သလို လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ ပရိုမိုးရှင်း အစီအစဉ်ကို လူအများသိစေမည်ဖြစ်သည့်အတွက် အကျိုးရှိစေရန် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

Happy Hour မိုဘိုင်းအပလီကေးရှင်းကို အန်းဒရွိုက်ဖုန်းနှင့် iPhone နှစ်မျိုးလုံးအတွက် ထုတ်လုပ်ထားပြီး အန်းဒရွိုက်ဖုန်းအတွက် Playstore မှ လည်းကောင်း၊ iPhone အတွက် App Store တွင်လည်းကောင်း အခမဲ့ ဒေါင်းလုပ်ရယူ၍ ထည့်သွင်းအသုံးပြုနိုင်ပြီဖြစ်သည်။

**သူရဖြိုး**

# ဆမ်ဆောင်းမိုဘိုင်းဖုန်းနှင့် လျှပ်စစ်ပစ္စည်းများအတွက် Year-End Mega Sales ပရိုမိုးရှင်းအစီအစဉ်များ ပြုလုပ်ထား

**ရန်ကုန် ဒီဇင်ဘာ ၉**

ဆမ်ဆောင်းမိုဘိုင်းဖုန်းနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုးကို ဝယ်ယူသူများအတွက် ကံစမ်းမဲနှင့် အထူးပရိုမိုးရှင်းအစီအစဉ်များ ရရှိနိုင်မည့် Year-End Mega Sales ပရိုမိုးရှင်း အစီအစဉ်ကို ဒီဇင်ဘာ ၅ ရက်မှ စတင်ပြုလုပ်ထားကြောင်း သိရသည်။

ဆမ်ဆောင်းအိမ်သုံးလျှပ်စစ်ပစ္စည်းများအတွက် ကံစမ်းမဲများရရှိနိုင်မည့် Golden Lucky Draw အစီအစဉ်ကို ဒီဇင်ဘာ ၅ ရက် မှ ဒီဇင်ဘာ ၃၁ ရက်အထိ ပြုလုပ်ထားပြီး ဆမ်ဆောင်း Galaxy မိုဘိုင်းဖုန်းများအတွက် Year-End Mega Sales အစီအစဉ်ကို ဒီဇင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ပြုလုပ်ထားကြောင်း သိရသည်။

"ဆမ်ဆောင်း Galaxy စမတ်ဖုန်း ဒါမှမဟုတ် တက်ဘလက်တွေကို ဝယ်ယူသူတွေအနေနဲ့ ကျပ် ၁၀၀၀၀ ကနေ ကျပ် ၄၀၀၀၀ အထိ လက်ငင်းငွေသားကျေးဇူးတုံ့ပြန်မှုတွေကို ရနိုင်တဲ့အပြင် ကျပ် ၂၀၀၀၀ ကျော်ကနေ ၇၀၀၀၀ ကျော်တန်ဖိုးရှိတဲ့ လက်ဆောင်တွေကိုလည်း ဆမ်ဆောင်းမြန်မာအနေနဲ့ သုံးစွဲသူပရိသတ်ကြီးကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ပေးအပ်သွားမှာဖြစ်ပါတယ်"ဟု ဆမ်ဆောင်းမြန်မာမှ တာဝန်ရှိသူ ကိုဇာနည်ဝင်းထက်က ပြောကြားသည်။

မိုဘိုင်းဖုန်း သို့မဟုတ် တက်ဘလက်ဝယ်ယူသူများအတွက် ပြုလုပ်ပေးသော Year End Mega Sales အစီအစဉ်တွင် J1 (2016)? J2၊ J2 Prime၊ J3၊ On 7၊ J7(2016)၊ J7၊ J5 Prime၊ Tab J 7၊ J7 Prime၊ Tab A 8" LTE၊ Tab A 10.1၊ A7(2016)၊ A9 Pro၊ Note 5၊ S7 Edge၊ Tab S2 VE 8" နှင့် Tab S2 VE 9.7 အစရှိသည့်မော်ဒယ်များပါဝင်ပြီး လက်ငင်းငွေသား ကျေးဇူးတုံ့ပြန်မှုနှင့်အတူ လက်ဆောင်များပေးအပ်သွားမည်ဖြစ်ကာ လက်ဆောင်များမှာ ဖုန်းမော်ဒယ်အလိုက် ကွဲပြားမှုရှိမည်ဖြစ်သည်။

ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ တီဗွီ၊ ဖုန်စုပ်စက်နှင့် မိုက်ခရိုဝေ့ဗ်အစရှိသည့် အိမ်သုံးလျှပ်စစ်ပစ္စည်း ဝယ်ယူသူများအနေဖြင့် ၂၀၁၇ ခုနှစ် ပြက္ခဒိန်ကို လက်ဆောင်အဖြစ် ရရှိမည့်အပြင် ရွှေငါးကျပ်သားဆွဲပြား တစ်ဆု၊ ရွှေသုံးကျပ်သားဆွဲပြား သုံးဆုနှင့် ရွှေတစ်ကျပ်သားဆွဲပြားဆု ၁၀၀ ပါဝင်သည့် ကံစမ်းမဲအစီအစဉ်တွင် ပါဝင်ခွင့်ရမည်ဖြစ်သည်။

နိုဝင်ဘာ ၁ ရက်မှစတင်၍ ကမ္ဘာတစ်ဝန်း၌ သတ်မှတ်ထားသောဈေးကွက်များတွင်သာ ဝယ်ယူနိုင်ခဲ့သည့် Galaxy S7 Edge ၏ နောက်ဆုံးထုတ်အရောင်သစ်ဖြစ်သည့် ပင်လယ်ပြာရောင်(Coral Blue)ကိုလည်း ဒီဇင်ဘာ ၆ ရက်မှစ၍ မြန်မာနိုင်ငံတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကာ ဈေးနှုန်းမှာ ကျပ် ၉၃၅၀၀၀ ဖြစ်ကြောင်း ဆမ်ဆောင်းမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

# ရှက်ဗလေနည်းပညာကို ထိတွေ့ခံစားခြင်း (အပိုင်း-၂)

❑ သိပ္ပံစာရေးဆရာကိုကိုအောင်

ဖိလစ်ပိုင်နိုင်ငံ စီဘူးစီရင်စုအတွင်းရှိ Danao ဆိပ်ကမ်းမှ တောင်ပေါ်ဒေသ သဘာဝဥယျာဉ်ဖြစ်သော Danasan Adventure Park ဆီသို့ ရှက်ဗလေ(Chevrolet) အမှတ်တံဆိပ် ၂၀၁၇ ခုနှစ်မော်ဒယ် Trailblazer SUV နှင့် Colorado Double Cab မော်တော်ကားများ၏ စွမ်းရည်ပြသမောင်းနှင်ပွဲဖြစ်သော Chevrolet Ride & Drive အစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်လူမျိုး ကျွမ်းကျင်ယာဉ်မောင်းအုပ်စု၏ အဖွဲ့ခေါင်းဆောင်က အသေးစိတ်ရှင်းလင်းတင်ပြသည်။

Danao ဆိပ်ကမ်းမှ ယာဉ်တန်းရှည်ဖြင့် ထွက်ခွာမည်ဖြစ်ကြောင်း၊ ဧည့်သည်တော်များကို အုပ်စုနှစ်စုခွဲထားကြောင်း၊ တောင်ပေါ်သို့ အတက်ခရီးတွင် ပထမအုပ်စုက Trailblazer SUV ကားများကိုမောင်းနှင်ပြီး ဒုတိယအုပ်စုက Colorado Double Cab ကားများကို မောင်းနှင်ရန်ဖြစ်ကြောင်း၊ တောင်ပေါ်မှ ပြန်ဆင်းမည့် အပြန်ခရီးတွင် ပထမအုပ်စုက Colorado Double Cab ကားများကို ပြောင်းလဲမောင်းနှင်ပြီး ဒုတိယအုပ်စုကလည်း Trailblazer SUV များကို ပြောင်းလဲမောင်းနှင်ကြရန်ဖြစ်ကြောင်း၊ မောင်းနှင်မည့်ခရီးလမ်းတစ်လျှောက် စကားပြောစက်များဖြင့် အချင်းချင်းဆက်သွယ်ရန်ဖြစ်ကြောင်း၊ ရှေ့ဆုံးက ဦးဆောင်မောင်းနှင်မည့် အဖွဲ့ခေါင်းဆောင်ကားမှ ညွှန်ကြားချက်များအတိုင်း လိုက်နာမောင်းနှင်ကြစေလိုကြောင်း၊ အတန်ငယ်ရှုပ်ထွေးသော မြို့တွင်းလမ်းများပေါ်၌ သတိပြုမောင်းနှင်ကြစေလိုကြောင်း၊ တောင်ပေါ်တက်သည့် လမ်းခရီးတစ်လျှောက်လုံး၌ လမ်းကျဉ်းသဖြင့် တောင်ပေါ်မှဆင်းလာသောကားများနှင့် သတိပြုရှောင်ကွင်းကြစေလိုကြောင်း၊ ယာဉ်တန်းဖြင့် တောင်တက်ခရီးမောင်းနှင်ကြမည်ကို ခရီးလမ်းတစ်လျှောက်ရှိ ဒေသခံဖိလစ်ပိုင်လူမျိုးများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း၊ ဒေသခံများကလည်း အစစအရာရာ ပူးပေါင်းဆောင်ရွက်ကာ အကူအညီပေးမည်ဖြစ်ကြောင်းစသည်ဖြင့် ကြိုတင်အသိပေး ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ရှက်ဗလေယာဉ်တန်းရှည်ကြီးသည် Danao ဆိပ်ကမ်းမှ စတင်ထွက်ခွာကာ မြို့တွင်းလမ်းများအတိုင်း မောင်းနှင်ကြသည်။ မြို့တွင်းလမ်းများသည် ရှုပ်ထွေးကျပ်တည်းခြင်းမရှိဘဲ စက်တပ်ယာဉ်မျိုးစုံတို့က ယာဉ်စည်းကမ်းများနှင့်အညီ မောင်းနှင်သွားလာနေကြသည်ကို တွေ့မြင်ရသည်။ လမ်းခရီးတစ်လျှောက် ခရီးသည်တင် သုံးဘီးဆိုင်ကယ်များ၊ ခရီးတိုပြေးဆွဲသည့် ပစ်ကပ်လူစီးယာဉ်ငယ်များ၊ ကုန်တင်ယာဉ်များကို အများဆုံးတွေ့မြင်ရပြီး အပေ့ါစားလူစီးဆလွန်းကားငယ်များကိုမူ အရေအတွက်အနည်းငယ်မျှသာ တွေ့ရသည်။ ဤသို့ဖြင့် မြို့တွင်းလမ်းများအတိုင်း ၁၅ မိနစ်မျှ မောင်းနှင်ပြီးသည့်အခါ Danasan Eco Adventure Park ရှိရာ Danasan တောင်ပေါ်သို့တက်ရောက်သည့် တောင်ခြေသို့ ရောက်ရှိသည်။

တောင်ခြေမှ တောင်ပေါ်သို့ မောင်းနှင်ဖြတ်သန်းရာခရီးတစ်လျှောက် လမ်းမျက်နှာပြင်အားလုံးကို ကွန်ကရစ်ခင်းထားသည်ကိုတွေ့ရှိရပြီး လမ်းဘေးဝဲယာတစ်လျှောက်တွင် လုံးချင်းအိမ်ငယ်ကလေးများက အစီအရီရှိနေကြသည်။ အိမ်ရာ ဆောက်လုပ်နေထိုင်မှုပုံစံမှာ မြန်မာလူမျိုးတို့နှင့် ဆင်တူသည်ကို သတိပြုမိသည်။ တောင်ပေါ်ဒေသဖြစ်သော်လည်း ရေလုံလောက်စွာ ရရှိနေခြင်းနှင့် တောင်စောင်းများတစ်လျှောက် အလေ့ကျပေါက်ရောက်နေကြသော အုန်းပင်များကို အများအပြား တွေ့မြင်နေရခြင်းတို့မှာ အထူးပင်စိတ်ဝင်စားဖွယ်ဖြစ်သည်။ ပင်လယ်ကမ်းစပ်များ၌သာ အများအပြား ဖြစ်ထွန်းလေ့ရှိသော အုန်းပင်များကို တောင်တက်လမ်းတစ်လျှောက် အစီအရီတွေ့မြင်နေရခြင်းမျိုးကို ပင်လယ်ကမ်းခြေသို့ အပန်းဖြေခရီးသွားဖူးသူတိုင်းက အံ့သြကြမည်သာဖြစ်သည်။

အချိန်တစ်နာရီခန့် မောင်းနှင်ပြီးနောက် တောင်ပေါ်စခန်းမရောက်မီ ကီလိုမီတာအနည်းငယ်မျှအလိုတွင် အများအပြားဖြစ်ထွန်းနေသော ပြောင်းဖူးစိုက်ခင်းကျယ်ကြီးများကို တစ်နံ တစ်လျား တွေ့မြင်ရပြန်သည်။ ပြောင်းဖူးဆွတ်ချိန်ကို လွန်မြောက်ခဲ့ပြီဖြစ်၍ ပြောင်းပင်အခြောက်များကိုသာ တွေ့မြင်နေရသော်လည်း အဆိုပါဒေသ၏ စီးပွားရေးလုပ်ငန်းများထဲတွင် ပြောင်းစိုက်ပျိုးခြင်းက အဓိကပါဝင်ပတ်သက်နေသည်ကိုမူ ကောင်းစွာသတိပြုမိသည်။ ဤသို့အားဖြင့် ရှက်ဗလေယာဉ်တန်းရှည်ကြီးသည် ဒေသစံတော်ချိန် ၁၀ နာရီခွဲခန့်တွင် ပင်လယ်ရေမျက်နှာပြင်မှ ပေတစ်ထောင်ကျော်မြင့်မားသည့် Danasan Eco Adventure Park ဆီသို့ ချောချောမောမော ရောက်ရှိခဲ့တော့သည်။

ဖိလစ်ပိုင်နိုင်ငံ စီဘူးစီရင်စုအတွင်းရှိ Danasan Eco Adventure Park သည် သဘာဝအတိုင်း ဖြစ်ပေါ်တည်ရှိနေသော တောင်ကုန်းနှင့် ချိုင့်ဝှမ်းများ၊ ရေကန်များ၊ အလေ့ကျပေါက်ရောက်နေသော သဘာဝသစ်ပင်များ၊ လျှိုမြောင်တောတန်းများဖြင့် အလွန်သာယာသော သဘာဝဥယျာဉ်တစ်ခုဖြစ်သည်။ ထိုသဘာဝဥယျာဉ်ကြီးထဲတွင် စက်ဘီးစီးခြင်း၊ ခရီး လမ်းကြမ်းကားမောင်းခြင်း၊ မော်တော်ဆိုင်ကယ်စီးခြင်း၊ ကြိုးတန်းပေါ်လမ်းလျှောက်ခြင်း၊ ကြိုးတန်းပေါ်စက်ဘီးစီးခြင်း၊ စက်သီးဖြင့်ချိတ်၍ တောင်ဆင်ခြေလျှောအတိုင်း လျှောစီးဆင်းခြင်း၊ ရေကူးခြင်း၊ အနားယူအပန်းဖြေခြင်း စသည်တို့ ပြုလုပ်နိုင်သည်။



Danasan Adventure Parkသို့ အရောက်တွင် ဒေသခံကျောင်းသားကျောင်းသူကလေးများက ဖိလစ်ပိုင်ရိုးရာအကများဖြင့် မြိုင်ဆိုင်စွာကခုန်လျက် ကြိုဆိုကြသည်။ လက်ဆောင်ပေးသောကော်ဖီမှုန့်ထုပ်ကိုကြည့်လိုက်ရာ Corn Coffee ဟု ရေးသားသည်ကို တွေ့ရသဖြင့် လမ်းခရီး၌တွေ့ခဲ့သောပြောင်းစိုက်ခင်းမှ ထွက်ရှိသည့် ပြောင်း ဖူးစေ့များကို ကော်ဖီမှုန့်ဖြင့် ရောစပ်ထုတ်လုပ်ထားသော ထုတ်ကုန်တစ်မျိုးဖြစ်ကြောင်း သတိပြုမိလိုက်သည်။

Danasan ဧည့်ကြိုစခန်းတွင် မိနစ် ၃၀ ခန့် အနားယူကြပြီးနောက် လိုက်ပါလာသူများကို နီးစပ်ရာအလိုက်အုပ်စုဖွဲ့၍ ရှက်ဗလေ Trailblazer SUV နှင့် Colorado Double Cab အုပ်စု အတွဲများအလိုက် Adventure Park အတွင်း ခရီးလမ်းကြမ်းမောင်းနှင်ရင်း စွမ်းရည်ပြသပွဲကို စတင်သည်။ အပင်လိုက်ခုတ်လှဲထားသည့် အုန်းပင်၏ပင်စည်လုံးများဖြင့် ခင်းထားသောလမ်းပေါ်တွင် အလျားလိုက်မောင်းနှင်ခြင်း၊ ရေကန်နှင့် ရေအိုင်ကြီးများအတွင်း ဘီးလေဘီးလုံးနစ်မြုပ်သည်အထိ မောင်းနှင်ခြင်း၊ မည်သည့်အခြေအနေ၌မဆို မော်တော်ကား၏ ဘီးတစ်ဘီး အမြဲလွတ်နေပြီး ကျန်သုံးဘီးသာ လမ်းမျက်နှာပြင်နှင့်ထိနေသည့်လမ်းကြမ်းပေါ် မောင်းနှင်ခြင်း၊ ၄၅ ဒီဂရီစောင်းနေသော မြေပွလမ်းစောင်းပေါ်မှ အလျားလိုက်စောင်းလျက်ဖြင့် မောင်းနှင်ခြင်း၊ ၆၅ ဒီဂရီဦးမော့နေသည့် အတက်လမ်းခရီးကို ဝန်ပြည့်တင်ဆောင်မောင်းနှင်ခြင်း၊ ရွှံ့နွံထူထပ်သော မြေပျော့လမ်းများပေါ်မောင်းနှင်ခြင်း စသည်ဖြင့် စွမ်းရည်ပြမောင်းနှင်ခြင်းမျိုးစုံတို့ကို လက်တွေ့ကျကျ ထိတွေ့ခံစားကြရသည်။

စွမ်းရည်ပြမောင်းနှင်စမ်းသပ်ပွဲအပြီးတွင် ရှက်ဗလေမှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ အားလုံးတို့ Danasan စားသောက်ဆိုင်၌ နေ့လယ်စာစားသုံးကြသည်။

ဒေသထွက် လက်ဖက်အချိုခြောက်ကိုနှပ်၍ ရရှိလာသော လက်ဖက်ရည်နှင့် ဒေသထွက် သံပရာသီးကို အရည်ညှစ်ကာ ရောစပ်စီမံထားသော အချိုရည်ကို သောက်နိုင်သမျှသောက်စေခြင်းဖြစ်ရာ ယင်းဖျော်ရည်ကိုသောက်လိုက်သည့်အခါ နေ့လယ်စာထမင်းနှင့် ကောက်ညှင်းတို့ကို အသားငါး၊ ဟင်းသီးဟင်းရွက်မျိုးစုံတို့ဖြင့် စားသုံးရသည်မှာ ပို၍မြိန်ရေရှက်ရေရှိသည်ကို ခံစားရသည်။ ဥရောပတစ်ခွင်ခရီးသွားခဲ့စဉ်က အီတလီအစားအစာများမစားသုံးမီ အချိုရည်ကို တစ်ဝတိုက်ကျွေးခဲ့သည်နှင့် တူသောကြောင့် ဥရောပခရီးစဉ်များကိုပင် ပြန်ပြောင်းသတိရမိသည်။

နေ့လယ်စာစားသုံးပြီးနောက် မိနစ် ၃၀ ခန့် အနားယူအပန်းဖြေကြပြီး ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် Adventure Park အနီးရှိ ဒေသခံကျေးရွာအလယ်တန်းကျောင်းသို့ ဘောလုံးများ လှူဒါန်းပေးအပ်သည့်အခမ်းအနားသို့ စုပေါင်းသွားရောက်ကြသည်။ အရည်အသွေးအလွန်ကောင်းမွန်သော ဘောလုံးအရေအတွက် အများအပြားကို ရှက်ဗလေမော်တော်က Danasan ကျေးရွာအလယ်တန်းကျောင်းသို့ လှူဒါန်းသည့် Soccer Ball Donation အခမ်းအနားတွင် ရှက်ဗလေမှ တာဝန်ရှိသူများနှင့် ကျောင်းတာဝန်ခံဆရာဆရာမများက မိတ်ဆက်စကားပြောကြားကြပြီးနောက် လှူဒါန်းပွဲ အောင်မြင်မှု အထိမ်းအမှတ်အဖြစ် ဖိလစ်ပိုင်ကျေးလက်ရိုးရာအကများဖြင့် ကပြခြင်း၊ သီချင်းများသီဆိုခြင်း၊ ကျောင်းအတွင်းလှည့်လည်ကြည့်ရှုခြင်း စသည့်တို့ကို ဧည့်သည်တော်များအားလုံးနှင့်အတူ ဒေသခံကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက တပျော်တပါး ဆင်နွှဲကြသည်။

Danasan ကျေးရွာ အလယ်တန်းကျောင်းရှိ ဖိလစ်ပိုင်လူမျိုး ဆရာ ဆရာမများအားလုံး၊ မူလတန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူကလေးများအားလုံးတို့သည် အင်္ဂလိပ်စကားကို သွက်လက်စွာပြောဆိုနိုင်ခြင်း၊ အင်္ဂလိပ်သီချင်းများကို လက်တန်းသီဆိုနိုင်ခြင်း၊ ရိုးရာတေးသွားများကိုသာမက အနောက်တိုင်းတေးသွားများကိုပါ သွက်လက်စွာ သီဆိုတီးမှုတ်နိုင်ခြင်းတို့ကို တွေ့ရသည့်အခါ မြန်မာနိုင်ငံရှိ ကျောင်းသားကျောင်းသူကလေးများ အားလုံးကိုလည်း ထိုကဲ့သို့ ဖြစ်စေချင်၊ တတ်စေချင်သည့်စိတ်က သိသိသာသာ ဖြစ်ပေါ်လာမိသည်။

ဖိလစ်ပိုင်နိုင်ငံ ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲခန့်တွင် ဧည့်သည်တော်များကိုယ်တိုင် မောင်းနှင်လာသော ရှက်ဗလေယာဉ်တန်းအုပ်စုသည် Danasan Eco Adventure Park တောင်ပေါ်မှ ပြန်လည်ထွက်ခွာလာရာ တောင်ခြေသို့ ညနေ ၄ နာရီခွဲခန့်တွင် ရောက်ရှိသည်။ ရှက်ဗလေယာဉ်တန်း၌ ပါဝင်သော ၂၀၁၇ ခုနှစ်မော်ဒယ် Trailblazer SUV၊ Colorado Double Cab အားလုံးနှင့် ဧည့်သည်တော်များအားလုံးတို့က Danao ဆိပ်ကမ်း၌ စုစည်း ရပ်နားကြသည်။

ယင်းနောက် အသင့်စောင့်ကြိုနေကြသော ဘုတ်သုံးစင်းဖြင့် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပြန်လည်ထွက်ခွာလာရာ ရှန်ဂရီလာမက်တန်ဟိုတယ်ဆိပ်ကမ်းသို့ ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဆိုက်ကပ်သည်။ အပြန်ခရီးတွင် ဖိလစ်ပိုင်ပင်လယ်ပြင်ကြီး၏ ညနေဆည်းဆာအလှကို ကြည့်ရှုခံစားရင်း ရှက်ဗလေမော်တော်ကားများ၏စွမ်းရည်ကို စိတ်ထဲတွင်အသိအမှတ်ပြုရင်းဖြင့် ဟိုတယ်ဆိပ်ကမ်းသို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။

တည်းခိုရာအခန်းတွင် ၁၅ မိနစ်မျှ ကိုယ်လက်လေ့ကျင့်ခန်းများပြုလုပ်ပြီး ရေချိုးသန့်စင်ကာ ည ၇ နာရီ ၁၅ မိနစ်တွင် ဟိုတယ်ကြီး၏ ပင်မဧည့်ခန်းဆောင်၌ အသင့်စောင့်နေခဲ့သည်။ ၇ နာရီခွဲတွင် ညနေစာသုံးဆောင်မည့် Shangrila Halipad Restaurant ဆီသို့ စုပေါင်းသွားရောက်ကြပြီး မြက်ခင်းပြင်ကျယ်ကြီးပေါ်၌ တည်ခင်းဧည့်ခံသည့် ဥရောပအစားအစာများကို စားသုံးကာ နှုတ်ဆက်ညစာစားပွဲကို တပျော်တပါး ဆင်နွှဲကြသည်။

ရှက်ဗလေအမှတ်တံဆိပ်၏ မူရင်းနိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံအသီးသီးမှ ရောက်ရှိလာကြသော ဧည့်သည်တော်များအချင်းချင်း ရင်းနှီးနွေးထွေးစွာ စကားပြောခွင့်ရသည့်အတွက် ပြီးပြည့်စုံပြီး အမှတ်ရဖွယ် ညစာစားပွဲတစ်ခုဟု ဆိုရပေမည်။ ည ၉ နာရီခွဲတွင် ညစာစားပွဲပြီးဆုံး၍ အခန်းဆီသို့ပြန်အရောက်တွင် ခုတင်ပေါ်၌ လက်ဆောင်ပစ္စည်းတစ်ခုတင်ထားသည်ကို တွေ့လိုက်ရသည်။ ဖိလစ်ပိုင်ရိုးရာ ဂစ်တာအသေးစားကလေး တစ်လုံးကို ဇစ်အိတ်နှင့်တကွ စနစ်တကျစွပ်လျက် တင်ထားပြီး စာတစ်စောင်ကိုပါ တွေ့လိုက်ရသည်။

ရှက်ဗလေ၏ ၂၀၁၇ ခုနှစ် မော်ဒယ်သစ် မော်တော်ကားများ၏ ကြိုတင်မိတ်ဆက်ပွဲကို အသိအမှတ်ပြုတက်ရောက်လာသည့်အတွက် အထူးတလည်ကျေးဇူးတင်ရှိကြောင်းနှင့် တစ်ချိန်က စပိန်၏ ကိုလိုနီလက်အောက်ခံဖြစ်ခဲ့သော ဖိလစ်ပိုင်နိုင်ငံတွင် ဂစ်တာကို ပထမဦးဆုံး တီထွင်ထုတ်လုပ်ခဲ့သည့် စီဘူးစီရင်စုအတွင်းရှိ Labu Labu ကျေးရွာဒေသခံများမှ ထုတ်လုပ်သည့် အမှတ်တရလက်မှုပစ္စည်းဖြစ်သော ဤဂစ်တာကလေးကို လက်ဆောင်မွန်အဖြစ် ဂုဏ်ပြုပေးအပ်ပါကြောင်း စာရွက်ပေါ်၌ ရေးသားထားသည်။ ဟိုတယ်ဧည့်ကြိုဌာနသို့ စုံစမ်းမေးမြန်းချက်အရ ဖိလစ်ပိုင်ရိုးရာထိုဂစ်တာကလေးမှာ ပီဆိုငွေ ၂၀၀၀ တန်ဖိုးရှိကြောင်း သိရပြီး အရွယ်အစားသေးငယ်သော်လည်း တီးဝိုင်းများ၌ လက်တွေ့တီးခတ်နိုင်ကြောင်းသိရသဖြင့် ရှက်ဗလေကို ကျေးဇူးတင်မိသည်။ ယင်းနောက် အခန်းတွင်းရှိ စာအုပ်များကို တစ်နာရီမျှဖတ်ရှုပြီးနောက် အနားယူအိပ်စက်သည်။

ဒေသစံတော်ချိန် နံနက် ၅ နာရီတွင် အိပ်ရာမှထကာ မျက်နှာသစ်၊ ရေချိုးသန့်စင်ပြီးနောက် နေ့စဉ်ပြုမြဲအတိုင်း ဘုရားရှိခိုး၊ တရားထိုင်ခြင်းများ လုပ်ဆောင်သည်။ စက်တင်ဘာ ၁၅ ရက် နံနက် ၇ နာရီတွင် ဟိုတယ်မြေညီထပ်ရှိ Tides Restaurant တွင် နံနက်စာဘူဖေးသုံးဆောင်ရင်း ပထမရက်က သုံးဆောင်ခဲ့သည့် ဟင်းလျာအမည်(အမယ်)စားသောက်ဖွယ်တို့နှင့် မတူကွဲပြားသောဧည့်ခံမှုကို သတိပြုမိကာ သဘောကျမိသည်။

နံနက် ၈ နာရီခွဲမှ ၉ နာရီ ၁၅ မိနစ်အထိအချိန်အတွင်း ရှန်ဂရီလာမက်တန်ဟိုတယ်၏ အရိပ်အာဝါသအလွန်ကောင်းသော မြက်ခင်းပြင်ကျယ်ကြီးတစ်ခုတွင် ရုပ်သံမီဒီယာတစ်ခု၏ လူတွေ့မေးမြန်းခန်းကို ဖြေကြားရိုက်ကူးပေးခဲ့သည်။ ထိုရုပ်သံမီဒီယာ၏ ကြိုတင်ပန်ကြားထားချက်အရ ရှက်ဗလေအမှတ်တံဆိပ် ၂၀၁၇ ခုနှစ်မော်ဒယ် Trailblazer နှင့် Colorado တို့ကို မောင်းနှင်စမ်းသပ်ခဲ့မှုအပေါ် သိလိုသမျှမေးမြန်းမှုများကို နည်းပညာရှုထောင့်မှနေ၍ ပြည့်ပြည့်စုံစုံ ဖြေကြားရိုက်ကူးပေးခဲ့သည်။

ရုပ်သံလူတွေ့မေးမြန်းခန်းရိုက်ကူးအပြီးတွင် အခန်းပြန်ကာ အဝတ်အစားလဲ၍ နံနက် ၁၀ နာရီတွင် ဧည့်ကြိုကောင်တာ၌ Cheek-out လုပ်ကာ ဟိုတယ်ဧည့်ခန်းမထဲ၌ အသင့်စောင့်နေခဲ့သည်။ ၁၀ နာရီ ၄၅ မိနစ်တွင် စီစဉ်ပေးထားသည့်ကားရောက်ရှိလာသဖြင့် Shangrila Mac tan Resort & Spa ကို လက်ပြနှုတ်ဆက်ကာ စီဘူးလေဆိပ်ဆီသို့ ထွက်ခွာခဲ့သည်။ စီဘူးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ Cathay Pacific လေကြောင်းလိုင်းလေယာဉ်ဖြင့် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီ မိနစ် ၂၀ အချိန်တွင် ထွက်ခွာလာခဲ့ရာ ဟောင်ကောင်မြို့သို့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၀ မိနစ်တွင် ရောက်ရှိသည်။

ခမ်းနားထည်ဝါလှသော ဟောင်ကောင်လေဆိပ်သစ်ကြီးအတွင်း၌ ပြောင်းစီးရမည့်လေယာဉ်ကိုစောင့်ရင်း အချိန်များစွာရသည့်အတွက် ကမ္ဘာ့ဈေးအကြီးဆုံးသော လေဆိပ်အရောင်းဆိုင်များထဲ၌ တစ်ခုအပါအဝင်ဖြစ်သော ဟောင်ကောင်လေဆိပ်အရောင်းဆိုင်များကို တစ်ဆိုင်ချင်း ဝင်ထွက်ကြည့်ရှုဖြစ်သည်။ ရာနှင့်ချီသော ဟောင်ကောင်လေဆိပ်အရောင်းဆိုင်များ၌ ကမ္ဘာ့ကျော်အမှတ်တံဆိပ် ကုန်ပစ္စည်းများကိုသာ ခင်းကျင်းပြသရောင်းချကြပြီး ရောင်းချပြီးနောက်ပိုင်း အာမခံဝန်ဆောင်မှုကိုလည်း အပြည့်အဝ စီစဉ်ဆောင်ရွက်ပေးကြသည်။ အရောင်းဆိုင်ဝန်ထမ်းများအားလုံးသည် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာပြောဆိုနိုင်ကြပြီး မိမိတို့၏ရောင်းကုန်ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းပြနိုင်ကြသည်မှာ အတုယူဖွယ်ပင်ဖြစ်သည်။

ဟောင်ကောင်ကျွန်း၏ လက်ရှိအပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီးနှင့်နှိုင်းယှဉ်လျှင် ယခင်လေဆိပ်ဟောင်းကြီးမှာ များစွာသေးငယ်သွားပြီဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က အလုပ်ကိစ္စဖြင့် ဟောင်ကောင်သို့လာရောက်ခဲ့စဉ်က လေဆိပ်အဟောင်းကိုသာ အသုံးပြုခဲ့ရသည်ကိုလည်း အမှတ်ရနေမိသည်။ ဟောင်ကောင် လေဆိပ်သစ်ကြီး၏ ထူးခြားချက်များအနက် ချီးကျူးဖွယ်ကောင်းသောကိစ္စတစ်ရပ်ကို သတိပြုမိသည်။ Transit ခရီးသည်များ စောင့်ဆိုင်းရာနေရာများနှင့် Boarding Gate များအကြား အလယ်တည့်တည့် ရွေ့လျားစက်ခါးပတ်လျှောက်လမ်းများ၏ ဝဲယာ၌ တည်ဆောက်စီစဉ်ပေးထားသည့် သန့်စင်ခန်းများသည် လူပရိသတ်အများ၏အလယ်ကောင်၌ ရှိနေကြသော်လည်း အနံ့အသက်ထွက်ခြင်း၊ ရေယိုစိမ့်ခြင်း၊ ညစ်ပတ်ပေရေခြင်းများမရှိဘဲ အနံ့အသက်ကင်းကာ ခြောက်သွေ့သန့်ရှင်းနေကြခြင်းပင်ဖြစ်သည်။

ဟောင်ကောင်ဒေသစံတော်ချိန် ည ၁၀ နာရီ မိနစ် ၅၀ တွင် Dragon Airline မှလေယာဉ်ဖြင့် ဟောင်ကောင်မှ ထွက်ခွာခဲ့ရာ အမိမြေဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၁၆ ရက် နံနက် ၀း၃၀ နာရီတွင် ပြန်လည်ရောက်ရှိခဲ့သည်။ ဟောင်ကောင်မှ ရန်ကုန်သို့ ပျံသန်းလိုက်ပါသည့် ခရီးစဉ်အတွင်း ထူးခြားမှုတစ်ခုကြုံတွေ့ရသည်။ တရုတ်လူမျိုးတို့၏ ရိုးရာဓလေ့ဖြစ်သော လမုန့်စားပွဲတော်အထိမ်းအမှတ်အဖြစ် လေယာဉ်စီးခရီးသည်များကို အနံ့အရသာနှင့်ပြည့်စုံသော လမုန့်များဖြင့် သီးသန့်ကျွေးမွေးဧည့်ခံခြင်းပင်ဖြစ်သည်။ လေယာဉ် ပျံသန်းနေစဉ် ပုံမှန်ဧည့်ခံကျွေးမွေးနေကျဖြစ်သော စားသောက်ဖွယ်ရာများအပြင် လမုန့်များကိုပါ အထူးတလည်ဧည့်ခံကျွေးမွေးကြခြင်းဖြစ်၍ ကျေးဇူးတင်မိသည်။

ရှက်ဗလေအမှတ်တံဆိပ် မော်တော်ကားများကို နှစ်ခြိုက်ခုံမင်စွာ အသုံးပြုစီးနင်းနေကြသော ဖိလစ်ပိုင်ပြည်သူများကြောင့် အာဆီယံဒေသအတွင်း ဈေးကွက်ဝေစုတစ်ရပ်ကို ခိုင်ခိုင်မာမာရရှိထားခဲ့ပြီး ရှက်ဗလေ၏ အမာခံနယ်မြေဒေသတစ်ခုဖြစ်နေသည့် ဖိလစ်ပိုင်မြေပေါ်သို့လာရောက်ပါရန် အထူးတလည်ဖိတ်ကြားခံရမှုကြောင့် အလည်တစ်ခေါက်သွားခဲ့ရသော ဤခရီးစဉ်သည် နားချိန်နှင့် လည်ပတ်ချိန်မရှိဘဲ အချိန်နှင့်အမျှ အစီအစဉ်များက ကွက်တိအံကျဖြစ်နေခဲ့သည့်တိုင် ပင်ပန်းသည်ဟုမခံစားရသည်မှာ ၂၀၁၇ ခုနှစ်မော်ဒယ် Trailblazer SUV နှင့် Colorado Double Cab မော်တော်ကားများကို စမ်းသပ်မောင်းနှင်ရင်း ရှက်ဗလေ (Chevrolet)၏ အဆင့်မြင့်နည်းပညာများကို ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ခံစားခွင့်ရခဲ့သောကြောင့်ဟုဆိုရလျှင် မှားအံ့မထင်ပေ။ ။

## ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြော

**တောင်တွင်းကြီး ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဆူးကောက်ကြီးအုပ်စု ညောင်ပင်သာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို ဌာနဆိုင်ရာများပူးပေါင်း၍ ဒီဇင်ဘာ ၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်တိုင်းရင်းဆေးမှူး ဦးမင်းဇော်ဦး၊ မြို့နယ်ပြန်/ဆက် ဦးစီးဌာနမှ ဒေါ်သိန်းသိန်းတင့်၊ မြို့နယ် အား/ကာဦးစီးအရာရှိ ဦးထွန်းထွန်းဦးနှင့် မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးဆယ်မောင်တို့က တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း၊ တိုင်းရင်းဆေးများအကြောင်း၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ အားကစားကဏ္ဍတွင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းရေး၊ ဓာတုဆိုးဆေးများမပါဝင်သော အစားအစာများကိုသာ စားသုံးကြရန် စသည့်အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူလူနာများအား တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ဆေးကုသပေးခဲ့ကြရာ စုစုပေါင်းလူနာ ၈၈ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

(၀၈၅)

## မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ သက်ကြီးကန်တော့ပွဲကျင်းပ

**လက်ပံတန်း ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၌ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)က ထောက်ပံ့ပေးသောပညာသင်စရိတ်နှင့် တိုက်ပွဲတွင်စွန့်လွှတ်ခဲ့သော သက်ကြီး (၇၅ နှစ်)နှင့်အထက်စစ်မှုထမ်းဟောင်းများ၊ မသန်စွမ်းစစ်သည်များနှင့် အဖွဲ့ဝင် သားသမီးများ ပညာသင်စရိတ်ထောက်ပံ့ချီးမြှင့်ခြင်းအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းတိုင်းကြီးကြပ်ရေးမှူး ဒုတိယဗိုလ်မှူးကြီး ကျော်ညွှန့်(ငြိမ်း)က စစ်မှုထမ်းဟောင်းအဖွဲ့ ဖွဲ့စည်းပုံနှင့်ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)မှ (၇၅ နှစ်)နှင့်အထက် သက်ကြီးသုံးဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း၊ မသန်စွမ်းနှစ်ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှသက်ကြီး ၇၅ နှစ်နှင့်အထက် ၁၈ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှုန်း၊ မသန်စွမ်း ၁၇ ဦးအားတစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ နှုန်း၊ အဖွဲ့ဝင်ကျောင်းသားကျောင်းသူများအားမူလတန်းအဆင့် ၂၇ ဦး၊ အလယ်တန်းအဆင့် ၂၇ ဦး၊ အထက်တန်းအဆင့် ၁၁ ဦးနှင့် တက္ကသိုလ်အဆင့်တို့အား ထောက်ပံ့ချီးမြှင့်ခဲ့ ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

## သတင်းအချက်အလက်ရရှိပိုင်ခွင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၉**

ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများကွန်ရက်(3N)နှင့် ပြည်ကြီးခင်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည့် သတင်းအချက်အလက်များရရှိပိုင်ခွင့်(Right To Information-RTI)ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဇေယျာထက်စံဟိုတယ်၌ ဒီဇင်ဘာ ၇ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ကြီးခင်အဖွဲ့မှ ဒါရိုက်တာဒေါ်နွယ်ဇင်ဝင်းက အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ပြည်ကြီးခင်အဖွဲ့မှ ဦးသန့်လွင်ထူးက သတင်းအချက်အလက်များရရှိပိုင်ခွင့်ဆိုင်ရာ အယူအဆနှင့် သမိုင်းကြောင်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သတင်းအချက်အလက်များရရှိပိုင်ခွင့်ဆိုင်ရာ အကျိုးကျေးဇူးများ၊ ဥပဒေအတွက် အခြေခံမူများ၊ မြန်မာနိုင်ငံနှင့် သတင်းအချက်အလက်များရရှိပိုင်ခွင့်ဥပဒေပေါ်ထွက်ရေးဖြစ်စဉ် လက်ရှိအခြေအနေများအကြောင်းကို တက်ရောက်လာသူများက ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## မဲဇာချောင်းကူးတံတားတည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ပြီးစီးနေ



**အင်းတော် ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း ဝန်းသို-အင်းတော် ကားလမ်းပေါ်ရှိ မဲဇာချောင်းကူးတံတားကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက စတင်တည်ဆောက်ခဲ့ရာ ယခုအခါ တည်ဆောက်မှုရာခိုင်နှုန်း ပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပြီး မကြာမီလုပ်ငန်းများပြီးစီးမည်ဟု သိရသည်။

တံတားသည် အရှည်ပေ ၇၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီရှိပြီး ပေ ၁၀၀ အခန်း ခုနစ်ခန်းဖြင့် တည်ဆောက်ထားခြင်း ဖြစ်ကာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။ အဆိုပါတံတားကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ၏ ရန်ပုံငွေမှ ကျပ် ၂၀၁၅ ဒသမ ၀၃၆ သန်း အကုန်ကျခံ၍ တည်ဆောက်ခြင်းဖြစ်ကြောင်း တံတားတည်ဆောက်ရေးတာဝန်ခံ မြို့ပြအင်ဂျင်နီယာ ဦးအောင်ကြည်ထွန်းက ပြောသည်။

တံတားမှာ မဲဇာချောင်းကိုဖြတ်၍ သံလမ်းကူးတံတားကြီးနှင့်အပြိုင် တည်ဆောက်ထားခြင်းဖြစ်သဖြင့် ပြီးစီးသွားပါက အင်းတော်မြို့နယ်နှင့် ဝန်းသိုမြို့နယ်ကြား သွားလာရေးတွင် လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တံတားမရှိသဖြင့် ဒေသခံများအနေဖြင့် ချောင်းကိုဖြတ်ကူးရာတွင် စက်လှေများဖြင့်သာ ဖြတ်ကူးနေရကြောင်း သိရသည်။

(၀၆၉)

## မိခင်နှင့်ကလေးအသင်းပိုင်မူကြိုကျောင်းသို့ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့

**ဘားအံ ဒီဇင်ဘာ ၉**

ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကလေးအမှတ်(၁) ဘီလပ်မြေစက်ရုံ(တန်၉၀၀)ရှိ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများနှင့် သင်ထောက်ကူပစ္စည်းများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)မှ ဒီဇင်ဘာ ၇ ရက်က ကွင်းဆင်းထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဒေါက်တာနုနုသာနှင့်အဖွဲ့က ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်းနာယက ဒေါ်ခင်စန်းရီ၊ ဥက္ကဋ္ဌဒေါ်ဇာနီဝင်းတို့နှင့်အတူ အမှတ်(၁)ဘီလပ်မြေစက်ရုံ(တန်၉၀၀)မူလတန်းကြိုကျောင်းတွင် ကြည့်ရှုစစ်ဆေးပြီး မူကြိုကလေးငယ် ၇၁ ဦးနှင့် ဆရာမ လေးဦးတို့အတွက် ကျောင်းဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများနှင့် ငွေကျပ်တစ်သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ဗဟိုအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၆)ရပ်ကွက်ရှိ ပြည်နယ် မိခင်နှင့်ကလေးအသင်းပိုင် မေတ္တာစိမ့်စမ်းမူကြိုသို့လည်း သွားရောက်ကြည့်ရှုခဲ့ပြီး ကလေးငယ် ၅၆ ဦးနှင့် ဆရာမ သုံးဦးအတွက် ကျောင်းဝတ်စုံ၊ သင်ထောက်ကူပစ္စည်းများနှင့် ငွေကျပ်တစ်သိန်းကိုထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်းတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကရင်ပြည်နယ် မိခင်နှင့်ကလေးအသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါက်တာနုနုသာက အမှာစကားပြောကြားကာ ကရင်ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အသင်းများမှ အသင်းဝင်များက လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြဆွေးနွေးခဲ့ကြသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပုဏ္ဏားကျွန်းမြို့နယ်၌ ပထမအကြိမ်နည်းပညာ ဟောပြောပွဲကျင်းပ

**ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၉**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့မဟာဇေယျသိဒ္ဓိအဓိဋ္ဌာန် ပညာဒါန(အခမဲ့)ကွန်ပျူတာကျောင်း၏ သုံးနှစ်ပြည့်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ပထမအကြိမ် နည်းပညာဟောပြောပွဲကို အဆိုပါသင်တန်းကျောင်း၌ ဒီဇင်ဘာပထမပတ်အတွင်းက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် စစ်တွေနည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဒေါက်တာဇော်ထွန်းနှင့် သုတေသနမဟာဌာနမှ ဌာနမှူး ဦးသောင်းမြင့်ထွန်းတို့က ကွန်ပျူတာနည်းပညာဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့ကြသည်။ သင်တန်းတွင် ပုဏ္ဏားကျွန်းမြို့ပေါ်မှ ကွန်ပျူတာကျွမ်းကျင်သော လူငယ်များက စေတနာဆရာအဖြစ် စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိကာ သုံးနှစ်တာကာလအတွင်း ပုံမှန်သင်တန်း ၂၁ ကြိမ်နှင့် အထူးသင်တန်းငါးကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသားသင်တန်းသူ ၄၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို)**

## ဒွါရာဝတီမြို့မစျေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်



**သံတွဲ ဒီဇင်ဘာ ၉**

ရခိုင်ပြည်နယ် သံတွဲမြို့ ဒွါရာဝတီမြို့မစျေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကို ဒီဇင်ဘာ ၇ ရက်က ကျင်းပခဲ့ပြီး မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများကိုလည်း သံတွဲမြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။

ဟောပြောပွဲတွင် သံတွဲမြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးနေလင်းကျော်နှင့် မြို့နယ်မီးသတ်စခန်းမှူး ဦးမြင့်ဝေတို့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာများနှင့် မီးလောင်မှုဖြစ်ပွားလျှင် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဟောပြောဆွေးနွေးသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ် မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြခဲ့ပြီး ဈေးသူဈေးသားများကိုလည်း လက်တွေ့လေ့ကျင့်မှုများ ပြုလုပ်စေခဲ့သည်။ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်ရာသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်မောင်စိုးနှင့် သံတွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှဖော်ဇံတို့ လာရောက်ကြည့်ရှုအားပေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

## ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**ဆားလင်းကြီး ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းပြီး မြို့ပေါ်ရှိ သက်ကြီးဘိုးဘွားများအား အာဟာရဒါနကျွေးမွေးခြင်းနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို ဒီဇင်ဘာ ၇ ရက်က ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသာခန်းမ၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ဆေးကုသရာသို့ မလာရောက်နိုင်သော ဘိုးဘွားများနှင့် မသန်စွမ်းသူများကိုလည်း ဆန်၊ ဆီ၊ ဆေး၊ ဆားနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကာ ကျန်းမာရေးစောင့်ရှောက်မှုများ လိုက်လံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**



နဂါးကိုးကောင်
စိန်ရွှေရတနာဆိုင်



လသာဆိုင်ခွဲဖွင့်လှစ်ခြင်း အထိမ်းအမှတ်

Honda Fit ကား (၃)စီး ကံစမ်းမဲနှင့်အတူ၊ ချက်ချင်းနှိုက် ချက်ချင်းယူ ကံစမ်းမဲအစီအစဉ်၊ အထူးလက်ဆောင်အစီအစဉ်တို့ဖြင့်

"သုံးထပ်ကွမ်း ဂုပါအစီအစဉ်ကြီး" လာပါပြီ . .

အမှတ် (၅၀၅)၊ မဟာဗန္ဓုလလမ်း နှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၂၅၃၃၂၇ ၊ ၃၈၂၀၄၇

အမှတ်(၁၈)၊ Junction Square Shop House (အပြင်ဘက်တန်း)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၂၃၀၄၃၄၄ ၊ ၂၃၀၄၃၄၅

အမှတ် (၆၇၉)၊ မဟာဗန္ဓုလလမ်း (၁၉ လမ်းနှင့် လမ်း၂၀ကြား)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၅၄၅၄၄၄၉၆၊ ၀၉ ၄၅၄၅၄၄၄၉၇

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)

LCCI Level I+II & III စာရင်းကိုင် သင်တန်းများ
ခုံနံပါတ်ယူထားနိုင်ပြီ။ Dec - 17 (Sat) စမည်။

LCCI
(၂၅)နှစ်ကျော်အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။

အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎- 09 -776349905, 978578325, 01-371741, 240824

**ကွန်ဒိုတိုက်ခန်းရောင်းမည်**

စမ်းချောင်း၊ ခေမာလမ်း
The Residence
@khay Mar
BCC ကျပြီး ကားပါကင်ပါ။ 1550 sft
ဈေးညှိနှိုင်းရောင်းမည်။
ဖုန်း-၀၉-၅၀၇၄၆၁၀၊ ၀၉-၄၅၀၅၅၅၉၉၉

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉


**မွေးသက္ကရာဇ်အမှန်**

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဆိပ်ကလေးကျေးရွာနေ (ဘ)ဦးအောင်ငြိမ်း၏သမီး မစိမ်းမိုမို ၃/ကဆက(နိုင်)၀၅၉၃၁၅၏ မွေးသက္ကရာဇ်အမှန်မှာ (၁၈-၅-၁၉၈၉)ဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက်ဆုံးခြင်း** 

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် G/3621 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူးမြို့)**


**ဝန်ထမ်းအလိုရှိသည်**

ACTIVE Gym မှအောက်ပါဝန်ထမ်းများအလိုရှိပါသည်။
(၁) Trainers (နည်းပြများ)
(၂) Receptionist+Marketing
လိုအပ်သည့်အချက်အလက်များ–CVform,မှတ်ပုံတင်မိတ္တူ၊ သန်ခေါင်စာရင်းမိတ္တူ၊ရပ်ကွက်/ရဲစခန်းထောက်ခံချက်

ဆက်သွယ်လျှောက်ထားရန်–ACTIVE Gym
အမှတ်(၅၂၊၅၆)၊ (၁၀)လမ်းနှင့်ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်းနံပါတ်–၀၁–၂၃၀၀၇၁၃၊ ၂၃၀၀၇၁၄

စာရေးသူအနေနှင့် နားလည်ထားသည့်
အာဏာရှင်ဆိုသည်မှာ Dictator ကို ဆိုလိုခြင်းဖြစ်၏။
အဘယ်ကြောင့် အာဏာရှင်ဟု ခေါ်ခဲ့ကြသလဲ။
ကျောင်းသားခေါင်းဆောင်
**အာဏာရှင်လှရွှေ**
၏
ဘဝပုံရိပ်များ
ဒေါက်တာခင်လကျာ်
ဖြန့်ချိရေး – ငှန်ပွင့်စာအုပ်တိုက် – အမှတ် ၂၅၇(ပထမထပ်)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၀၉ ၅၀၄ ၃၁၆၄၊ ၀၉ ၅၀၉ ၈၆၀၆၊ ၀၉ ၇၉၉ ၃၁၁ ၀၉၉


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး ကုန်စိမ်း/ကုန်စုံဆိုင်ခန်းရုံအမှတ် (၂၉)ဆိုင်ခန်းအမှတ်(၁၃၈)အား ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက်နေ ဦးအောင်ဆန်း ၇/ပခန(နိုင်)၁၈၂၂၄၄ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ ဝဋ်လမ်း၊ အမှတ်(၈၇၇)နေ ဒေါ်သော်တာဆွေ ၉/ပမန(နိုင်)၁၇၈၂၃၈သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**






SAMSUNG
၂၀၁၆ ခုနှစ်၏
အရောင်းမြှင့် အထူးခြားဆုံး
Year End Mega Sales
(December 6 to 31)
“မည်သည့် Samsung Galaxy Phone (သို့) Tablet ဝယ်ယူသူတိုင်း အတွက်”
ကျပ် ၁၀,၀၀၀ မှ ကျပ် ၄၀,၀၀၀ အထိ လက်ငင်းငွေသား ကျေးဇူးတုန့်ပြန်မှု
ကျပ် ၂၀,၀၀၀ ကျော် မှ ကျပ် ၇၀,၀၀၀ ကျော် တန်ဖိုးရှိ အရည်အသွေးမြင့် လက်ဆောင်ဗူးများ
အကြီးမားဆုံး အခွင့်အရေးကို Samsung December Promotion မှာ မလွတ်တမ်းရယူလိုက်ပါ။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM

iMyanmarHouse.com မှ ကြီးမှူးကျင်းပမည့် စတုတ္ထအကြိမ်မြောက်

# မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေ အရောင်းပြပွဲကြီး

မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။

သိန်း ( ၁၀၀ ) အောက် တိုက်ခန်းများ မှစ၍ အသင့်နေထိုင်နိုင်ပြီဖြစ်သော နိုင်ငံတကာအဆင့်မီ ကွန်ဒိုများ ကို အထူးလျှော့ဈေးနှုန်းများ၊ (၁) နှစ်မှ (၁၀) နှစ်အထိ အရစ်ကျစနစ် များဖြင့် ဝယ်ယူနိုင်မည့်အခွင့်အရေး

ပညာရှင်များမှ အိမ်ခြံမြေနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်း ဟောပြောပေးမည်ဖြစ်ပါသည်။

Main Sponsors: Shine Construction, YOMA

Diamond Sponsors: RIVERFRONT GARDEN, POLO CLUB, M.K.T Construction Co., Ltd, STRONG SOURCE, NGC, GOLDEN CITY

Gold Sponsors: SECD, SPRING LINE, December Construction, THE LEAF Residence, PLATINUM, PATHEIN PLAZA

ပြပွဲသို့ တက်ရောက်လာသူများအား ကျပ်သိန်း ( ၅၀ ) တန်ဖိုးရှိ ဆုမဲပေါင်းများစွာ ကံစမ်းမဲဖောက်ပေးပါမည်။

နေ့ရက် - ၂၀၁၆ ဒီဇင်ဘာလ ၁၆ ရက်မှ ၁၈ ရက် (သောကြာ၊ စနေ၊ တနင်္ဂနွေ)

အချိန် - နံနက် ၉ နာရီ မှ ညနေ ၅ နာရီ

နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်။

ကြိုတင်စာရင်းပေးရန် www.imyanmarhouse.com/expo



intexpo MYANMAR

AN EXHIBITION OF INDIAN TEXTILES

# EXCLUSIVE INDIAN TEXTILE EXHIBITION

## အိန္ဒိယချည်မျှင်နှင့်အထည်ပြပွဲ




နေရာ - Park Royal Hotel (ရတနာခန်းမ)၊ အလံပြဘုရားလမ်း၊ ရန်ကုန်မြို့။

နေ့ရက် - ၁၁.၁၂.၂၀၁၆ မှ ၁၂.၁၂.၂၀၁၆

အချိန် - နံနက် ( ၉း၃၀ )နာရီ မှ ညနေ (၅း၃၀)နာရီ

ဝင်ကြေးအခမဲ့



- ပိုလီယက်စတာအထည်
- ချည်ထည်
- နိုင်လွန်
- ချည်တွဲပိုလီယက်စတာအထည်
- ဗီကိုပိုလီအထည်
- သိုးမွှေးပိုလီအထည်
- ပီဗီဝတ်စုံနှင့် ပီဗီရှပ်ထည်
- လီနင်ဝတ်စုံနှင့် လီနင်ရှပ်ထည်
- လက်ပန်းထိုးအထည်
- ပုံနှိပ်ထည်
- ဂျာကွာထည်
- ကြေးထည်
- အမျိုးသမီးဝတ်စုံပစ္စည်း
- ချည်မျှင်
- ပိုလီ/ဗီကိုနှင့် အခြားတွဲချည်မျှင်များ

srtepc 60 THE SYNTHETIC & RAYON TEXTILES EXPORT PROMOTION COUNCIL, INDIA



# လှိုင်မင်းလတ်

စာရင်းကိုင်သင်တန်း June Series / 2017

LCCI & Dip: IFR

| Level I+II | | သင်တန်းချိန် | စမည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 7-9 (am) | 24.Dec |
| Sec(B) | Sat+Sun | 9-11 (am) | 24.Dec |
| Sec(C) | Sun | 11-3 (pm) | 1.Jan |
| Sec(D) | Mon+Tue | 6-8 (pm) | 2.Jan |
| Sec(E) | Sat | 11-3 (pm) | 7.Jan |
| Sec(F) | Fri | 12-4 (pm) | 13.Jan |
| Sec(G) | Tue to Fri | 12-3(pm) | 16.Jan |

| Level III | | သင်တန်းချိန် | စမည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 3- 8 (pm) | 24.Dec |
| Sec(B) | Wed to Sun | 6- 8 (pm) | 5.Jan |
| Sec(C) | Tue to Fri | 8-12 (am) | 10.Jan |

Dec / Jan တန်းခွဲသစ်မေးမြန်း နှံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ။

Ph: 09 510 9922

အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်။ လှည်းတန်းမှတ်တိုင်အနီး၊ ရန်ကုန်



တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ်များလိုသူများ အတွက်

# ဂုဏ်ထူး-ဦးအောင်ဒိုင်

2017 English Question 5 Sets

၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ

၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919



# Myanmar Noble College

edexcel Approved Centre No.93711

UK နိုင်ငံ Edexcel ပညာရေးအဖွဲ့မှ တိုက်ရိုက်ချီးမြှင့်မည့် Higher National Diploma (HND) တန်းခွဲကို တက်ရောက်ရန်အတွက် Myanmar Noble College တွင် Foundation Course ကို January Intake တွင်ဖွင့်လှစ်ပါမည်။

Higher National Diploma Courses
- Engineering (Civil / Mechanical / Electrical & Electronics)
- Business
- Computing (IT)




တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ထူးချွန်စွာအောင်မြင်သော ကျောင်းသား/ကျောင်းသူများအတွက် Scholarship အစီအစဉ်
- တစ်ဘာသာဂုဏ်ထူးရှင် (၁) သိန်း၊
- နှစ်ဘာသာဂုဏ်ထူးရှင် (၂) သိန်း၊
- သုံးဘာသာဂုဏ်ထူးရှင် (၄) သိန်း၊
- လေးဘာသာဂုဏ်ထူးရှင် (၈) သိန်း၊
- ငါးဘာသာဂုဏ်ထူးရှင် (၁၀) သိန်း၊
- ခြောက်ဘာသာဂုဏ်ထူးရှင် (၁၅) သိန်း၊

IGCSE စာမေးပွဲတွင် A* တစ်ဘာသာလျှင် (၃) သိန်း၊ A တစ်ဘာသာလျှင် (၂)သိန်း၊ Scholarship ချီးမြှင့်မည် ဖြစ်ပါသည်။

>> Foundation Course

လိုအပ်သောအရည်အချင်း ● အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ ● GCE 'O' Level, IGCSE နှင့် LCCI Level "3" အောင်မြင်ပြီးသူများ

No.6(A), Kyoe Sett Yone Street, (B) Quarter, Thuwunna, Thingankyun Tsp, Ygn.

01-2331257 / 01-2331276 / 01-2331264 / 09-780639577



✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ

✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ

✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ

✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ

✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဓက(ဓာနယ်ဝင်း) ၀၁၇/၀၃၁၅

# ဖျံ-၅-ကောင်

အမှတ်တံဆိပ်

သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး

တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၉၈၄


**ဖခင် အမည်မှန်**

သာစည်မြို့နယ်၊ အထက မယ်ဇလီကန်၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ကျော်လွင်ထွန်း၊ ပဉ္စမတန်း(D)မှ မောင်စိုင်းတင့်နိုင်ထွန်းဝင်း တို့၏ ဖခင်အမည်မှန်မှာ ဦးရဲမင်းထွန်း ၆/ထဝန(နိုင်)၁၂၈၇၉၁ ဖြစ်ပါကြောင်း။

ဦးရဲမင်းထွန်း

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မိတ္ထီလာမြို့၊ အောင်ဆန်းမြို့သစ် ၂ နေ ဦးဝင်းမောင်၏ သမီးဖြစ်သူ ဒေါ်ခင်တုတ်(ခ)ဒေါ်တုတ် ၉/မထလ(နိုင်) ၀၃၀၄၆၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ခင်တုတ်(ခ)ဒေါ်တုတ်

**ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၁ဃ/၇၂၈၃ Sumbo X 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ မြောက်ဦးမြို့၊ တောင်ရပ်ရပ်ကွက်နေ ဦးခင်မောင်လေး ၁၁/မဥန(နိုင်)၀၀၆၂၁၁ မှ (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန (ပြည်နယ်ရုံး)၊ စစ်တွေ

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၁၂-၂၀၁၆ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၅-၁၂-၂၀၁၆ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး ကုန်စိမ်း/ကုန်စုံဆိုင်ခန်း ရုံအမှတ်(၂၇)၊ ဆိုင်ခန်းအမှတ်(၀၆၄)အား ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ရွာဦးလမ်း၊ အိမ်အမှတ် ၂၁ နေ ဒေါ်ခင်တုတ် (DKU-၀၀၃၂၆၅)အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင် ရပ်ကွက်၊ သစ်ခွ(၃)လမ်း၊ အိမ်အမှတ် (၁၅၀၄)နေ ဒေါ်မိုးမိုး ၉/ငဇန(နိုင်)၀၉၂၃၈၃သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင် ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး ကုန်စိမ်း/ကုန်စုံဆိုင်ခန်း ရုံအမှတ်(၁၉)၊ ဆိုင်ခန်းအမှတ်(၂၁၈)အား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်း ကျေးရွာ၊ အိမ်အမှတ် ၁၇၆ နေ ဒေါ်မေသူဟန် ၉/ဝတန(နိုင်)၁၃၈၁၈၄ အမည် ပေါက်ပိုင်ဆိုင်ပြီး ဝမ်းတွင်းမြို့၊ အင်ကန်းကြီးကျေးရွာနေ ဒေါ်သန်းဆုဝေ ၉/ဝတန (နိုင်)၁၃၅၁၉၄ သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
### ၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၁၈

ဦးအောင်တင်ညွန့် **နှင့်** ဒေါ်စောရီ
**တရားလို** **တရားပြိုင်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၆၉)၊ ၁၅၆လမ်း၊ တာမွေကြီး (က+ဂ) ရပ်ကွက် ဒေါ်စောရီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးအောင်တင်ညွန့်က ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂၁ရက် (၁၃၇၈ခုနှစ် နတ်တော်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက် ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချယ်ရီခင်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### အင်းစိန်မြို့နယ်တရားရုံးတော်၌
### ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၄၆ နှင့်ဆက်နွှယ်သည့်
### ၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၅၄

ဒေါ်မြမြသန်း **နှင့်** ဒေါ်ဇေသီ
**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက် ရပ်ကွက်၊ မမဦးလမ်း၊ အမှတ် ၄၇၆/၅၄၃ နေ တရားရှုံး ဒေါ်ဇေသီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၄၆တွင် ရရှိသည့် ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်မြမြသန်းက လျှောက်ထား သည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့် ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ သင်၏အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁၆ရက် (၁၃၇၈ခုနှစ် နတ်တော်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညီညီထွန်း)**
**မြို့နယ်တရားသူကြီး**
**အင်းစိန်မြို့နယ်တရားရုံး**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၅/၂၀၁၆)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါ ခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) **စက်နှင့်စက်အရန်ပစ္စည်းများ-** Air Conditioner (Brand New) (2) Items, Variable Frequency Drive (1)No, Level Transmitter (2) Nos, High Energy Ignition Unit with Igniter (1) Set.

(ခ) **စက်ဆီချောဆီ-** Ultra Coolant Oil (520)Liters,

၂။ Retender ပြန်လည်ခေါ်ယူသော Air Conditioner တင်ဒါအတွက်
**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၁၂-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၁၂-၂၀၁၆ ရက် ၁၂:၀၀ နာရီ

၃။ ကျန်တင်ဒါများအတွက်
**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၁၂-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၈-၁-၂၀၁၇ ရက် ၁၂:၀၀ နာရီ

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် ၄၄၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၂၃**

## မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(ရုံးချုပ်)
## ကျွမ်းကျင်အဆင့်(၄) ရာထူးနေရာ၊ အလုပ်လျှောက်လွှာ ခေါ်ယူခြင်းစာမေးပွဲ ဖြေဆိုမည့်နေ့ရက် ကြော်ငြာချက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တန်း ကျွမ်းကျင်အဆင့်(၄) ရာထူး (၂၂)နေရာကို ၁၅-၁၀-၂၀၁၆ရက်စွဲဖြင့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ တွင် အလုပ်လျှောက်လွှာခေါ်ယူခဲ့ပါသည်။ လျှောက်ထားလာသည့် လျှောက်လွှာ များအနက် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် လျှောက်ထားသူများကို အောက်ပါ အတိုင်း ရေး/ဖြေစာမေးပွဲကျင်းပခြင်း၊ လူတွေ့စစ်ဆေးခြင်း၊ အလုပ်ခန့်ထားခြင်း များ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည့်ရက်** - ၂၂-၁၂-၂၀၁၆ ရက်မှ ၂၃-၁၂-၂၀၁၆ ရက်
**စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည့်နေရာ** - ရုံးအမှတ်(၄၄)၊ နေပြည်တော်
**စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည့်အချိန်** - နံနက် ၁၀:၀၀ နာရီမှ ညနေ ၄:၀၀ နာရီထိ

(ခ) **ရေး/ဖြေစာမေးပွဲ ကျင်းပမည့်ရက်** - ၂၄-၁၂-၂၀၁၆ ရက် (စနေနေ့)
**ရေး/ဖြေစာမေးပွဲ ကျင်းပမည့်နေရာ** - အထက(၇)၊ နေပြည်တော်
**ရေး/ဖြေစာမေးပွဲ ကျင်းပမည့်အချိန်** - နံနက် ၈:၀၀ နာရီမှ နံနက် ၁၀:၀၀ နာရီထိ (မြန်မာစာ)
- နံနက် ၁၁:၀၀ နာရီမှ မွန်းလွဲ ၁:၀၀ နာရီထိ (အင်္ဂလိပ်စာ)
- မွန်းလွဲ ၂:၀၀နာရီမှ ညနေ ၄:၀၀နာရီထိ (အထွေထွေဗဟုသုတ)

(ဂ) **လူတွေ့ဖြေဆိုခွင့်ရရှိသည့် အမည်စာရင်း ကြော်ငြာမည့်ရက်/နေရာ** - ၃-၁-၂၀၁၇
- ရုံးအမှတ်(၄၄)၊ နေပြည်တော်

(ဃ) **လူတွေ့ဝင်ရောက်ဖြေဆိုရန် သတင်းပို့ရမည့်ရက်** - ၆-၁-၂၀၁၇
**လူတွေ့စစ်ဆေးမည့်ရက်** - ၇-၁-၂၀၁၇

(င) **ကျွမ်းကျင်အဆင့်(၄)ရာထူး (၂၂)နေရာအတွက်ရွေးချယ် ခံရသည့်အမည်စာရင်းကြော်ငြာမည့်ရက်** - ၁၁-၁-၂၀၁၇

၂။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို နိုင်ငံသားစိစစ်ရေးကတ်ယူဆောင်လာ လျက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(ရုံးချုပ်) နေပြည်တော်သို့ လူ ကိုယ်တိုင်လာရောက်ထုတ်ယူကြရန်နှင့် သတ်မှတ်အရည်အချင်းမကိုက်ညီသူ များ/ဖြေဆိုခွင့်ကတ်ပြား လာရောက်ထုတ်ယူခြင်းမရှိသူများကို ရေးဖြေစာမေးပွဲ သို့ ဝင်ရောက်ဖြေဆိုခွင့်၊ ခွင့်ပြုမည်မဟုတ်ပါ။ (စာမေးပွဲဖြေဆိုခန်းအတွင်းသို့ ဖုန်းများ ယူဆောင်လာခြင်းမပြုကြရန်။)

၃။ အသေးစိတ်သိရှိလိုပါက www.moep.gov.mm နှင့် www.energy.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုကြပါရန်နှင့် ညွှန်ကြားရေးမှူး (အထွေထွေစီမံ ခန့်ခွဲရေး) ရုံးအမှတ်(၄၄)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၃၃၈၊ ၀၆၇-၄၁၁၃၃၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရွှေပြည်သာမြို့နယ်တရားရုံး
### ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၉

ဒေါ်ကြည်ကြည်ဟန် **နှင့်** ၁။ ဦးရဲမြင့်၊ ၂။ ဦးစံမောင်
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၆/၁၄)ရပ်ကွက်၊ ဘားအံ့ ပန်းခြံလမ်းသွယ်(၄)၊ အမှတ် ၂၃၅/ခ နေ (၁) တရားပြိုင် ဦးရဲမြင့် (ယခု နေရပ်လိပ်စာမသိသူ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန် စိုက်ပျိုးရေးရပ်ကွက်၊ အမှတ် ၁၈ နေ (၂) တရားပြိုင် ဦးစံမောင် (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်စာချုပ်အတိုင်း မြေနှင့်အိမ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စား လှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂၇ရက် (၁၃၇၈ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့် မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဒီဇင်ဘာ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအိခိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)အနေဖြင့် အောက်ပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| 1. | 6(Q)Survey Equipments/ Local Purchase/IRR/2016-2017 | Survey Equipments | 1Lot | Myanmar Kyat |
| 2. | 7(Q)Laboratory Equipments/ Local Purchase/IRR/2016-2017 | Laboratory Equipments | 1Lot | Myanmar Kyat |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊**
**ရုံးအမှတ် ၄၃၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၆**

HOSPITALITY AND CATERING TRAINING ACADEMY

## ဝန်ထမ်း အမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဖွင့်လှစ်သင်ကြားလျက်ရှိသော Hospitality and Catering Training Academy (HCTA) သင်တန်းကျောင်းတွင် သင်ကြားရေးပိုင်းအတွက် အောက်ဖော်ပြပါ ဆရာ ဆရာမရာထူးများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားနိုင်ပါသည်။

၁။ Food and Beverage Department (Male/Female) (1) Post
၂။ Culinary Arts Department (Male/Female) (2) Posts
၃။ Pastry and Bakery Department (Male/Female) (1) Post

**လျှောက်ထားလိုသူများသည်**

(၁) မိမိတို့ဘာသာရပ်အလိုက် ဟိုတယ်လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ် ရှိရမည်ဖြစ်ပြီး ဦးဆောင်နိုင်သူဖြစ်ရပါမည်။
(၂) English ဘာသာစကား ကျွမ်းကျင်စွာ ရေးနိုင် ပြောနိုင်ရမည်။
(၃) စာသင်ကြားမှု အတွေ့အကြုံရှိရမည်ဖြစ်ပြီး သင်ကြားရေးကို စိတ်ပါဝင်စားသူ၊ ကျောင်းသား ကျောင်းသူများကို စည်းကမ်းတကျထိန်းသိမ်းညွှန်ကြားနိုင်သူ ဖြစ်ရပါမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ (၆)လအတွင်းရိုက်ထားသော ဓာတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်းထောက်ခံချက်မိတ္တူ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ အောက်ပါ လိပ်စာများသို့ လျှောက်ထားနိုင်ပါသည်။

(၁) ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရုံးချုပ်
အခန်း(၀၀၄)၊ အင်းလျားလိပ်ဟိုတယ်၊ အမှတ် ၃၇၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၂၅၄၃၈၉၉၅၉
(၂) HCTA
အမှတ်(၆၁)၊ မကျီးကန်ကျေးရွာ၊ ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၂၅၁၀၃၄၅၆၆၊ ၀၉-၂၅၀၈၀၇၀၅၅

**တစ်သက်မမေ့နိုင်ဖွယ်အမှတ်တရနေ့ရက်လေးများကို အတူတကွဖန်တီးနိုင်ဖို့ Sincere Smile က အပြုံးများနဲ့ကြိုဆိုလျက်ပါ ခရီးစဉ်တိုင်းမှာ feedback ကောင်းတွေအမြဲရတဲ့ Sincere Smile ရဲ့ ဒီဇင်ဘာလအတွင်း ထွက်မယ့်ခရီးစဉ်များ**

၁။ ရန်ကုန်-ပုဂံ-နတ်မတောင်-မိတ္ထီလာ-ရန်ကုန်
(ပုဂံဘုရားစုံ၊ ကန်ပက်လက်မြို့ဟောင်း၊ ချင်းရွာများရှိ နှာခေါင်းနှင့် ပုလွေမှုတ်အနုပညာ၊ ပါးရဲထိုးထားသော ချင်းတိုင်းရင်းသူများ၊ ဝိတိုရိယတောင်၊ မိတ္ထီလာရေလယ်ဘုရား၊ ဖောင်တော်ဦးဘုရား)
(၁၆-၁၂-၁၆ ညထွက် ၂၀-၁၂-၁၆ မနက်ပြန်ရောက်)
(၂၃-၁၂-၁၆ ညထွက် ၂၇-၁၂-၁၆ မနက်ပြန်ရောက်)
(၂၉-၁၂-၁၆ ညထွက် ၂-၁-၁၇ မနက်ပြန်ရောက်)

၂။ ရန်ကုန်-ရွှေငံ-ပင်းတယ-ကလော-ရန်ကုန်
(မြသပိတ်ရေပြာအိုင်၊ မိန်းမရဲသခင်မတောင်၊ ရွှေပွင့်လင်းဘုရား၊ ပင်းတယလိုဏ်ဂူနှင့် ရွှေဥမင်ဘုရား၊ ကလောနီးဘုရား၊ မြင်းမထိဂူ)
(၁၆-၁၂-၁၆ ညထွက် ၁၉-၁၂-၁၆ မနက်ပြန်ရောက်)
(၂၃-၁၂-၁၆ ညထွက် ၂၆-၁၂-၁၆ မနက်ပြန်ရောက်)
(၃၀-၁၂-၁၆ ညထွက် ၂-၁-၁၇ မနက်ပြန်ရောက်)

၃။ ရန်ကုန်-လှိုင်ကော်-ပင်လောင်း-ရန်ကုန်
(လိန်းလီကြိုးတံတား၊ လောပိတရေတံခွန်၊ ထီးစဲခါးရေတံခွန်၊ ထီးပွင့်ကန်၊ တောင်ကွဲစေတီ၊ ပဒေါင်ရွာ၊ ကြတ်ဂူ၊ ငွေတောင်ဆည်)
(၂၄-၁၂-၁၆ မနက်ထွက် ၂၇-၁၂-၁၆ ညပြန်ရောက်)
(၂၉-၁၂-၁၆ မနက်ထွက် ၁-၁-၁၇ ညပြန်ရောက်)

ခရီးစဉ်တိုင်းကို အနည်းဆုံး ၁၀ ယောက်ပြည့်လျှင် စထွက်ပါမည်။ သီးသန့်သွားချင်သူများအတွက် အနည်းဆုံး နှစ်ယောက်မှစပြီး စီစဉ်ပေးပါသည်။ ကုမ္ပဏီအဖွဲ့များ၊ ကျောင်းသားအဖွဲ့များ၊ မိသားစုအဖွဲ့များစသည်ဖြင့်အဖွဲ့လိုက်သီးသန့်ခရီးစဉ်များကို မိမိတို့သွားလိုသည့်ရက်အတိုင်း စီစဉ်ပေးပါသည်။ ဈေးနှုန်း၊ ခရီးစဉ်အသေးစိတ်နှင့် အခြားသိရှိလိုသည်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ကြိုတင်လက်မှတ်များစတင် ဝယ်ယူနိုင်ပါပြီ ၂-၁၂-၁၆ မှ ၁၂-၁၂-၁၆ရက်အတွင်း လက်မှတ်ဝယ်ယူသူများအတွက် တစ်စောင် ဝယ်လျှင် နောက်ထပ်တစ်စောင်အတွက် (20%) discount ရရှိပါမည်။ အဖွဲ့လိုက်သွားလိုသူများအတွက် (၁၁)ယောက်ပြည့်လျှင် တစ်ယောက် Free ရရှိပါမည်။ **အမှတ်(၆၅/A)၊ မင်းနန္ဒာလမ်းမကြီး၊ သာကေတ။ Capital Hypermarket မျက်စောင်းထိုး။**
**ဖုန်း-၀၁-၉၁၉၀၅၂၇ Hot Line -၀၉-၉၇၅၄၈၉၇၅၂၊ ၀၉-၇၉၉၅၇၄၁၄၃၊ ၀၉-၉၇၄၅၀၆၅၉၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး ကုန်စိမ်း/ကုန်စုံဆိုင်ခန်း ရုံအမှတ်(၂၀)၊ ဆိုင်ခန်းအမှတ်(၂၃၂၊ ၂၃၃)အား မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်နေ ဒေါ်သန်းသန်းဝင်း ၉/သစန(နိုင်)၁၀၆၁၅၆ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ နယ်မြေ(၆)နေ ဒေါ်ထက်ထက်ကျော် ၉/ပမန(နိုင်)၁၆၀၂၀၀ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်း ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်/ ဦးပိုင်အမှတ်(၁၁၇၆၊ ၁၁၇၇၊ ၁၂၁၆)၊ ဧရိယာ ၀.၁၁၃ ၁၆၅၈ကေရှိ ဒေါ်စန္ဒာဝင်း အမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်စန္ဒာဝင်း ၁၂/တမန(နိုင်)၀၆၆၀၄၅ (ဘ) ဦးကြူစင်(ခ)ကြူစိန်မှ မြေငှားစာချုပ်မူရင်း၊ မှတ်ပုံတင်မူရင်း၊ အိမ်ထောင်စုစာရင်း မူရင်းများတင်ပြ၍ မေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ရွှေဆိုတာ မရှိမဖြစ်တာ၊ရှိတန်ဆာ.................

စိန်ရွှေရတနာဆိုင်

မှာ ရွှေဝယ်ရင်း လက်ဆောင်ပစ္စည်းများ ရယူကြပါစို့။




ဆိုင်ဖွင့်ချိန် (9:00 မှ 6:30 အထိ)

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆



## အော်ဂဲနစ်ခေတ်သစ်တစ်ခုဆီသို့ အရောက်လှမ်းနိုင်ဖို့အတွက်

- အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်များ
- သဘာဝမြေဩဇာပြုလုပ်နည်းများ
- အပင်ဖျက်ပိုးများမလာအောင် ကာကွယ်နည်းနှင့် နှိမ်နင်းရန်နည်းလမ်းများ
- အော်ဂဲနစ်အစားအစာများ၏ ကျန်းမာရေးအကျိုးကျေးဇူးများ

စသည့် အကြောင်းအရာများကို စုံလင်စွာ ရေးသားဖော်ပြထားသော . . .



**အော်ဂဲနစ်စိုက်ပျိုးရေး၊ အော်ဂဲနစ်အစားအစာများနှင့် ကျန်းမာရေး**

(ဒုတိယအကြိမ်)

ဒေါက်တာခင်မောင်လွင် (FAME)

အမှတ်(၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့၊ ရန်ကုန်။ Ph: 01-682199, 685083, 685609
Fax: 95-1-680122, E-mail: marketing@famepharma.com, FAME Pharmaceuticals



ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

23 မဆလာ (အင်းဆက်အမွှေးအကြိုင်)

အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၃၀၀၅၆၃၈၊ ၀၉၀၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆


**တစ်ဦးတည်းဖြစ်ပါကြောင်း**

လားရှိုးမြို့၊ရပ်ကွက်(၁၂)နယ်မြေ ၅နေ (ဘ)ဦးအောင်သန်း၏သား ၉/ပကခ(နိုင်)၀၁၅၃၁၆ ကိုင်ဆောင်သူ ပြည့်ဖြိုးပိုင်စိုးနှင့် ပိုင်စိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။


ကွန်ကရစ် အုတ်ကြိုတ်စက်

ခေတ်မီမြေအုတ်ရိုက်စက် ရပြီ

09 4200 35882
09 4200 35884

(၆၀၄)အင်းလေး(၁)လမ်းဆုံ(၂)တောင်ဒဂုံ



ချာချီးယား ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

09-450026077
09-510 1862



ဒိုးလေး

အိမ်ပြောင်း/အိမ်ရွှေ့

မြို့တွင်း/နယ်ဝေး

09 425308777,09 960154777



သက်ရှည်ကျန်းမာကေဘ္ဘာဆေးလုံး

သွေးတိုး၊ နလုံး၊ လေငန်း၊ ဆီးချိုကြိုတင်ကာကွယ်ဆေး

အမှတ် - ၂၈၊ မြောက်ဖက်တန်း(အပေါ်ထပ်)ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့၊ဖုန်း - ၅၄၉၁၁၆

0311VR003534


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ် (၁၉၆၇)မြေကွက်အတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဒေါ်အမာဘီ(ဘ)ဦးစိန်မောင် ၉/ပမန(နိုင်)၀၁၇၆၂၂(ကိုယ်စား) ဒေါ်သီသီထွန်းမှ ဝန်ခံကတိပြုချက်၊ မြေချစလစ်မှုရင်း၊ ၄င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေသုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များ တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၁၁၆၅)၊ ဧရိယာ ၀ဒသမ၁၄၆ဧကရှိ ဦးမြင့်စိုး အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၅၁/၁၁-၁၂-၂၀၁၄ဖြင့် မြေကွက်အမည်ပေါက် ဦးမြင့်စိုးမှကိုယ်စားလှယ်လွှဲအပ်ခြင်းခံထားရသူ ဦးနေမျိုးမောင် ၉/မနမ(နိုင်)၀၄၁၂၇၉ (ဘ)ဦးမြမောင်မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/6871 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရှာသာကြီး)


ပြည်သူ့အတွက် SKYNET SN-3+HD 120+ PACKAGE CHANNEL

| | | |
|---|---|---|
| ၁ လစာသက်တမ်း ဝယ်ယူလျှင် | တစ်လလျှင် မူလဈေးနှုန်း ~~၂၅၀၀၀ကျပ်~~ | တစ်လလျှင် ဈေးနှုန်းအသစ် ၁၈၀၀၀ ကျပ် |
| ၃ လစာသက်တမ်း ဝယ်ယူလျှင် | တစ်လလျှင် မူလဈေးနှုန်း ~~၂၄၉၀၀ကျပ်~~ | တစ်လလျှင် ဈေးနှုန်းအသစ် ၁၇၀၀၀ ကျပ် |
| ၆ လစာသက်တမ်း ဝယ်ယူလျှင် | တစ်လလျှင် မူလဈေးနှုန်း ~~၂၃၅၀၀ကျပ်~~ | တစ်လလျှင် ဈေးနှုန်းအသစ် ၁၆၀၀၀ ကျပ် |
| ၁၂ လစာသက်တမ်း ဝယ်ယူလျှင် | တစ်လလျှင် မူလဈေးနှုန်း ~~၂၂၀၀၀ကျပ်~~ | တစ်လလျှင် ဈေးနှုန်းအသစ် ၁၄၅၀၀ ကျပ် |

Hotline-09-261115103~107, 09-261118901~902, www.facebook.com/skynetdthofficial

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်ကို မဟုတ်မမှန် ဖြည့်စွက်ရေးသားထားသော ဗီဒီယိုကို ကိုးကား၍ သတင်းများဖော်ပြခဲ့သည့် The Independent သတင်းစာကို ထိုက်သင့်သလို တုံ့ပြန်မည်

**နေပြည်တော် ဒီဇင်ဘာ ၉**

မဟုတ်မမှန်သတင်းမှားများကိုအခြေခံ၍ မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေးဆိုင်ရာစွပ်စွဲမှုများ ပြုလုပ်နေချိန်တွင် နိုင်ငံတကာသတင်းဌာနအချို့က မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ဖော်ပြလျက်ရှိကြောင်း၊ The Independent သတင်းစာ၏ Online စာမျက်နှာဖြစ်သည့် http://theindependent.sg တွင် ဒီဇင်ဘာ ၅ ရက်က Aung San Suu Kyi laughs out loud at Rohingya genocide allegations while in Singapore ခေါင်းစဉ်ဖြင့် သတင်းဖော်ပြခဲ့သည့်အတွက် မြန်မာနိုင်ငံအစိုးရ တာဝန်ရှိသူများအနေဖြင့် The Independent သတင်းစာ၏ သတင်းမှားဖော်ပြခဲ့ခြင်းနှင့်ပတ်သက်၍ ဥပဒေကြောင်းအရလည်းကောင်း၊ စာနယ်ဇင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း ထိုက်သင့်သည့်တုံ့ပြန်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ◆

**မဟုတ်မမှန် သတင်းမှားများကိုအခြေခံ၍ မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေးဆိုင်ရာ စွပ်စွဲမှုများ ပြုလုပ်နေချိန်တွင် နိုင်ငံတကာသတင်းဌာနအချို့က မြန်မာနိုင်ငံနှင့် ပတ်သက်သည့် သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိဖော်ပြလျက်ရှိ**



မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ဌာနေငှက်နှင့် ဆောင်းခိုငှက်များကို ဤသို့ တွေ့မြင်ရစဉ်

## မိုးယွန်းကြီးအင်းဘေးမဲ့တောကို ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းရန်လို

**သတင်းနှင့်ဓာတ်ပုံ - ပိန်းဇလုပ်သိန်းညွန့်**

**ပဲခူး ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံ၏ရေဝပ်ဒေသ Ramsar Site အဖြစ် ပထမဦးဆုံးသတ်မှတ်ခဲ့သည့် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်း ဒီဇင်ဘာ ၇ ရက်က မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ တောအုပ်ကြီး ဒေါ်နီလာပွင့်က မြန်မာ့အလင်းသို့ ပြောကြားသည်။

မိုးယွန်းကြီးအင်းသည် ၁၈၇၈ ခုနှစ်က ပဲခူးစစ်တောင်းတူးမြောင်းအတွင်း နွေရာသီ သစ်ဖောင်မျှောရန်အတွက် မိုးယွန်းကြီး ရေလှောင်တမံအဖြစ် တည်ဆောက်ခဲ့ပြီး နှစ်ကာလ ကြာမြင့်လာသည်နှင့်အမျှ သဘာဝအင်းအဖြစ် ပြောင်းလဲတည်ရှိလာခဲ့သော အင်းတစ်ခုဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါဘေးမဲ့တောကို ပြည်တွင်းရေပျော်ငှက်များနှင့် ရာသီအလိုက် ရွှေ့ပြောင်းကျက်စားသော ဆောင်းခိုငှက်များ၏ နေရင်းဒေသကို ထိန်းသိမ်းကာကွယ်ရန်လည်းကောင်း၊ ရာသီအလိုက် ရွှေ့ပြောင်းငှက်များ ဌာနေရေပျော်ငှက်များနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်းကောင်း၊ ရေဝပ်ဒေသထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ပြည်သူလူထုပါဝင်ရေးနှင့် ရေဝပ်ဂေဟစနစ်၏ အရေးကြီးမှုနှင့်ပတ်သက်၍ ပြည်သူလူထုကို

*စာမျက်နှာ ၅ ကော်လံ ၁* ✻

## ဆိုင်ကလုန်းမုန်တိုင်းအခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၉**

ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီခွဲ တိုင်းထွာချက်များ အရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဗာဒတ်ရ်" (VARDAH) သည် မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဗိဇာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၅၅၀ ခန့်၊ မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၆၀၀ ခန့်၊ ပို့ဘလဲယားမြို့၏ အနောက်-အနောက်မြောက်ဘက် မိုင် ၁၃၀ ခန့်နှင့် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင် ၂၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ●

**၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းကြေညာ** *စာ - ၃*

**မောင်တောဒေသ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ** *စာ - ၈*

**ထူးခြားလှပသည့် ဒိုင်နိုဆောတစ်ကောင်၏ အမြီးကို မြန်မာ့ပယင်းအတွင်း၌ တွေ့ရှိ** *စာ - ၁၀*

